mgyoe.com
SAMPLE BOOK

# ချစ်သူများကို အသုံးစီရင်ခြင်း

(စာပေသုတေသန၊ စာပေသဘောတရား နည်းနာ၊ စာပေရေးရာ)

မောင်ခင်မင်
(ဓနုဖြူ)



2010.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်သူများကို အဆုံးစီရင်ခြင်း

(စာပေသုတေသန၊ စာပေသဘောတရား နည်းနာ၊ စာပေရေးရာ)

## မောင်ခင်မင်
(ဓနုဖြူ)

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၁၁၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၅၆၃၀၆၁၀

ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၀ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - Sky ပုံနှိပ်တိုက်
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံးဒီဇိုင်း - ကျော်မင်းမောင်

တန်ဖိုး - ၆၀၀၀ ကျပ်

၈၀၈.၈၄

မောင်ခင်မင်/ဓနုဖြူ

ချစ်သူများကို အဆုံးစီရင်ခြင်း (စာပေသုတေသန၊ စာပေသဘောတရားနည်းနာ၊ စာပေရေးရာ) / မောင်ခင်မင်(ဓနုဖြူ)။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်။
စာမျက်နှာ-၄၂၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) ချစ်သူများကို အဆုံးစီရင်ခြင်း (စာပေသုတေသန၊ စာပေသဘောတရား နည်းနာ၊ စာပေရေးရာ)


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

စာရေးသူ၏ အမှာ ၉

စာပေသုတေသန

၁။ ချစ်သူများကို အဆုံးစီရင်ခြင်း ၁၃
၂။ သူတည်းတစ်ယောက် လက်ာကို တစ်ကြိမ် ပြန်ကြည့်ခြင်း ၂၁
၃။ ရွှေဘုံနိဒါန်းကို ဦးစ မရေးကြောင်း ၃၂
၄။ မြဝတီဦးစနှင့် ထူးမခြားနား ၃၇
၅။ ဦးသြဘာသ၏ ဝတ္ထုဂုဏ်ရည် မဟုတ်သော စကားပြေဂုဏ်ရည် ၄၄
၆။ အသံတန်ဆာ မဟုတ်သော သဒ္ဒါလင်္ကာရ ၅၀
၇။ သုဝဏ္ဏသာမနှင့် အန္ဓမုနိ ၅၅
၈။ ရာဝဏ၊ ချစ်ဦးညို၊ ခင်နှင်းယု ၅၉
၉။ သူ့စာထဲက အကြောင်းသည် သူ့အကြောင်းလား ၆၈
၁၀။ သူ့စာနှင့် သူ့အကြောင်း ၇၇
၁၁။ ခေတ်နောက်ခံစာပေနှင့် စာဖတ်သူ၏ ခေတ်အကွာအဝေး ၈၂

စာပေသဘောတရားနည်းနာ

၁၂။ ဆရာဇော်ဂျီ ညွှန်ပြသော တောအုပ်များ ၈၉
၁၃။ စကားပြေ အလေ့အလာ၊ ကဗျာ အလေ့အလာ ၉၅
၁၄။ ရင်ထဲမှာ ကဗျာ ၁၀၀
၁၅။ မြန်မာ့ရိုးရာ စာပေသဘောတရား နည်းနာ အစဉ်အလာ ၁၀၅
၁၆။ သဘာဝပတ်ဝန်းကျင်ကို ဖွဲ့သော အစဉ်အလာ ၁၁၂

mgyoe.com

mgyoe.com SAMPLE BOOK

၁၇။ သုတကို ရသဖြင့် ထုံမွမ်း၍ ၁၁၆
၁၈။ မြန်မာစာပေ၏ သုတ ရသ အစဉ်အလာ ၁၂၁
၁၉။ ရသဖြစ်စဉ် ၁၂၅
၂၀။ အနုပညာ ဖန်တီးမှု ဖြစ်စဉ် ၁၂၉
၂၁။ ရသ အရေအတွက်နှင့် ပတ်သက်၍ ၁၃၆
၂၂။ နိမိတ်ပုံနှင့် ရသ ၁၄၂
၂၃။ သန္တရသ တစေ့တစောင်း ၁၄၆
၂၄။ ဟာသ အပေါ် အငန် ၁၅၂
၂၅။ သမီးအတွက် ခွေးရုပ် လက်ဆောင် ၁၅၉
၂၆။ သောက်ရေအိုးဖုံး ဖြစ်သွားသော ဓာတ်ပြား ၁၆၅
၂၇။ မောင်ရင်မောင်၏ ထမ်းပိုးနှင့် လက်ရေး ၁၆၉
၂၈။ မပဒ္ဒာ၊ ကိုဒါသ မှောက်ခုံဇာတ်နှင့်အတူ ၁၇၄

စာပေအစဉ်အလာ

၂၉။ ရွှေနှင့် မုတ်သုံ အကြောင်းဆုံသော် ၁၈၃
၃၀။ ဘာသာစကား နှစ်ခု ဆုံစည်းရာ ၁၉၀
၃၁။ ရှေးမြန်မာစာဆိုတို့၏ လူမှုဘဝ ၁၉၆
၃၂။ မိတ်ဆွေဟောင်း မိတ်ဆွေကောင်းကြီး နှစ်ဦး ၂၀၃
၃၃။ ပြောက်ကျားစာရေးဆရာတို့၏ အစဉ်အလာ ၂၀၉
၃၄။ စကားပြေကဗျာ၊ ကဗျာစကားပြေ ၂၁၃
၃၅။ သော့ကြီး နှစ်ချောင်းကို ပိုင်ဆိုင်ရသောကြောင့် ၂၁၇
၃၆။ မြန်မာပြော ပြောသည့် အစဉ်အလာ ၂၂၄
၃၇။ သက်တံရောင် အစဉ်အလာ ၂၃၀
၃၈။ ဂန္ထလောကကို သတိရခြင်း ၂၃၅
၃၉။ ဂန္ထလောကနှင့် အသိသစ် အမြင်သစ် ၂၄၀
၄၀။ ဂန္ထလောက၏ နောက်ဆုံး စာပေပြိုင်ပွဲများ ၂၄၅
၄၁။ ခေတ်စမ်းစာပေ ၂၅၀
၄၂။ ဝတ္ထု သင်ကြားရေး ပုံရိပ် ၂၅၆
၄၃။ ရသစာတမ်း မှတ်တိုင်များ ၂၆၁

mgyoe.com

mgyoe.com SAMPLE BOOK



၄၄။ အကျအပေါက် အမှားအယွင်း ၂၆၆
၄၅။ စာအုပ်ချစ်သူများ ၂၇၁
၄၆။ မဖတ်လျှင် မဖြစ်သော စာ ၂၇၅


စာဆိုနှင့် စာ


၄၇။ ဆရာကြီးနှင့် ထိုသုံးကြိမ် ၂၈၃
၄၈။ ဆရာကြီးပီမိုးနင်းအတွက် စာပေတွန်းအားများ ၂၉၁
၄၉။ ဆရာကြီးရွှေဥဒေါင်းအတွက် စာပေတွန်းအားများ ၂၉၆
၅၀။ ဆရာဦးသိန်းဖေမြင့်အတွက် စာပေတွန်းအားများ ၃၀၁
၅၁။ ဂျာနယ်ကျော်မမလေးအတွက် စာပေတွန်းအားများ ၃၀၆
၅၂။ ဆရာကြီးနှစ်ဦး၏ ဘိုးဝဇီရ ရှာပုံတော် ၃၁၁
၅၃။ ပါမောက္ခဦးမောင်၏ ဘဝတစ်ကွက် ၃၁၈
၅၄။ ဒေါက်တာမောင်ဖြူး၏ ဝိသေသ သုံးရပ် ၃၂၃
၅၅။ မြန်မာမှုပညာရှင် စာရေးဆရာ ၃၂၉
၅၆။ ပုံကောင်းပုံလှ ဆရာ့စကားပြေ ၃၃၅
၅၇။ ပါမောက္ခ ဆရာနှင့် တစ်နှစ်တာ ၃၄၆
၅၈။ ဆရာမင်းသုဝဏ်၏ ဝလုံး အတွေးမျှင် ၃၅၃
၅၉။ ဆရာမင်းသုဝဏ်၏ 'ဥဒါန်းတော်'နှင့်အတူ ၃၆၀
၆၀။ ဂန္ထလောကနှင့် မောင်အာယု၏ ပုံရိပ်များ ၃၆၈
၆၁။ ဆရာကြီး ဒေါက်တာလှဘေ အမှတ်တရ ၃၇၃
၆၂။ ဆရာကြီးမြကေတု တစေ့တစောင်း ၃၇၉
၆၃။ ပါမောက္ခ စာရေးဆရာ ၃၈၄
၆၄။ ဆရာကြီးဦးမောင်မောင်တင် ဂုဏ်ပြုစာတမ်း ၃၉၀
၆၅။ ပျဉ်းမနား စာပေပုံရိပ်များ ၃၉၆
၆၆။ မော်လမြိုင်စာပေပုံရိပ်အချို့ ၄၀၂
၆၇။ ဆရာမင်းယုဝေ၏ ပုံရိပ်သုံးခု ၄၀၇
၆၈။ ပြောက်ကျား စာရေးဆရာ မဟုတ်သော ၄၁၄


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာ

ကျွန်တော်သည် မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေဆောင်းပါးများကို အလျဉ်း သင့်သလို ရေးသားခဲ့ရာ ယခု ထိုဆောင်းပါးများကို စာအုပ်အဖြစ် ဖွဲ့စည်းသော အခါ အစု ၄ စု ခွဲခြားရန် စိတ်ကူးပေါ်လာပါသည်။

ပထမအစုတွင် သုတေသနသဘော သက်ရောက်သော ဆောင်းပါး များ ပါဝင်ပါသည်။ အထူးသဖြင့် ယခင်က သိပြီး ဖြစ်သော အကြောင်းအရာ များကို နောက်တွေ့ အထောက်အထားများဖြင့် ဖြည့်စွက် ပြင်ဆင်မှုများ၊ အမြင်သစ်ဖြင့် ပြန်ကြည့်ပြီး ကောက်ချက်သစ်များ ချကာ ဖြည့်စွက် ပြင်ဆင်မှု များ ဖြစ်ပါသည်။

ဒုတိယအစုတွင် စာပေသဘောတရားနှင့် အရေးအဖွဲ့ နည်းနာဆိုင်ရာ ဆောင်းပါးများ ပါဝင်ပါသည်။ စာပေလေ့လာ ရှုမြင်မှု၊ မြန်မာ့ရိုးရာ စာပေ သဘောတရား နည်းနာများနှင့် ရသ ဖန်တီးမှု နည်းနာများအကြောင်း ဖြစ်ပါ သည်။

တတိယအစုတွင် အစဉ်အဆက် တည်ရှိသော မြန်မာစာပေ အစဉ် အလာဆိုင်ရာ ဆောင်းပါးများ ပါဝင်ပါသည်။ မြန်မာစာပေ စတင်ပေါ်ပေါက် သည့်အချိန်က စ၍ ကျင့်သုံးခဲ့သော အစဉ်အလာများအကြောင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စတုတ္ထအစုတွင် စာရေးဆရာများ၊ စာပေပညာရှင်များနှင့် ယင်းပုဂ္ဂိုလ်များ၏ စာပေလက်ရာများကို တစ္စေ့တစောင်း အကဲခတ်သော ဆောင်းပါးများ ပါဝင်ပါသည်။ စာထဲက သိရသော အကြောင်းများသာမက ကျွန်တော်ကိုယ်တိုင် ဆရာကြီးများနှင့် ထိတွေ့ ဆက်ဆံခွင့်ရပြီး သိရသော အကြောင်းများလည်း ပါဝင်ပါသည်။

ဤစာစုသည် စာရေးဆရာ၊ စာပေ၊ စာဖတ်သူ ဟူသော ဆက်သွယ်မှုကို မြင်ကွင်းတစ်ခုအဖြစ် ပုံဖော်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာစုကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသော ကံ့ကော်ဝတ်ရည်စာပေကို ကျေးဇူးတင်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)

၂၀-၉-၀၉

mgyoe.com

mgyoe.com SAMPLE BOOK

# စာပေသုတေသန

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်သူများကို အဆုံးစီရင်ခြင်း

''ကျန်စစ်သားနဲ့ ရာဇကုမာရ်ရဲ့ သားအဖ မဟုတ်ဘူးလို့ တချို့က ပြောနေကြပါကလား''

ဤအသံကို မကြာမီက တစ်ကျော့ပြန်၍ ကြားလိုက်ရပါသည်။ ကျန်စစ်သားနှင့် ရာဇကုမာရ်တို့၏ ဇာတ်လမ်းကို ပုဂံရှိ ရာဇကုမာရ်(မြစေတီ) ကျောက်စာအကြောင်း ပြောရ ရေးရသည့်အခါတိုင်း သတိရလာတတ်ကြသည်။ ဖြစ်ရပ်ကလည်း စိတ်ဝင်စားစရာကောင်းသည်။ ကျေးဇူးတရား၊ မေတ္တာတရားတို့ကို သိမ်မွေ့လေးနက်စွာ ဖော်ကျူးထားသော ဖြစ်ရပ်တစ်ခုပင်။

ဆရာချစ်ဦးညို၏ 'ရာဇကုမာရ' ဝတ္ထု ထွက်လာခြင်းကလည်း ဤအကြောင်းကို သတိရစရာ အကြောင်းတစ်ခု ဖြစ်မည် ထင်ပါသည်။ ကျန်စစ်သားနှင့် ရာဇကုမာရ်အကြောင်းကို တစ်ကျော့ပြန်၍ ပြောကြ၊ ရေးကြ၊ ဆွေးနွေးကြသည်ကို ဖတ်ရ၊ ကြားရပါသည်။

တကယ်တော့ ဤကိစ္စကို လွန်ခဲ့သော နှစ် ၃၀ ကျော် ၄၀ နီးပါးကပင် ပညာရှင်များ စိတ်ဝင်တစား ဆွေးနွေးခဲ့ကြပါသည်။ တိတိကျကျ ဆိုရလျှင် ၁၉၇၀ ပြည့်နှစ်က ထွက်သော တက္ကသိုလ်ပညာပဒေသာ စာစောင်

mgyoe.com

mgyoe.com SAMPLE BOOK

အတွဲ ၅၊ အပိုင်း ၁ မှ ဆရာကြီးဦးကျော်ရှိန်၏ 'ရာဇကုမာရ်ပြဿနာ' စာတမ်း တွင် ဤကိစ္စကို ပြည့်ပြည့်စုံစုံ ဆွေးနွေးထားပါသည်။

ရာဇကုမာရ်ကျောက်စာအကြောင်း ပြောလျှင် ခမည်းတော် ကျန်စစ်သား မင်းကြီး နတ်ရွာစံခါနီး နာမကျန်း ဖြစ်နေချိန်တွင် ခမည်းတော်၏ ကျေးဇူးကို သိတတ်သော သားလိမ္မာ ရာဇကုမာရ်က ရွှေဆင်းတုတစ်ဆူ သွန်းလုပ်ကာ ခမည်းတော်ထံ ယူလာပြီး သံဃာတော်များရှေ့တွင် ရေစက် သွန်းချစေခြင်းဖြင့် ခမည်းတော် ဘဝကူးကောင်းအောင် အကောင်းဆုံးနည်းနှင့် ကျေးဇူးဆပ်ပုံကို တသသ ပြောတတ်ကြမြဲ ဖြစ်သည်။ မြန်မာရာဇဝင်လာ ဖြစ်ရပ်တစ်ခုနှင့်လည်း ဆက်ပြတတ်သေးသည်။ အနော်ရထာမင်း အမျက်ရှိ သောကြောင့် ကျန်စစ်သား တိမ်းရှောင်နေရစဉ် မထီးတူမ သမ္ဗျူလနှင့် ဖူးစာဆုံ သည်။ အနော်ရထာမင်း နတ်ရွာစံ၍ စောလူးမင်း နန်းတက်ချိန်တွင် ကျန်စစ်သား သည် ပုဂံသို့ ပြန်လာရသည်။ ပြန်ခါနီးတွင် ပဋိသန္ဓေရှိနေသော သမ္ဗျူလကို လက်စွပ်ပေး၍ သားမွေးလျှင် လိုက်လာခဲ့ရန် မှာကြားခဲ့သည်။ ကျန်စစ်သား နန်းတက်ပြီး ၂ နှစ်အကြာတွင် သမ္ဗျူလသည် ၇ နှစ်အရွယ် ရှိနေပြီဖြစ်သော သားနှင့်အတူ ပုဂံသို့ လိုက်လာသည်။ ကျန်စစ်သားသည် သမ္ဗျူလ၏ ကျေးဇူးကို ထုတ်ဖော် ပြောကြားပြီး သမ္ဗျူလကို 'ဦးဆောက်ပန်း' ဘွဲ့နှင့် မိဖုရားမြှောက်သည်။ ထိုအချိန်တွင် မြေးတော် အလောင်းစည်သူကို ထီးနန်းအမွေ ပေးပြီး ဖြစ်နေ၍ သားတော်ကို ဧယျခေတ္တရာဘွဲ့ဖြင့် ဓညဝတီ တောင်စဉ်ခုနစ်ခရိုင်ကိုသာ အပိုင်စားပေးရတော့သည်။ ဤဖြစ်ရပ်ကို ရာဇကုမာရ်ကျောက်စာနှင့် ဆက်စပ် ပြပြီး တြိလောကဝဋံသကာဒေဝီ မိဖုရားသည် ဦးဆောက်ပန်းဘွဲ့ရ သမ္ဗျူလ ဖြစ်ကြောင်း၊ ဧယျခေတ္တရာသည် ရာဇကုမာရ် ဖြစ်ကြောင်း ဆက်စပ်ပြောဆို ကြသည်။ ရာဇကုမာရ်ကို ထီးနန်း မရသော်လည်း ကျေးဇူးသိတတ်သော သားလိမ္မာအဖြစ် သနားကြသည်။

'ရာဇကုမာရ် ပြဿနာ' စာတမ်းရှင် ဆရာကြီးဦးကျော်ရှိန်မှာ အရှေ့ တိုင်းပညာဌာနမှ ပညာရှင်ကြီးတစ်ဦး ဖြစ်သည်။ ဆရာကြီးက ရာဇကုမာရ် သည် ဧယျခေတ္တရာပင် ဖြစ်သလောဟူသော ပြဿနာကို ရာဇကုမာရ် ကျောက်စာဖြင့် သာဓကဆောင်ကာ ဆွေးနွေးထားသည်။

အချုပ် တင်ပြရလျှင် ရာဇကုမာရ်ကျောက်စာတွင် ဧယျခေတ္တရာ ဆိုသော အမည်ကိုလည်း မတွေ့ရ။ ဆက်စပ်နေသော အကြောင်းအရာကို

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မတွေ့ရ။ ထိုသို့ မတွေ့ရခြင်းမှာ ရာဇကုမာရ်သည် ရာဇကုမာရ်ဟူသော မိမိ၏ ငယ်နာမည်ကို ဇေယျခေတ္တရာဟူသော ဘွဲ့မည်ထက် ပိုမိုနှစ်ခြိုက်၍ လော။ သို့မဟုတ် ရာဇကုမာရ်သည် ဇေယျခေတ္တရာ မဟုတ်၍လောဟု တွေးတော ဖွယ် ဖြစ်သည်။ ထိုမျှမက ဇေယျခေတ္တရာတို့ သားအမိ ကျန်စစ်သားဆီ လိုက်လာသည့် ဇာတ်လမ်းသည်လည်း မခိုင်လုံကြောင်း ဆရာကြီးဦးကျော်ရှိန် က သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်း၏ စိစစ်ချက်တစ်ခုကို ကိုးကား၍ ဖော်ပြသည်။ ကျန်စစ်သားသည် ခရစ်နှစ် ၁၀၈၄ ခုတွင် ထီးနန်း သိမ်းပိုက်ခြင်း ဖြစ်ရာ ထီးနန်းရပြီး ၂ နှစ်အကြာတွင် သမ္ဘူလတို့ သားအမိ လိုက်လာသည် ဆိုသောကြောင့် လိုက်လာသော နှစ်မှာ ၁၀၈၆ ခု ဖြစ်ရမည်။ ထိုအချိန်တွင် မြေးတော် အလောင်းစည်သူကို ထီးနန်းအမွေ ပေးပြီး ဖြစ်ကြောင်း ရာဇဝင်က ဆိုသည်။ သို့သော် ၁၁၁၅ ခု ရေးထိုးသော ကျောက်စာ (ဓာတ်ပုံ ၁၁၃) အရ အလောင်းစည်သူ၏ မွေးသက္ကရာဇ်မှာ ၁၀၈၉ ခု ဖြစ်ကြောင်း သိရသည်။ သို့ဆိုလျှင် သမ္ဘူလတို့ သားအမိ လိုက်လာသော ၁၀၈၆ ခုနှစ်တွင် အလောင်းစည်သူမှာ မွေးပင် မမွေးသေးပါ။ မမွေးသေးသည့်အတွက် အလောင်းစည်သူကို ထီးနန်းအမွေ ပေးပြီးပြီဆိုသော အချက်မှာလည်း မဖြစ် နိုင်တော့ပါ။ ထိုဇာတ်လမ်းသည်လည်း မခိုင်လုံတော့ပါ။ ဤအချက်ကို ဆရာကြီး ဒေါက်တာသန်းထွန်းက စိစစ်ပြထားခြင်း ဖြစ်ပါသည်။

ထင်ရှားသော အချက်တစ်ချက်မှာ ရာဇကုမာရ် ပါဠိကျောက်စာတွင် ရေးသား ဖော်ပြချက် ဖြစ်သည်။ ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ လေးဘာသာဖြင့် ရေးထိုးသော ထိုကျောက်စာတွင် ပျူ၊ မွန်၊ မြန်မာတို့က ထပ်တူထပ်မျှ တူပြီး ပါဠိက ပျူ၊ မွန်၊ မြန်မာတို့ထက် ပိုသော အချက်များ ပါဝင်နေသည်။ ရာဇ ကုမာရ် ပါဠိကျောက်စာတွင် ရာဇကုမာရ်ကို 'ရာဇကုမာရောနာမနာမတော' (အမည်အားဖြင့် ရာဇကုမာရ် မည်သော) ဟူ၍ ဖော်ပြခြင်း အမစ္စော(အမတ်)၊ မဟာအမစ္စော(အမတ်ကြီး) ဟူ၍ ဖော်ပြခြင်းတို့အရ ရာဇကုမာရ်သည် အမတ် ဖြစ်ကြောင်း ထင်ရှားသည်။ နာမည်ကသာ ရာဇကုမာရ်(မင်းသား) ဖြစ်ပြီး တကယ်မင်းသား မဟုတ်ဟုလည်း ယူဆနိုင်သည်။ ဇေယျခေတ္တရာမှာ တောင်စဉ် ခုနစ်ခရိုင် စားရသော မင်းငယ်မျှသာ ဖြစ်၍ ပုဂံမှ ရာဇကုမာရ် အမတ်ကြီး သည် တောင်စဉ်ခုနစ်ခရိုင်မှ ဇေယျခေတ္တရာ မဖြစ်နိုင်တော့ပါ။

mgyoe.com

mgyoe.com SAMPLE·BOOK

ထို့ပြင် ကျောက်စာ လေးဘာသာစလုံးတွင် ရာဇကုမာရ်ကို မိဖုရား၏ သားဟူ၍သာ တစ်သမတ်တည်း ဖော်ပြသည်။ ကျန့်စစ်သား၏ သားဟု ဖော်ပြ မထားပါ။ ရာဇကုမာရ်က ကျန်စစ်သားကို 'ဖခင်' 'အဖ' စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းခြင်း မရှိဘဲ အရှင်သခင်အဖြစ်သာ ခေါ်ဝေါ်သုံးနှုန်းသည်။ မြန်မာကျောက်စာတွင် ကျန်စစ်သားကို 'ငါ့သခင်'ဟု ရာဇကုမာရ်က ခေါ် ကြောင်း တွေ့ရသည်။ ကျန့်သုံးဘာသာတွင်လည်း ဖခင်ဟု မခေါ်ပါ။ အရှင် ဟုသာ ရည်ညွှန်းထားပါသည်။

ဆရာကြီးဦးကျော်ရှိန်သည် ထိုအချက်များကို စိစစ်ပြီးနောက်- (၁) ကျောက်စာရှင် ရာဇကုမာရ်သည် ဧယျခေတ္တရာ မဟုတ်။ (၂) ရာဇကုမာရ် သည် တိလောကဝဋံသကာဒေဝီ၏ သား ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ဖော်ပြထားသော်လည်း ထီးလိုင်မင်း(ကျန်စစ်သား)သည် ရာဇကုမာရ်၏ ခမည်း တော် ဖြစ်သည်ဟု လည်းကောင်း၊ ရာဇကုမာရ်သည် ထီးလိုင်မင်း(ကျန်စစ်သား) ၏ သားတော် ဖြစ်သည်ဟု လည်းကောင်း အတိအကျ ဆိုနိုင်ရန် ခိုင်လုံသော အထောက်အထားကိုမူ ကျောက်စာတွင် မတွေ့ရပါဟု နိဂုံးချုပ် မိန့်ဆိုထားပါ သည်။

ခေတ်စကားဖြင့် ပြောရလျှင် ရာဇကုမာရ်ကျောက်စာ လေးမျက်နှာ စလုံးတွင် ကျန့်စစ်သားကို ရာဇကုမာရ်က 'အဖ၊ ဖခင်' ဟု ခေါ်သော စကားတစ်လုံးမှ မပါပါ။ ရာဇကုမာရ်ကို ကျန့်စစ်သား၏ သားဟုလည်း မဖော်ပြပါ။ ရာဇဝင်မှာ ပါသည့် ဧယျခေတ္တရာ ဇာတ်လမ်းကလည်း ကျောက်စာ အထောက်အထားအရ ရှေ့ နောက် မညီဘဲ မခိုင်မလုံ ဖြစ်နေပါသည်။

အချက်အလက်အသစ် မဖော်ထုတ်နိုင်မချင်း ဆရာကြီးဦးကျော်ရှိန်၏ အဆိုကို လက်ခံရမည်သာ ဖြစ်ပါသည်။ မဟုတ်ဟု ငြင်း၍မရပါ။

'ရာဇကုမာရ် သားလိမ္မာ' ဇာတ်လမ်းကလေးကို အသည်းစွဲနေသူများ က ထိုဖော်ထုတ်ချက်ကို လက်မခံချင်ကြပါ။ ထိုဇာတ်လမ်းကလေး ပျက်သွား မည်ကို နှမြောနေကြပါသည်။ သို့သော်...

သုတေသနပြုရာတွင် ဘယ်လောက် နှစ်သက်မြတ်နိုးစရာ ကောင်း သော အချက် ဖြစ်ပါစေ၊ အထောက်အထား မခိုင်လုံလျှင်၊ မှားယွင်းလျှင် ပြတ်ပြတ်သားသား စွန့်ပစ်ရမည်သာ ဖြစ်ပါသည်။ ထိုသို့သော အခြေအနေမျိုး

mgyoe.com

mgyobe.com SAMPLE BOOK

နှင့် ကြုံလာလျှင် ငဲ့ကွက်မနေပါနှင့်။ 'ချစ်သူများကို အဆုံးစီရင်လိုက်ပါ' ဟု ပညာရှင်တစ်ဦးက မိန့်ဆိုဖူးပါသည်။ 'ရာဇကုမာရ် သားလိမ္မာ ဇာတ်လမ်း' ဟူသော ချစ်သူကလေးကို အဆုံးစီရင်တန်လျှင် စီရင်ရပါလိမ့်မည်။ ပညာရှင်များသည် ဤပုံဤနည်း ကျင့်သုံးခဲ့ကြဖူးပါပြီ။ ဆိုပါစို့။

မကြာမီက မဂ္ဂဇင်းတစ်စောင်မှာ ဆွေးနွေးကြသော 'အနန္တသူရိယ' ၏ 'သူတည်းတစ်ယောက်' အစချီ လင်္ကာကို ပုဂံ နရပတိစည်သူ လက်ထက် ခရစ်နှစ် ၁၁၇၃ ခုတွင် ရေးဖွဲ့သည်ဟု အစဉ်အဆက် ယူဆခဲ့ကြသည်။ သို့သော် ထိုကဗျာကို ၁၈ ရာစုတွင် ရေးသော ဦးကုလားမဟာရာဇဝင်တွင် အစောဆုံး တွေ့ရပြီး ထို့ထက်စောသော ပေစာ အထောက်အထား မတွေ့ရ။ ထို့ထက်စောသော ကျောက်စာတွင်လည်း အထောက်အထား မတွေ့ရ။ အနန္တသူရိယ အမည် ကျောက်စာမှာ မပါ။ (ထိုအမည် ရေးထိုးစဉ် အကြောင်းမရှိ၍ ကျောက်စာမထိုးခြင်း၊ ကျောက်စာ ရေးထိုးခဲ့လျှင်လည်း ယခုထိ မတွေ့ရသေးဘဲ ပျောက်ဆုံးနေခြင်းတို့လည်း ဖြစ်နိုင်သည်။)

ကဗျာ ရေးဖွဲ့ပုံကို ကြည့်လျှင် ပုဂံခေတ် ၁၂ ရာစုမှာ ရေးသည့် ကဗျာတစ်ပုဒ်အနေနှင့် အရေးအဖွဲ့ သေသပ်လွန်းနေသည်။ ၁၅ ရာစုအလယ်မှာ ရေးဖွဲ့သော ကဗျာများတွင် တွေ့ရသော အရေးအဖွဲ့ ဖွံ့ဖြိုးတိုးတက်နေသည့် မျက်မြင်လက္ခဏာများကို ထိုကဗျာမှာ တွေ့နေရသည်။ ထို့ပြင် 'ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ' ဟူသော အဖွဲ့မှ 'နန်း'သည် ပုဂံခေတ်ထက် နောက်ကျသော အသုံး ဖြစ်သည်။ 'နန်း'ကို ၁၄ ရာစုနှောင်းပိုင်းကျမှ တွေ့ရသည်။ ပုဂံခေတ်က 'ရွှေတောင်'ဟုသာ သုံးသည်။ ထို့ပြင် ထိုကဗျာမှာ ပါသော 'ကြငှန်း' 'တသက်လျာ' 'ခိုင်ကျည်' ဆိုသော စကားများသည် ၁၅ ရာစု ကဗျာများတွင်သာ တွေ့ရလေ့ရှိသော စကားများ ဖြစ်နေသည်။ ထို့ထက်စောသော စာများတွင် ထိုစကားများ မတွေ့ရပါ။

ဤသို့ဖြင့် သမိုင်းအထောက်အထား မတွေ့ရခြင်း၊ ပုဂံခေတ်က ကဗျာဟု မဆိုနိုင်လောက်အောင် ရေးဖွဲ့ပုံ စနစ်ကျ ဖွံ့ဖြိုးပြီး ဖြစ်နေခြင်း၊ နောက်ခေတ်ကျမှ သုံးသော စကားများ ပါဝင်နေခြင်းဟူသော အချက်များကို ထောက်ထား၍ အနန္တသူရိယ၏ ကဗျာသည် ၁၁၇၃ ခုတွင် ရေးဖွဲ့သော ကဗျာ ဖြစ်သည်ဆိုသော အချက်မှာ သံသယဖြစ်ဖွယ် ကောင်းသည်။ အမည်

mgyobe.com

mgyoe.com SAMPLE BOOK

မသိရသေးသော စာဆိုတစ်ဦးက ၁၄ ရာစုအတွင်း၊ သို့မဟုတ် ၁၄ ရာစုနောက်တွင် ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်ဟု ယူဆသည်ဟူ၍ ဆရာကြီးဒေါက်တာလှဘေက မိန့်ဆိုထားပါသည်။ [Hla Pe, et.al. Three 'immortal' Burmese (Myanmar) Songs: BSOAS 26-3 (1963): 559-71] 'အနန္တသူရိယဓာတ်လမ်း' ဆိုသော ချစ်သူကလေးကိုလည်း အဆုံးစီရင်တန်လျှင် စီရင်ရပါလိမ့်မည်။

ပညာရှင်များသည် ဤသဘောထား ခံယူချက်ဖြင့် ချစ်သူ အတော်များများကို အဆုံးစီရင်ပြီးခဲ့ပါပြီ။ အချုပ် တင်ပြရလျှင်-

- လက်ဝဲသုန္ဒရ တစ်ယောက်တည်း ရှိသည်ဟု ယခင်က ဆိုခဲ့ကြသည်မှာ မမှန်။ မန်ကျည်းတုံလက်ဝဲသုန္ဒရ(ဦးမြတ်စံ)နှင့် မုံရွေးလက်ဝဲသုန္ဒရ(ဦးမြတ်သာနေ ခေါ် ဦးနေ) ဟု ၂ ယောက် ရှိသည်။
- သာချင်းကဗျာကို တောင်ငူခေတ်က ဇေယျရန္တမိတ် စရေးသည်ဟု ဆိုသည်မှာ မမှန်။ ကုန်းဘောင်ခေတ်က ဇေယျရန္တမိတ်(ဦးသာအောင်)က စရေးခြင်း ဖြစ်သည်။
- ရွှေဘုံနိဒါန်းကျမ်းကို မြဝတီမင်းကြီးဦးစ ရေးသည် ဆိုသည်မှာ မဟုတ်။ အိမ်ရှေ့အတွင်းဝန် အဘိုး ခေါ် ဇေယသင်္ခယာ ရေးသည်။
- အရေးတော်ပုံ ငါးစောင်တွဲ၊ ခြောက်စောင်တွဲတို့တွင် ပါဝင်သော ညောင်ရမ်းမင်းတရားကြီး အရေးတော်ပုံမှာ ဦးကုလား ရာဇဝင်တစ်စိတ်တစ်ဒေသနှင့် မင်းရဲဒိဗ္ဗချေင်းမှ အပိုဒ်များ စုပေါင်းစပ်ပေါင်း လုပ်ထားသော အရေးတော်ပုံအတုကြီး ဖြစ်သည်။
- ရခိုင်မင်းသမီး ချေင်းကို အစောဆုံးချေင်းဟု ဆိုကြသည်။ သို့သော် ချေင်းအဖွဲ့ခံ မင်းသမီးကလေး၏ ခမည်းတော် ဘစောဖြူမင်းလက်ထက်,ထက် များစွာ နောက်ကျသော အဖြစ်အပျက် (နှစ်ပေါင်း ၁၇၉ နှစ်ကြာပြီးမှဖြစ်သော အဖြစ်အပျက်) ပါနေသည်။
- 'ထူးမခြားနား' ရောင်ခြည်တော်တွဲ့ သီချင်းခံကြီးကို မြဝတီမင်းကြီး ဦးစ ရေးဖွဲ့သည်ဟု ဆိုကြသော်လည်း ဦးစ၏ စာစု သီချင်းစုမှာ

mgyoe.com

mgyoe.com SAMPLE BOOK

'ထူးမခြားနား' မပါ။ အရေးအဖွဲ့ အသုံးအနှုန်းတွင်လည်း သံသယဖြစ်စရာများ ရှိနေသည်။

အချုပ်မှ ဖော်ပြခဲ့သော ဤပြဿနာများတွင် သုတေသနပြုသော ပညာရှင်တို့၏ ကျေးဇူးဖြင့် ရှင်းလင်းသွားသော ပြဿနာများလည်း ပါပါသည်။ သံသယအဆင့်တွင် ရှိနေသော ပြဿနာများလည်း ပါပါသည်။ သံသယအဆင့်ဟု ဆိုသော်လည်း ရှင်းသလောက် ဖြစ်နေသော ပြဿနာများလည်း ပါသည်။ အစဉ်အဆက် မြတ်နိုးတွယ်တာခဲ့ကြသော ချစ်သူကလေးများ အသက်ဆုံးရမည့် အဖြစ်များလည်း ယှဉ်တွဲနေပါသည်။

ဆိုပါစို့… နန်းဦးစွယ်တော်စင် ဘုရား ရောင်ခြည်တော် လွှတ်သည်ကို အကြောင်းပြု၍ မြဝတီမင်းကြီးဦးစ စိတ်ကူးဉာဏ် ကွန့်မြူးပြီး 'ထူးမခြားနား' သီချင်းခံကြီး ရေးဖွဲ့သည့် အကြောင်းသည် အလွန်လှပသော ဇာတ်လမ်းကလေးသဖွယ် ဖြစ်သည်။ ဝတ္ထုပုံစံဖြင့် ရေးထားသည့် စာများလည်း ရှိသည်။ မြဝတီမင်းကြီးသည် ဘုရားကို စောင်းတီး၍ ပူဇော်ပုံ၊ စောင်းကြိုးများကို ခတ်ရင်း သီချင်းအစ ရလာပုံတို့ကို သရုပ်ဖော်ထားပုံမှာလည်း အလွန်လှသည်။ စာရေးဆရာကြီး 'ဣန္ဒနီ'၏ ဝတ္ထု ဖြစ်သည်။ အခြားဆရာကြီးများလည်း ရေးဖူးသည်။ တစ်ချိန်က ခေတ်စားခဲ့သော 'သီချင်းကြီး သရုပ်ဖော်' ကဏ္ဍတွင်လည်း ထိုဇာတ်လမ်းကလေးကို မြန်မာ့အသံက ထုတ်လွှင့်ဖူးသည်။ အကယ်၍သာ…

'ထူးမခြားနား' သည် မြဝတီမင်းကြီး ရေးဖွဲ့ခဲ့သော သီချင်း မဟုတ်ဟူသော အချက် ခိုင်မာသွားပြီဆိုလျှင် ထိုချစ်သူကလေးလည်း အသက်ဆုံးရရှာတော့မည်။

မတတ်နိုင်ပါ။ သုတေသန၏ တာဝန်သည် အမှန်ကို အထောက်အထားဖြင့် ဖော်ထုတ်ဖို့ ဖြစ်သည်။ အမှန်ကို ဖော်ထုတ်ရာတွင် ယခင်က မတွေ့ခဲ့သော အသစ်ကို ဖော်ထုတ်ခြင်းလည်း ပါသည်။ ယခင်က တိမ်းစောင်းခဲ့သော အချက်များကို တည့်မတ်ပေးခြင်းလည်း ပါသည်။ ယခင်က ပြည့်ပြည့်စုံစုံ မတွေ့သေးသော အချက်များကို ဖြည့်ပေးခြင်းလည်း ပါသည်။ သုတေသနပညာရှင်သည် 'ကာလာမသုတ်'လာ ဘုရားရှင် မိန့်မြွက်ချက်ကို ဦးထိပ်ပန်ဆင်၍ အမှန်ရအောင် ရှာဖွေ ဖော်ထုတ်ရမြဲ ဖြစ်သည်။ သံသယကို လက်ကိုင်ပြု၍

mgyoe.com

mgyoe.com SAMPLE BOOK

အမှန်ရအောင် ရှာဖွေ ဖော်ထုတ်ရမြဲ ဖြစ်သည်။ ပုဂ္ဂလိက နှစ်သက်တွယ်တာမှုများ ကင်းရှင်းအောင် အားထုတ်ရမြဲ ဖြစ်သည်။

အမှန် မဟုတ်ကြောင်း ခိုင်ခိုင်လုံလုံ တွေ့လာလျှင်တော့ ချစ်သူများကို မငဲ့မကွက် အဆုံးစီရင်ကြရပါမည်။

*မဟောသီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# သူတည်းတစ်ယောက် လင်္ကာကို တစ်ကြိမ်ပြန်ကြည့်ခြင်း

( ၁ )

'အနန္တသူရိယ၏ မျက်ဖြေလင်္ကာ' ဟု ထင်ရှားသော 'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ' အစချီ လင်္ကာနှင့် ပတ်သက်၍ ဆွေးနွေး ရေးသားချက်များကို လွန်ခဲ့သောနှစ်က မဂ္ဂဇင်းများတွင် ဖတ်ရသည်။ ထိုကဗျာသည် ပုဂံခေတ်က ပေါ်ပေါက်လာသော ကဗျာ ဟုတ်၊ မဟုတ် အဓိက ဆွေးနွေးကြခြင်း ဖြစ်သည်ဟုလည်း နားလည်မိပါသည်။ ဆွေးနွေးချက်များမှာ စိတ်ဝင်စားစရာကောင်းသလို စဉ်းစားစရာတွေလည်း များစွာ ပါဝင်ပါသည်။ ကဗျာ ရေးဖွဲ့သူ၊ ကဗျာ ရေးဖွဲ့သော ခေတ်တို့နှင့် ပတ်သက်၍ သို့လော သို့လော ဖြစ်နေသည့် ပြဿနာကို အဖြေရှာရန် အားထုတ်ကြခြင်း ဖြစ်၍ ကြိုဆိုအပ်သော ဆွေးနွေးချက်များ ဖြစ်သည်ဟု ယူဆပါသည်။ ကျွန်တော့်အနေဖြင့် ဤပြဿနာနှင့် ပတ်သက်၍ လေ့လာမိသော အချက်များကို ဖြည့်စွက် ဆွေးနွေးလိုသည့်အတွက် ဤပြဿနာကို ယခုတစ်ကြိမ် ပြန်ကြည့်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

ကျွန်တော် သိသလောက် ဤပြဿနာကို စတင် ဖော်ထုတ်သူများမှာ ဆရာကြီးဒေါက်တာလှဘေ အမှူးပြုသော စာပေပညာရှင် သုံးဦး ဖြစ်ပါသည်။ ထိုပညာရှင်များသည် Three immortal Burmese(Myanmar) Songs ဆိုသော ဆောင်းပါးကို လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်သင်ကျောင်း စာစောင် (BSOAS) တွင် ၁၉၆၃ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ စာမျက်နှာ ၅၅၉ မှ ၅၇၁ အထိ ဖြစ်သည်။ အနန္တသူရိယ၏ မျက်ဖြေလင်္ကာနှင့်အတူ လက်ဝဲသုန္ဒရ၏ 'မဲဇာတောင်ခြေ' ချီနှင့် 'ဝေဠုန်းစန္ဒာ'ချီ ရတု ၂ ပုဒ်နှင့် ဦးပုည၏ 'ဟုတ်ပလေ နှုတ်ချွေဟရမှာဖြင့်' လေးချိုးတို့အကြောင်းကိုလည်း ဆွေးနွေးထားပါသည်။ ထိုဆောင်းပါးကို ဆရာကြီးဒေါက်တာသန်းထွန်းက 'မည်သည့်အခါမှ တိမ်ကောပျောက်ကွယ်မည် မဟုတ်သည့် မြန်မာလင်္ကာ သုံးပုဒ်' ခေါင်းစဉ်ဖြင့် မြန်မာဘာသာ ပြန်ထားပါသည်။

မျက်ဖြေလင်္ကာနှင့် ပတ်သက်၍ အဆိုပါ ပညာရှင်တို့၏ အမြင်ကို အချုပ် တင်ပြပါမည်။ ထိုလင်္ကာကို ပုဂံခေတ် နရပတိစည်သူလက်ထက် ၁၁၇၃ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်ဟု အစဉ်အဆက် ယူဆခဲ့ကြသော်လည်း ထိုကဗျာစာသားကို ၁၈ ရာစုတွင် ရေးသားသော ဦးကုလား မဟာရာဇဝင်တွင်မှ အစောဆုံး တွေ့ရသည်။ ထို့ထက်စောသော ပေစာ ကျောက်စာ အထောက်အထား မတွေ့ရ။ အနန္တသူရိယ၏ အကြောင်းကိုလည်း ကျောက်စာမှာ မတွေ့ရ။ ထိုလင်္ကာကို ရှေးက ကိုးကားဖော်ပြခြင်းလည်း မတွေ့ရ။ ကဗျာ ရေးဖွဲ့ပုံကို ကြည့်လျှင် ပုဂံခေတ် ၁၂ ရာစုမှာ ရေးဖွဲ့သော ကဗျာတစ်ပုဒ်အနေနှင့် စာပေအဖွဲ့ သေသပ်လွန်းနေသည်။ ထို့ထက် နှစ် တစ်ရာ၊ နှစ်ရာ နောက်ကျမှ ကျောက်စာ လင်္ကာများကို တွေ့ရသည်။ ထိုကျောက်စာလင်္ကာများသည်ပင် မျက်ဖြေလင်္ကာလို ဟန်မဝင်သေးပါ။ ၁၅ ရာစုအလယ်လောက်ကျမှ အချိုးကျကျ ပုံစံဝင်သည့် လင်္ကာမျိုးကို ပေထက် အက္ခရာဖြင့် တွေ့ရသည်။ ၁၅ ရာစုအလယ်မှာ ရေးဖွဲ့သော ကဗျာများ၏ အရေးအဖွဲ့ ဖွံ့ဖြိုးသော လက္ခဏာများကို မျက်ဖြေလင်္ကာမှာ တွေ့နေရသည်။ ထို့ပြင် 'ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ' ဟူသော အဖွဲ့မှ 'နန်း'သည် ၁၄ ရာစုနှောင်းပိုင်းမှ တွေ့ရသော အသုံးဖြစ်၍ ပုဂံခေတ်ထက် နောက်ကျသည်။ ပုဂံခေတ်က နန်းတော်ကို

mgyoe.com

mgyoe.com

'ရွှေတောင်'ဟုသာ သုံးသည်။ ထိုလင်္ကာမှာ ပါသော 'ကြွင်နှံး၊ တသက်လျာ၊ ခိုင်ကျည်' ဆိုသော စကားများသည်လည်း ၁၅ ရာစု ကဗျာများမှာသာ တွေ့ရသော စကားများ ဖြစ်နေသည်။ ထို့ကြောင့် ထိုကဗျာသည် ၁၁၇၃ ခုမှာ ပေါ်သော ကဗျာ ဖြစ်သည်ဆိုသော အချက်မှာ သံသယဖြစ်စရာကောင်းသည်။ ထိုအထောက်အထားများအရ ထိုလင်္ကာကို ၁၄ ရာစုအတွင်း သို့မဟုတ် ၁၄ ရာစုလွန်မှ အမည်မသိရသေးသော စာဆိုတစ်ဦးက ရေးဖွဲ့ခြင်း ဖြစ်မည်ဟု ယူဆရသည်။ ဤကား 'သူတည်းတစ်ယောက်'ချီ လင်္ကာနှင့် ပတ်သက်၍ ဆရာကြီးဒေါက်တာလှဘေ အမှူးပြုသော စာပေပညာရှင်များ၏ အမြင် ဖြစ်ပါသည်။

## ( ၃ )

ဆရာကြီးဒေါက်တာလှဘေတို့၏ အယူအဆနှင့် တူညီသော အယူအဆကို သမိုင်းပညာရှင်များ၏ အဆိုအမိန့်များတွင် အထင်အရှား တွေ့ရသည်။ အထင်ရှားဆုံးမှာ ဆရာကြီးဒေါက်တာသန်းထွန်း၊ ဒေါက်တာတိုးလှတို့၏ အဆိုအမိန့်များ ဖြစ်သည်။ မြန်မာစာပေပညာရှင်များထဲတွင် ထိုအယူအဆနှင့် ပတ်သက်၍ ရေးသား ဆွေးနွေးမှုမျိုး ထင်ထင်ရှားရှား မတွေ့ရသေးပါ။ ထိုအယူအဆကို လက်မခံလိုသော သဘောထားကိုမူ မြန်မာစာပေပညာရှင်များထဲတွင်ရော၊ ပြင်ပက စာပေလေ့လာသူများထဲတွင်ပါ ပြောဆိုဆွေးနွေးသံများ မကြာခဏ ကြားရပါသည်။ ဒေါက်တာတိုးလှ၏ အဆိုအမိန့်ကို အကြောင်းပြု၍ စာရေးဆရာများ တုံ့ပြန် ရေးသား ပြောဆိုသည့် အသံများကို မဂ္ဂဇင်းများတွင် ကြားလာရပြန်သည့်အတွက် ထိုပြဿနာမှာ ဆွေးနွေးစရာ ပြဿနာ တစ်ခုအဖြစ် ပြန်လည်ဆန်းသစ်လာရပါသည်။

## ( ၄ )

ဆရာကြီးဒေါက်တာလှဘေတို့က မျက်ဖြေလင်္ကာသည် ပုဂံခေတ်ပေါ်လင်္ကာ မဖြစ်နိုင်ကြောင်း သက်သေပြရာတွင် ပြင်ပသက်သေ ဖြစ်သော နောက်ခံဆိုင်ရာ အထောက်အထားများကို လည်းကောင်း၊ အတွင်းသက်သေ ဖြစ်သော လင်္ကာစာသားကို လည်းကောင်း၊ စိစစ်၍ သက်သေပြထားကြောင်းလည်း တွေ့ရပါသည်။ ပြင်ပသက်သေအဖြစ် ကဗျာစာဆို အနန္တသူရိယနှင့်

mgyoe.com SAMPLE BOOK

ပတ်သက်သည့် အချက်အလက်များကို ဦးကုလား ရာဇဝင်ထက် စောသော ပေစာ၊ ကျောက်စာများမှာ မတွေ့ရခြင်း၊ ရှေးက စာများတွင် ထိုလင်္ကာကို ထည့်သွင်းကိုးကားသည်ကို မတွေ့ရခြင်းဟူသော အချက်များကို ပြပါသည်။ ယခုအထိ အထောက်အထားများ မတွေ့ရသည်ကတော့ အမှန်ပင် ဖြစ်သည်။ (အနန္တသူရိယ အမည်ကို ရေးထိုးစရာ အကြောင်းမရှိ၍ ကျောက်စာထဲမှာ မရေးထိုးခြင်း၊ ရေးထိုးခဲ့လျှင်လည်း ပျောက်ဆုံး ပျက်စီးသွားသဖြင့် ယခုတိုင် မတွေ့ရခြင်းတို့ ဖြစ်နိုင်ပါသည်။)

အတွင်းသက်သေအဖြစ် လင်္ကာစာသားကို စိစစ်ရာတွင် ကဗျာ အရေးအဖွဲ့အနေဖြင့် သေသပ် ဖွံ့ဖြိုးနေသော ၁၅ ရာစု ကဗျာပုံသဏ္ဌာန်မျိုး ဖြစ်နေခြင်း၊ ပုဂံခေတ်တွင် မတွေ့ရသော 'နန်း' အစရှိသည့် စကားလုံးများ ပါဝင်နေခြင်းတို့ကို တွေ့ရကြောင်း ဖော်ပြသည်။ ပုဂံခေတ်တွင် မပေါ်ပေါက် သေးသော စကားလုံးများ ပါဝင်နေသည်ကို ထောက်၍ ပုဂံခေတ်တွင် ပေါ်ပေါက် လာသော ကဗျာ မဖြစ်နိုင်ဟု ဆိုခြင်း ဖြစ်သည်။

ဤဆောင်းပါးတွင် ဆရာကြီးဒေါက်တာလှဘေတို့ သုံးသပ်ပြထား သော အတွင်းသက်သေ အထောက်အထားများကို အဓိကထား၍ တင်ပြဆွေးနွေး မည် ဖြစ်ပါသည်။

## ( ၅ )

'စာပေဟူသည် ကောင်းစွာ အသုံးပြုထားသော ဘာသာစကား ဖြစ်သည်' ဟူသော ဖွင့်ဆိုချက်တစ်ခု ရှိပါသည်။ စာပေကို ဘာသာစကားဖြင့် ရေးဖွဲ့ရသည်။ စာရေးသူသည် မိမိ၏ ခေတ်တွင် အသုံးပြုနေသော ဘာသာ စကားကို အခြေခံ၍ အသုံးပြုမြဲ ဖြစ်သည်။ ထိုသဘောနှင့်အညီ မြန်မာစာဆို တို့သည် စာပေ ရေးဖွဲ့ရာတွင် မိမိတို့ ခေတ်မှာ သုံးနေသော စကားလုံးများ ကို အသုံးပြုမည် ဖြစ်သည်။ မိမိတို့ခေတ်မတိုင်မီက စကားလုံးများကိုလည်း အသုံးပြုမည် ဖြစ်သည်။ သို့သော် မိမိတို့ခေတ်တွင် မပေါ်ပေါက်သေးသော စကားလုံးများကိုတော့ အသုံးပြုနိုင်မည် မဟုတ်ပါ။ အင်းဝခေတ် စာဆိုတို့ သည် ပုဂံခေတ်ကတည်းက ပေါ်ပေါက်နေသော စကားလုံးများကို အသုံးပြုရန် အကြောင်းရှိသော်လည်း ပုဂံခေတ် စာဆိုတို့ကတော့ အင်းဝခေတ်ကျမှ ပေါ်ပေါက် သည့် (ပုဂံခေတ်မှာ မပေါ်ပေါက်သေးသည့်) စကားလုံးများကို အသုံးပြုနိုင်

mgyoe.com

mgyoe.com

စရာ အကြောင်းမရှိပါ။ ဤသဘောတရားသည် အလွန်ရိုးသော သဘောတရား ဖြစ်သည်။ ရိုးသလောက်လည်း သဘာဝကျသည်။ မှန်သည်။

သို့ဆိုလျှင် 'နန်း'ဆိုသော စကားလုံးသည် ပုဂံခေတ်မှာ မပေါ်ပေါက် သေးဟူသော အချက် သေချာပါက ထိုစကားလုံး ပါနေသော မျက်ဖြေလင်္ကာ သည်လည်း ပုဂံခေတ်မှာ ပေါ်ပေါက်သော လင်္ကာ မဟုတ်ဆိုသော အချက်ကို အသေအချာ လက်ခံရမည် ဖြစ်ပါသည်။

ပုဂံ ကျောက်စာများမှာ 'နန်း'ကို မတွေ့ဟု ပညာရှင်များက ဆိုကြ သည်။ ပုဂံခေတ်က မင်စာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာများမှာလည်း 'နန်း' ကို မတွေ့ရပါ။ ဘာကြောင့် မတွေ့ရသလဲ။ ဖြစ်နိုင်သော အချက် ၂ ချက် ရှိပါသည်။

၁။ 'နန်း' ဆိုသော စကားလုံး ထိုခေတ်က မပေါ်သေး၍ မတွေ့ရ ခြင်းလည်း ဖြစ်နိုင်သည်။

၂။ 'နန်း'ဆိုသော စကားလုံး ပေါ်ပေါက်နေပြီ ဖြစ်သော်လည်း ကျောက်စာ၊ မင်စာတို့မှာ ရေးထိုးစရာ အကြောင်းမရှိ၍ မရေးထိုးခဲ့သော ကြောင့် မတွေ့ရခြင်းလည်း ဖြစ်နိုင်သည်။

မျက်ဖြေလင်္ကာသည် ပုဂံခေတ်ပေါ် လင်္ကာမဟုတ်ဟူသော အယူ အဆကို လက်မခံသူများက နံပါတ် ၂ အချက်ကို ကိုင်စွဲပြီး ပြောလေ့ရှိကြ သည်။ 'ပုဂံကျောက်စာတွေက အလှူအကြောင်းသာ အဓိကထား ရေးတာ၊ အလှူနဲ့ မဆိုင်တဲ့ အကြောင်းတွေ ရေးစရာ အကြောင်းမရှိပါဘူး။ အလှူမှတ်တမ်း တင်ရာမှာ အဲဒီ 'နန်း'ဆိုတဲ့ စကား ရေးစရာ အကြောင်းမရှိလို့ မရေးတာ နေမှာပေါ့။ ကျောက်စာမှာ မတွေ့တိုင်း အဲဒီစကား မပေါ်သေးဘူး ပြောလို့ ဘယ်မှန်မလဲ' ဟု ချေပတတ်ကြသည်။

တစ်ခု စဥ်းစားစရာ ရှိပါသည်။ ပုဂံမင်းတွေ နန်းတက်သည့် အကြောင်း ကို ကျောက်စာထဲမှာ မကြာခဏ တွေ့ရသည်။ သို့သော် 'နန်း'ဟု မတွေ့ရ။ 'ရွှေတောင်'ဟုသာ တွေ့ရသည်။ ပုဂံခေတ်က နန်းတော်ကို ရွှေတောင်ဟု ခေါ် သည်။ နန်းတက်သည်ကို 'ရွှေတောင်တက်' 'ရွှေတောင်ရ' ဟု သုံးသည်။ (ကျောက်စာ သာဓကများကို ယခုခေတ် စာလုံးပေါင်းပုံအတိုင်း ဖလှယ်၍ ပြထားပါသည်။)

mgyoe.com

mgyoe.com

✱ 'သက္ကရာဇ် ၅၉၇ ခု အာသိန်နှစ်၊ နံကာလဆန်း ၄ ရက် ကြာသပတေးနေ့၊ ကျစွာမင်း *ရွှေတောင်တက်ပြီး*

*(ကျစွာမင်း မိထွေးတော် ကျောက်စာ၊ ၆၁၅ ခု၊ ကြောင်းရေ ၁-၂)*

✱ သားပန်းပွတ်သည်မြေး *ရွှေတောင်ရလေ၏။*

*(တရုတ်ပြေးမင်းကျောက်စာ၊ ၆၁၈ ခု၊ ကြောင်းရေ ၅-၆)*

ပုဂံ ကျောက်စာများတွင် 'ရွှေတောင်တက်'၊ 'ရွှေတောင်ရ' ဟု သုံးပုံကို တွေ့နိုင်ပါသည်။

ပင်းယခေတ်သို့ ရောက်သောအခါ 'ရွှေတောင်နန်း'ဟု ကျောက်စာတွင် တွဲသုံးသည်ကို အောက်ပါအတိုင်း တွေ့ရသည်။

✱ သက္ကရာဇ် ၆၈၈ ခု တပေါင်းလပြည့် ၅ နေ့လျှင် ခြသေ့ဝံသ ရွှေတောင်နန်းထက် တက်ခဲ့ပြီးသော

*(ရွှေကြက်ယက်ဘုရား ကျောက်စာ၊ ၆၈၈ ခု၊ ကြောင်းရေ ၁-၂)*

ထို့ထက် နောက်ကျသော ကျောက်စာတွင်မူ 'ရွှေတောင်' မပါတော့ဘဲ 'နန်း'ဟု တစ်လုံးတည်း သုံးနေပါပြီ။

✱ သီဟပတိ မည်သော ဆင်ဖြူသခင်တရားမင်းကြီးသည် ဇေယျပူရ မည်သော စစ်ကိုင်းပြည်၌... သက္ကရာဇ် ၇၁၃ ခု တပေါင်း လဆန်း ၉ ရက် ၅ နေ့၌ နန်းတက်တော်မူ၏။

*(စည်းခုံဘုရားကြီး ကျောက်စာ၊ ၇၁၄ ခု၊ ကြောင်းရေ ၆-၈)*

ဤသာဓကများကို ကြည့်လျှင် ပုဂံခေတ်က 'ရွှေတောင်'ဟု သုံးပြီး ပင်းယခေတ်တွင် 'ရွှေတောင်နန်း'ဟု သုံးရာမှ နောက်ပိုင်းမှာ 'ရွှေတောင်' မပါတော့ဘဲ 'နန်း'ဟု တစ်လုံးတည်း သုံးသော ဖြစ်စဉ်ကို တွေ့ရပါလိမ့်မည်။ ပင်းယခေတ် ငါးစီးရှင်ကျော်စွာ (၇၀၄-၇၁၂) ရေးဖွဲ့သော မြင်စိုင်းမြို့ဘွဲ့ ကာချင်းမှ 'သာသည့် မြေပြင်၊ စောနတ်ရှင်၊ **နန်းခွင်** ရှုတင့်တယ်' ဟူသော အသုံးအနှုန်းနှင့်လည်း ခေတ်ကာလချင်း ညီညွတ်ပါသည်။ သို့ဆိုလျှင်...

ဆရာကြီး ဒေါက်တာလှဘေတို့ မိန့်ဆိုသကဲ့သို့ပင် 'နန်း' ဆိုသော စကားလုံးသည် ပုဂံခေတ်တွင် မပေါ်ပေါက်သေးဘဲ ပင်းယခေတ်ကျမှ ပေါ်ပေါက်သည်မှာ ထင်ရှားနေပါပြီ။ ပုဂံမင်းတွေ နန်းတက်သည့်အကြောင်း မကြာခဏ ကျောက်စာ ရေးထိုးနေပါလျက် 'နန်း'ဆိုသော စကားလုံးကို ရှိလျက်သားနှင့် တမင်မသုံးဘဲ နေစရာ အကြောင်းမရှိပါ။ မြန်မာစကားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

အများစုမှာ စကားတစ်လုံးကို အသံတစ်သံသာ ထွက်သော ကေဂ သွား စကားလုံး များစွာ တွေ့ရပါသည်။ လူနေစရာ 'အိမ်' ဆိုသော စကားလုံးလည်း ရှိနေပါပြီ။ သက္ကရာဇ် ၅၂၇ ခုနှစ်ထိုး၊ အထေလတ်ကျောက်စာတွင် 'စားသော ထမင်း ဟင်း၊ သောက်သော ရေ၊ နေသော အိမ် ဆိပ်ဖြစ်စေ' ဟူ၍ 'အိမ်' ဆိုသော စကားလုံးလည်း သုံးနေပါပြီ။ လူနေသော 'အိမ်' ရှိပါလျက် ဘုရင် စိုးစံသော 'နန်း' မတွေ့ရခြင်းမှာ မပေါ်သေးသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

ပုဂံခေတ်က နန်းတော်ကို 'ရွှေတောင်'ဟု အစဉ်တစိုက် သုံးခဲ့သည်မှာ နန်းတော်ကို ရွှေတောင်ဟု ခေါ်သည့်အတွက် ထိုသို့ သုံးခြင်း ဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပါ။ ရွှေတောင်အဖြစ် တင်စားပြီး 'ရွှေတောင်'ဟု ခေါ်သော အသုံးအနှုန်းထက် ရိုးရိုးစင်းစင်း သုံးသော 'နန်း'က ပို၍ပင် အသုံးလွယ်ပါသေးသည်။ ပုဂံခေတ်မှာ 'နန်း' ပေါ်နေလျှင် ရွှေတောင်ကို သုံးစရာ အကြောင်းမရှိပါ။

ပင်းယခေတ် ကျောက်စာမှာ 'နန်းတက်'ဟု သုံးသည်ကို ကြည့်လျှင်လည်း ထိုအချက် ထင်ရှားပါသည်။ ပင်းယခေတ် ကျောက်စာထဲမှာ သုံးနေသော 'နန်း'ကို ပုဂံခေတ်က ပေါ်နေပါလျက် ပုဂံခေတ် ကျောက်စာမှာ မသုံးဘဲ ထားစရာ အကြောင်းမရှိပါ။ သုံးဖို့ အကြောင်း မပေါ်၍ မသုံးခြင်း ဟုလည်း ဆိုစရာ အကြောင်းမပေါ်ပါ။ စကားလုံး ရှိပါလျက် ပုဂံတစ်ခေတ်လုံး မသုံးဘဲ ပင်းယခေတ်ကျမှ ထုတ်သုံးသည်ဟု ဆိုလျှင်လည်း သဘာဝမကျပါ။ ပင်းယခေတ်တွင် 'နန်း'ကို စတွေ့ရခြင်းမှာ ပင်းယခေတ်ကျမှ ပေါ်သော စကားလုံး ဖြစ်သောကြောင့်ဟု အခိုင်အမာ ဆိုနိုင်ပါသည်။

မွန်ကျောက်စာ ထွန်းကားသော ပုဂံခေတ်တွင် ကျန်စစ်သားမင်း နန်းတည်သည့် ကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးခဲ့ပါသည်။ ထိုကျောက်စာတွင် နန်းတော်ကို မည်သို့ ခေါ်ကြောင်း သိလိုသည့်အတွက် ရှာကြည့်ရာ 'ရာဇဿာန်'ဟု သုံးသည်ကို တွေ့ရသည်။ ကျန်စစ်သားမင်းကြီး၏ ဇေယဘုံ နန်းတော်ကို 'ရာဇဿာန် ဇေယဘူမ်'ဟု သုံးသည်ကိုလည်း တွေ့ရသည်။ (နန်းတော် မွန်ကျောက်စာ၊ ဠ မျက်နှာ၊ ကြောင်းရေ ၄၁-၄၄) နန်းတော် မွန်ကျောက်စာ 'င'မျက်နှာ၊ ကြောင်းရေ ၉ မှ 'ဗုင်ဒလ်' ဆိုသော မွန်စကားလုံးကို ဆရာကြီးဦးဖေမောင်တင်က 'တောင်ခြေဆောင်'ဟု မြန်မာပြန်ပြီး 'ရွှေတောင်'

mgyoe.com

mgyoe.com
SAMPLE BOOK

သည် နန်းတော်ကို ဆိုရကား 'တောင်ခြေဆောင်'သည် နန်းခြေရင်း ရှိသော အဆောင်ကို ဆိုဟန်တူ၏'ဟု မှတ်ချက်ပြုထားပါသည်။ ဤအထောက် အထား များအရ ပုဂံခေတ် မွန်ကျောက်စာများတွင် နန်းတော်ကို ရာဇဿာန် (မင်းစံသည့်နေရာ)ဟူသော သက္ကတစကားများဖြင့် လည်းကောင်း၊ ရွှေတောင်ဟု အဓိပ္ပာယ်ရသော မွန်စကားဖြင့် လည်းကောင်း ဖော်ပြကြောင်း သိရပါသည်။

ခေတ်လယ်၊ ခေတ်သစ် မွန်ဘာသာတွင် 'နန်း'ဟူသော စကားလုံးကို 'နန်းတော်'ဟူသော အဓိပ္ပာယ်ဖြင့် သုံးနေပါပြီ။ မွန်ပညာရှင် 'ရှောတိုး' နှင့် 'ဟာလီဒေး'တို့၏ အဘိဓာန်များတွင် တွေ့နိုင်ပါသည်။ ပင်းယခေတ်မှာ စတွေ့သော 'နန်း'ကို မြန်မာထံမှ မွန်က ယူခြင်းလား၊ မွန်ထံမှ မြန်မာက ယူခြင်းလား စူးစမ်းစရာ ရှိပါသည်။ (မွန်ပညာရှင် အချို့ကမူ မြန်မာထံမှ မွန်က ယူသော စကားလုံးဟု ယူဆကြောင်း မိန့်ဆိုကြပါသည်။)

ဆရာကြီးဒေါက်တာလှဘေတို့ ဖော်ပြထားသော စကားလုံးများအနက် 'နန်း'ဆိုသော စကားလုံးကို ပုဂံကျောက်စာများမှာ မတွေ့ရခြင်းမှာတော့ သေချာနေပါပြီ။ သို့ဆိုလျှင် မင်စာများမှာရော 'နန်း' မပါနိုင်ဘူးလား။ ဤအတွေးဖြင့် လောကထိပ်ပန်မင်စာမှ ဇနကဇာတ် မင်စာတွင် ဇနကမင်းထံ ဖုသရထား ဆိုက်၍ နန်းတော်သို့ ပင့်ဆောင်သွားပြီး မင်းမြှောက်သည့်အကြောင်းကို ကြည့်ရာ 'ဣမ်ဒါဝ် ရောက်ရကား ပြာသာဒ်အထက် တက်အံ့သောတေး' (အိမ်တော် ရောက်ရကား ပြာသာဒ်အထက် တက်အံ့သောတည်း) ဟု တွေ့ရပါသည်။ ပုံ ၅၁။ နန်းတော်ကို 'အိမ်တော်'ဟုလည်း သုံးကြောင်း၊ သက်သေတစ်ခု ဖြစ်ပါသည်။ 'နန်း'ကိုမူ မင်စာများမှာလည်း မတွေ့ရပါ။ 'ကြငှန်း'၊ 'တသက်လျှာ'၊ 'ခိုင်ကျည်'တို့မှာလည်း ဆရာကြီး ဒေါက်တာလှဘေတို့ မိန့်ဆိုသကဲ့သို့ပင် ပုဂံခေတ်လွန်မှ တွေ့ရသော စကားလုံးများ ဖြစ်ကြောင်း တွေ့ရပါသည်။ ('နန်း' ပါသော ပုဂံကျောက်စာများ ပျောက်ဆုံးသွား၍ မတွေ့ရခြင်း ဖြစ်မည်ဟု ပြောလျှင်တော့ 'ဒီကျောက်စာတွေမှ ရွေးပြီး ပျောက်နိုင်ရန်ကော' ဟု ပြန်ပြောရန်သာ ရှိပါတော့သည်။)

( ၆ )

မျက်ဖြေလကာ ရေးဖွဲ့ပုံသည် ၁၂ ရာစု ပုံစံမျိုး မဟုတ်ဘဲ ၁၅ ရာစုတွင် တွေ့ရသော ဖွံ့ဖြိုးသည့် ကဗျာပုံစံမျိုး ဖြစ်သည့်အတွက် ပုဂံခေတ်

mgyoe.com

mgyoe.com

ကဗျာ မဖြစ်နိုင်ဟူသော အယူအဆကိုလည်း သဘောမတူသူများ ရှိပါသည်။ ထိုပုဂ္ဂိုလ်များက ကျောက်စာ ရေးထိုးသော ကဗျာနှင့် ကျောက်စာ မဟုတ်ဘဲ ပေပေါ်မှာ ရေးသော ကဗျာတို့ ရေးဖွဲ့ပုံ ခြားနားကြောင်း၊ ကျောက်စာ ကဗျာထက် ပေစာကဗျာက ပို၍ ချောမွေ့ပြေပြစ်ကြောင်း၊ မျက်မြေလက်ာသည် ကျောက်စာကဗျာ မဟုတ်သည့်အတွက် ပုဂံခေတ်က ကျောက်စာကဗျာထက် ချောမွေ့မည် ဖြစ်ကြောင်း၊ ချောမွေ့ ပြေပြစ်သည် ဆိုကာမျှဖြင့် ပုဂံခေတ်ထက် နောက်ကျသည်ဟု မဆိုနိုင်ကြောင်း ဆွေးနွေးကြပါသည်။ 'အင်းဝခေတ် ကျောက်စာ၊ မင်စာတွေနဲ့ အင်းဝခေတ် ပျို့ကဗျာတွေ ရေးပုံ ကွာသလိုပေါ့၊ ရှင်မဟာသီလဝံသရဲ့ ရတနာဗိမာန်ကျောင်း ကျောက်စာနဲ့ ပါရမီတော်ခန်းပျို့ ရေးဖွဲ့ပုံချင်း ယှဉ်ကြည့်ရင် ဘယ်လောက် ကွာတယ်ဆိုတာ တွေ့နိုင်ပါတယ်' ဟု ရှင်းပြတတ်ကြသည်။

ထိုပုဂ္ဂိုလ်များ သတိမမူမိသော အချက်တစ်ချက် ရှိပါသည်။ တစ်ခေတ်တည်းမှာ ရေးပါလျက် ကျောက်စာ၊ မင်စာ ကဗျာနှင့် ပေစာ ကဗျာတို့ ဘာကြောင့် မတူတာပါလဲ။ ပေစာကဗျာက ဘာကြောင့် ပိုပြီးချောမွေ့ပြေပြစ်တာပါလဲ။ ကျောက်စာ၊ မင်စာက ကျောက်ပေါ်၊ နံရံပေါ်မှာ စွဲနေပြီး ဖြစ်သည်။ ထပ်ပြီး ပြင်ဆင်မွမ်းမံ၍ မရတော့ပါ။ ပေပေါ်က ပျို့တွေကတော့ ကျောက်ပေါ်မှာလို စွဲထင်မနေသည့်အတွက် ခေတ်အဆက်ဆက် ပြင်ဆင်တည်းဖြတ်ခဲ့ကြသည် မဟုတ်ပါလား။ စာလုံးပေါင်းပုံတွေကိုလည်း ပုဂံခေတ်၊ အင်းဝခေတ်တို့လို မဟုတ်ဘဲ ယခုခေတ် စာလုံးပေါင်းအတိုင်း ပြင်ဆင်တည်းဖြတ်ထားခြင်း ဖြစ်ပါသည်။ အကယ်၍ ပါရမီတော်ခန်းပျို့ကို ပေထက် မတင်ဘဲ ရတနာဗိမာန်ကျောင်း ကျောက်စာလို ကျောက်စာ ရေးထိုးခဲ့လျှင် 'အံ့ဖွယ် စံတိ မျိုဝ်ဇာတိကိုဝ်' (အံ့ဖွယ်စံတိ မျိုးဇာတိကို) ဟူ၍ ရတနာဗိမာန်ကျောက်စာမှာ ရေးပုံအတိုင်း အောက်မြစ်တွေ ဝစ္စပေါက်တွေ မပါဘဲ ရေးပါလိမ့်မည်။ 'ကိုဝ်'ကို 'ဝသတ်'ဖြင့် ရေးပါလိမ့်မည်။ စာလုံးပေါင်း ကွဲပြားသည်က လွဲ၍ ရတနာဗိမာန်ကျောင်း ကျောက်စာသည်လည်း ပါရမီတော်ခန်းပျို့ကဲ့သို့ ပင် ကဗျာအရာ မြောက်ပါသည်။ ခေတ် တစ်ခေတ်တည်းမှာ စာဆိုတစ်ဦးတည်းက ရေးဖွဲ့သော စာချင်း အတူတူ ကျောက်စာမှာကျတော့ မပြေမပြစ် ရေးမည်။ ပေစာမှာကျတော့ ပြေပြေပြစ်ပြစ် ရေးမည်ဟု ယူဆလျှင် သဘာဝ မကျပါ။ အကြောင်းအရာ ကွဲပြား၍ ရေးဟန်ချင်း ကွဲတာမျိုးတော့ ရှိနိုင်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျောက်စာနှင့် ပေစာ ကွာရုံနှင့် ရေးပုံချင်း မကွာနိုင်ပါ။ ဤသို့ဆိုလျှင် 'သူတည်းတစ်ယောက်'ချီ မျက်ဖြေလင်္ကာသည် စရေးစဉ်ကကဲ့သို့ မူရင်းအတိုင်း မပြောင်းမလဲ ရှိပါသလား။ ဦးကုလား ရာဇဝင်ထဲက မူနှင့် ယခုခေတ် အသုံးများသော မူတို့ပင် ကွဲပြားနေပါပြီ။

ဤနေရာတွင် ပုဂံဝန်ထောက်မင်း ဦးတင်၏ ကဗျာဗန္ဓသာရကျမ်းလာ မှတ်ချက်ကို ဖော်ပြလိုပါသည်။ မျက်ဖြေလင်္ကာ ၄ ပိုဒ် ပြရာ၌ 'ဤမျှသာ တိုတို ရှိသည်'၊ 'တိုတိုသာ ရှိသည်'ဟူသော မှတ်ချက်များဖြင့် တိုသောမူနှင့် ရှည်အောင် ချဲ့ထားသော မူတို့ကို ခွဲပြထားပါသည်။ မူရင်းအတိုင်း မဟုတ်တော့ဘဲ တဖြည်းဖြည်း ချဲ့လာသည့်မူ ဖြစ်ကြောင်း ထိုအဆိုအမိန့်က ဖော်ပြနေပါသည်။

## ( ၇ )

မျက်ဖြေလင်္ကာသည် အတွေးအခေါ် နက်နဲသော၊ အရေးအဖွဲ့ ကောင်းမွန်သော ကဗျာတစ်ပုဒ် ဖြစ်ကြောင်း အထူးဆိုရန် မလိုပါ။ ထိုလင်္ကာ ရေးဖွဲ့သော ခေတ်မှာမူ ပုဂံခေတ်ထက် နောက်ကျနေပါသည်။ တင်ပြခဲ့သော သာဓကများအရ ထင်ရှားလောက်ပါပြီ။ (သို့ဖြစ်လျှင် ထိုကဗျာကို မည်သူ ရေးဖွဲ့သလဲဟူသော ပြဿနာကို ကဏ္ဍတစ်ခုအဖြစ် စူးစမ်းရန် ရှိပါလိမ့်ဦးမည်။)

'မြကန်သာ'ချီ မြကန်ဘွဲ့ လင်္ကာကို 'တောင်ကျချောင်းတေး'၊ 'တူစွ ဟုတ္တာ' ဟူသော ပုဂံခေတ် အသုံးများ ပါသည့်အတွက် ပုဂံခေတ်တွင် ပေါ်ပေါက်သော ကဗျာအဖြစ် လက်ခံကြပါသည်။ မျက်ဖြေလင်္ကာမှာမူ ပုဂံခေတ်ထက် နောက်ကျသော ခေတ်၏ အသုံးများ ပါနေသည့်အတွက် ပုဂံခေတ်တွင် ပေါ်ပေါက်သော ကဗျာအဖြစ် သံသယရှိခဲ့ကြခြင်း ဖြစ်ပါသည်။

သဘောမတူသော ပုဂ္ဂိုလ်များမှာ အနန္တသူရိယအကြောင်းနှင့် ဆက်စပ်ပြီး 'ပုဂံခေတ် ကဗျာ'ဟု လက်ခံခဲ့သော အစဉ်အလာ အယူအဆကို စွန့်လွှတ်ဖို့ နှမြောနေပုံရပါသည်။ 'ပုဂံခေတ် ကဗျာ'ဟူသော ချစ်သူကလေးကို အဆုံးစီရင်ဖို့ လက်တွန့်နေပုံရပါသည်။ သုတေသနအမြင်အရမူ အထောက်အထား ခိုင်မာသည့်ဘက်က ရပ်တည်ရပါလိမ့်မည်။

သဘောမတူရသည့် အကြောင်းများတွင် 'သမိုင်းဆရာတွေက မြန်မာစာအကြောင်း ဝင်ပြောရကောင်းလား'ဟူ၍ အပြစ်တင်လိုရိပ်လည်း

mgyoe.com

ပါဝင်ပါသေးသည်။ ဤမျက်ဖြေလက်ာပြဿနာကို အစောဆုံး စူးစမ်းဖော်ထုတ်သည့် ပုဂ္ဂိုလ်များမှာ သမိုင်းဆရာ (သမိုင်းပညာရှင်)များ မဟုတ်ဘဲ မြန်မာ စာပေကို ကမ္ဘာသိအောင် အမြင်ကျယ်ကျယ်ဖြင့် သုတေသနပြုခဲ့သော မြန်မာစာ ဆရာ(မြန်မာစာပေပညာရှင်)များ ဖြစ်သည်ကို မေ့မနေသင့်ပါ။

*မဟာသီမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေဘုံနိဒါန်းကို ဦးစ မရေးကြောင်း

သုတေသီများ ဆွေးနွေး ဖြေရှင်းခဲ့ကြသော စာပေပြဿနာများတွင် မြဝတီမင်းကြီးဦးစနှင့် ပတ်သက်သည့် ပြဿနာနှစ်ခု အပါအဝင် ဖြစ်သည်။ 'ရွှေဘုံနိဒါန်း'ဟု အမည်ရှိသော ထီးနန်းအစဉ်အလာဆိုင်ရာ ကျမ်းနှင့် 'ထူးမခြားနား' အစချီ ရောင်ခြည်တော်ဘွဲ့ သီချင်းခံကြီးတို့ကို မြဝတီဦးစ ရေး၊ မရေး ဆိုသော ပြဿနာ ဖြစ်ပါသည်။

ရွှေဘုံနိဒါန်းကို မြဝတီမင်းကြီးဦးစ ရေးသော ကျမ်းအဖြစ် ဖော်ညွှန်းသည့် အဆိုအမိန့်ကို ကိုလိုနီခေတ်တွင် စတင် တွေ့ရသည်။ မြန်မာသက္ကရာဇ် ၁၂၆၆ ခု (ခရစ်နှစ် ၁၉၀၄) ခုတွင် ပညာအုပ်မင်းဦးလွင် စုဆောင်း ရေးမှတ်သော 'ကဗျာသင်္ဂဟမေဒနီကျမ်း'၌ တွေ့ရခြင်း ဖြစ်သည်။ မြဝတီမင်းကြီးဦးစ ၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာတွင် '... နောက် ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော် အိမ်ရှေ့အတွင်းဝန် အဘိုးက အိမ်ရှေ့ဘုရားမှာ အရည်အချင်းနှင့်တကွ လျှောက်ထား ဆက်သက် ခစားနေရသည်အတွင်း'ဟု ဖော်ပြချက်အရ ရွှေဘုံနိဒါန်းကို မြဝတီမင်းကြီးဦးစ ရေးသားသည်ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။ အရေးပိုင်မင်း ဦးကျော်ထွန်း ကြီးကြပ်ပြင်ဆင်သော မြန်မာစာညွှန့်ပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျမ်း ဒုတိယတွဲ (၁၉၁၇) တွင် စာဆိုများ၏ အတ္ထုပ္ပတ္တိကို နောက်ဆက်တွဲအဖြစ် ပြရာ၌ မြဝတီမင်းကြီးဦးစ အကြောင်းတွင် 'ရွှေဘုံနိဒါန်းကို ရေးသား စီရင်သော်' ဟူ၍ပင် ပြထားပါသည်။

ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း (၁၉၃၈) တွင်လည်း မြဝတီမင်းကြီးဦးစ အကြောင်း၌ 'ထို့နောက် ရွှေဘုံနိဒါန်းကို ရေးသား စီစဉ်သည်တွင်' ဟူ၍ပင် ဖော်ပြထားပါသည်။ ထိုကျမ်းကြီး သုံးကျမ်း၏ အဆိုအမိန့်ကို အထောက်အထားပြု၍ ရွှေဘုံနိဒါန်းကျမ်းကို မြဝတီမင်းကြီးဦးစ ရေးသည်ဟု မှတ်ယူမှုများ ရှိလာပါသည်။

၁၉၅၇ ခုနှစ်တွင် မြန်မာစာ မဟာဝိဇ္ဇာတွဲအတွက် ဗိုလ်ကြီးဘသောင်း (နောင် ဗိုလ်မှူးဘသောင်း) ပြုစုတင်သွင်းသော 'စာဆိုတော်များ အတ္ထုပ္ပတ္တိ' တွင် မြဝတီမင်းကြီးဦးစ အတ္ထုပ္ပတ္တိ၌ 'တံတားဦးရွာလျှင် ဖွားရာဇာတိ ရှိသော 'ရွှေဘုံနိဒါန်းဆရာ' ဧယျသင်္ခယာတွဲ့ခံ အိမ်ရှေ့အတွင်းဝန်သည် အိမ်ရှေ့နန်းစံ ရွှေတောင်မင်းအထံတော်သို့ ဦးစ၏ အရည်အသွေးကို လျှောက်ထား တင်ဆက်သည်တွင် ဦးစသည် အိမ်ရှေ့တော်သို့ ရောက်သည်' ဟု တွေ့ရသည်။ 'ရွှေဘုံနိဒါန်းဆရာ ဧယျသင်္ခယာတွဲ့ခံ အိမ်ရှေ့အတွင်းဝန်'ဟူသော စကားကို အမှတ်အသားပြုပြီး 'ဝေါဟာရလီနတ္ထဒီပနီကျမ်း မျက်နှာ ၂၃၀ နှင့် ကဝိလက္ခဏာဒီပနီကျမ်း မျက်နှာ ၁၃၄' ဟူ၍ အောက်ခြေမှတ်ချက် ပြထားပါသေးသည်။ အောက်ခြေမှတ်ချက်အရ ဗိုလ်ကြီးဘသောင်းသည် ထိုကျမ်းနှစ်ကျမ်းကို အထောက်အထားပြု၍ ရွှေဘုံနိဒါန်း ကျမ်းပြုသူမှာ ဧယျသင်္ခယာတွဲ့ခံ အိမ်ရှေ့အတွင်းဝန် ဖြစ်ကြောင်း အခိုင်အမာ ဆိုလိုက်ခြင်း ဖြစ်သည်ဟု နားလည်ရပါသည်။ တစ်နည်း ဆိုရလျှင် ရွှေဘုံနိဒါန်း ရေးသူမှာ မြဝတီဦးစ မဟုတ်ကြောင်း ဧယျသင်္ခယာသာ ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဗိုလ်ကြီးဘသောင်း ကိုးကားသော ကျမ်းနှစ်ကျမ်းကို လေ့လာကြည့်သောအခါ ကဝိလက္ခဏာဒီပနီကျမ်းတွင် 'ဧယျသင်္ခယာတွဲ့ခံ အဘိုး စီရင်သည့် ရွှေဘုံနိဒါန်း စာစောင်'ဟု တွေ့ရပြီး ဝေါဟာရလီနတ္ထဒီပနီတွင်လည်း 'အိမ်ရှေ့ အတွင်းဝန် ဧယျသင်္ခယာတွဲ့ခံ အဘိုး စီရင်သည့် ရွှေဘုံနိဒါန်းစာစောင်' ဟူ၍ပင် တွေ့ရပါသည်။ ထိုကျမ်း နှစ်ကျမ်းစလုံးမှာ ခိုင်လုံကိုးစားလောက်သော ကျမ်းများ ဖြစ်သည့်အတွက် ကျမ်းပြုသူက အကိုးအကားပြုကာ သက်သေထူလိုက်ခြင်း ဖြစ်ပါသည်။ (ထိုကျမ်းကို ၁၉၆၂ ခုတွင် ရှမဝစာအုပ်တိုက်က

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ် ထုတ်ဝေခဲ့ရာ 'မောင်သုတ' အမည်ခံ ဗိုလ်ကြီးဘသောင်း (နောင် ဗိုလ်မှူးဘသောင်း) မဟာဝိဇ္ဇာ ရွှေတံဆိပ်ရ) ပြုစုသော စာဆိုတော်များ အတ္ထုပ္ပတ္တိဟူ၍ ထင်ရှားပါသည်။ ယခုဆိုလျှင် ၂၀၀၀ ပြည့်နှစ်တွင် ရာပြည့် စာအုပ်တိုက်က ပဥ္စမအကြိမ် ပုံနှိပ်ထုတ်ဝေပြီးပါပြီ။ ရှေ့တွင် ဖော်ပြခဲ့သော ကျမ်းများမှ အချက်အလက်များနှင့် ဆက်စပ်ကြည့်လျှင် အိမ်ရှေ့ အတွင်းဝန် ဇေယျာသင်္ခယာဘွဲ့ရ 'အဘိုး'ဆိုသော ပုဂ္ဂိုလ်မှာ မြဝတီမင်းကြီးဦးစကို အိမ်ရှေ့မင်း ထံ အပ်နှံပေးသော ပုဂ္ဂိုလ် ဖြစ်သည့်အပြင် ရွှေဘုံနိဒါန်းကျမ်း ပြုစုသော ပုဂ္ဂိုလ်လည်း ဖြစ်ကြောင်း သိနိုင်ပါသည်။ သို့ဖြစ်ပါလျက် ရွှေဘုံနိဒါန်းကို ဦးစ ရေးသည်ဆိုသော အယူအဆ အဘယ်ကြောင့် ပေါ်လာရပါသနည်း။ ဆရာမောင်သုတ (ဗိုလ်မှူးဘသောင်း)၏ ကျမ်းတွင်မူ အထူးအထွေ ရှင်းပြ မထားပါ။

၁၉၆၀ ပြည့်နှစ်တွင် မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် ပြုစုတင်သွင်း သော ဆရာကြီးဦးမြင့်ကြည်၏ 'မြန်မာတေးဂီတ အနုစာပေသမိုင်း'တွင် ထိုပြဿနာကို ရှင်းပြထားပါသည်။ ဆရာကြီးက ရွှေဘုံနိဒါန်း၏ နိဂုံးအရ ထိုကျမ်းသည် ၁၁၄၅ ခုနှစ်တွင် ပြုစုပြီးစီးသော ကျမ်း ဖြစ်ကြောင်း၊ ထိုအချိန် တွင် ဦးစမှာ အသက် ၁၇ နှစ်မျှ ရှိသေးကြောင်း၊ အသက် ၁၉ နှစ်အရွယ် ရှိမှ ဇနီးသည် သေဆုံးပြီး အမရပူရသို့ ရောက်လာကြောင်း ထောက်ပြကာ ထိုးထဲ နန်းထဲသို့ မခစားမီ အသက် ငယ်ရွယ်စဉ်က ရွှေဘုံနိဒါန်းကဲ့သို့ ကျမ်းမျိုး ပြုစုသည် ဆိုသည်မှာ မဖြစ်နိုင်ပုံကို ထင်ရှားစေပါသည်။ မြန်မာ စာပေသမိုင်းတွင် ထိုသဘောမျိုး တွေ့ရသည့်အတွက် 'ရှေ့ နောက် စကား မညီညွတ်ချေ'ဟု ဆရာကြီးက ဆိုထားသည်။ ဆရာမောင်သုတ ရည်ညွှန်း သော ကဝိလက္ခဏာဒီပနီနှင့် ဝေါဟာရလီနတ္ထဒီပနီကျမ်းမှ အထောက်အထား များကို ပြပြီး 'သို့ဖြစ်၍ ရွှေဘုံနိဒါန်းကို ဦးစ မရေးပေ။ ရွှေဘုံနိဒါန်း ရေးသူ ဇေယျာသင်္ခယာဘွဲ့ခံ အိမ်ရှေ့အတွင်းဝန်က ဦးစအား အိမ်ရှေ့မင်းထံ ဆက်သ ခြင်းသာ ဖြစ်သည်'ဟု ကွဲကွဲပြားပြား မိန့်ဆိုထားပါသည်။ (ဆရာကြီး ဦးမြင့်ကြည်၏ ကျမ်းကို ၂၀၀၁ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။)

ထိုပြဿနာ ဖြစ်ရသည့် အကြောင်းရင်းကို ထုတ်ဖော်သူမှာ ဆရာတော် ဦးသောဘိတ(ရွှေကိုင်းသား) ဖြစ်သည်။ 'အထက် ဗမာနိုင်ငံ စာရေးဆရာ အသင်း'က ၁၃၂၈ ခုနှစ်တွင် ကျင်းပသော စာဆိုတော်နေ့ အထိမ်းအမှတ်

mgyoe.com

mgyoe.com SAMPLE BOOK

စာတမ်းဖတ်ပွဲတွင် ဆရာတော်ရွှေကိုင်းသားက 'မြဝတီမင်းကြီးဦးစ ဘဝနဲ့ စာပေကိတ လေ့လာသုံးသပ်ချက်' စာတမ်းကို တင်သွင်းသည်။ ထိုစာတမ်းတွင် ရွှေဘုံနိဒါန်း ပြဿနာကို ဆရာတော်က ဆွေးနွေးရာတွင် ရှေ့က ပညာရှင်များ ပြခဲ့သော ဝေါဟာရလီနတ္ထဒီပနီနှင့် ကဝိလက္ခဏာဒီပနီတို့မှ အထောက်အထား များကိုပင် ကိုးကားပြီး 'မြဝတီဦးစနဲ့ ဇေယျသင်္ခယာဘွဲ့ခံ အဘိုးဟာ တစ်ဦးစီ ဖြစ်သလို၊ ရွှေဘုံနိဒါန်းကိုလည်း မြဝတီဦးစ မပြုစုကြောင်း ထင်ရှားစေပါ တယ်' ဟု မိန့်ဆိုသည်။ 'ဦးစဟာ ၁၇ နှစ်သားသာသာ ရှင်လူထွက်စ အရွယ်လောက်သာ ရှိသေးတာမို့ ရွှေထီးရွှေနန်း ထုံးတမ်းစဉ်လာ မင်္ဂလာ အခမ်းအနားတွေ အကြောင်းကို ကျမ်းတစ်စောင်တစ်ဖွဲ့ ပြုစုနိုင်လောက်အောင် ဒိဋ္ဌသုတ မုတ ဆိုတဲ့ ဗဟုသုတ အတွေ့အကြုံတွေ စုံလင်နိုင်သေးတဲ့ အရွယ် မဟုတ်လို့ ပြုစုနိုင်မှာ မဟုတ်သေးပါဘူး။ ပြီးတော့ အဲဒီအချိန်က မောင်စ ဟာ ထီးနန်းနဲ့လည်း မနီးစပ်သေးပါဘူး' ဟု အကျိုးသင့် အကြောင်းသင့် ရှင်းပြထားသည်။

ဆရာတော်ရွှေကိုင်းသားက ဦးလွင်၏ ကဗျာသင်္ဂဟမေဒနီမှ 'ရွှေဘုံ နိဒါန်းကို ရေးသား စီရင်သော်' ဆိုသော စကားပိုဒ်ကို ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင် 'ရွှေဘုံနိဒါန်းကို ရေးသားစီရင်သည်တွင်' ဟုပြောင်း လိုက်ခြင်း ဖြစ်ကြောင်း၊ နောက်က ဆက်သော အကြောင်းနှင့် စကားစပ် မညီဘဲ ဖြစ်နေကြောင်း ထောက်ပြပြီး 'ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော အိမ်ရှေ့အတွင်းဝန် အဘိုး'ဟု ဆိုလျှင် စကားစပ်ရော အဓိပ္ပာယ်ပါ မှန်မည် ဖြစ်ကြောင်း၊ 'သော'မှ 'သော်'သို့ ပြောင်းသွားခြင်းမှာ မူလရေးရင်း ပုဂ္ဂိုလ်၏ အာဘော် ဟုတ်ဟန်မတူကြောင်း၊ ပုံနှိပ်မှု ချို့ယွင်းသွားခြင်း ဖြစ်ပုံရကြောင်း၊ ၁၉၀၉ ခုနှစ် ပထမနှိပ်၊ အထက်မြန်မာနိုင်ငံ သတင်းစာ မီးစက်စာပုံနှိပ်တိုက် ၏ ချို့ယွင်းချက်ကို ၁၉၆၆ ခုနှစ်မှာ ထပ်မံပုံနှိပ်သော ဟံသာဝတီမူကပါ လိုက်မှားပြီး 'သော်'နှင့်ပင် ပုံနှိပ်ထားကြောင်း ရှင်းပြထားပါသည်။

ရှင်းလောက်ပါပြီ။ 'ရေးသားစီရင်သော'ကို 'ရေးသားစီရင်သော်'ဟု စာလုံးကလေး တစ်လုံး ပုံနှိပ်မှားသွားသည့်အတွက် စာပေပြဿနာတစ်ခုအဖြစ် ရှုပ်ထွေးသွားရပုံကို စိတ်ဝင်စားဖွယ်၊ သင်ခန်းစာယူဖွယ် တွေ့ရပါသည်။

ရှေ့က တင်ပြခဲ့သော စာပေပညာရှင်များ၏ စူးစမ်းဖော်ထုတ်မှုကြောင့် ယခု ထိုပြဿနာ ရှင်းသွားပါပြီ။ စပ်မိ၍ ဆိုရလျှင် ဦးကျော်ထွန်း၏ မြန်မာစာ

mgyoe.com

mgyoe.com SAMPLE BOOK

ညွှန့်ပေါင်းကျမ်း ဒုတိယတွဲကို 'မြန်မာ့တေးဂီတ အနုစာပေသမိုင်း' ကျမ်း ပြုစုခဲ့သော ဆရာကြီးဦးမြင့်ကြည်ပင် တည်းဖြတ်၍ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊ ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ်အဖြစ် ၁၉၉၂ ခုနှစ်က ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ နောက်ဆက်တွဲ၊ မြဝတီမင်းကြီးဦးစ အတ္ထုပ္ပတ္တိတွင် 'ရွှေဘုံ နိဒါန်းကျမ်းကို ရေးသားစီရင်သော' ဟူ၍ အမှန်အတိုင်း ပြင်ဆင်ထားပြီးပါပြီ။

ကဗျာသင်္ဂဟမေဒနီနှင့် မြန်မာစာပေသမိုင်းတို့ကို နောက်ထပ် ပုံနှိပ် လျှင် ထိုအချက်ကို ပြင်ဆင်ရန် လိုအပ်ပါလိမ့်မည်။

('ထူးမခြားနား' သီချင်းခံ ပြဿနာကို ဆက်လက် တင်ပြပါမည်။)

*မဟောသီမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# မြဝတီဦးစနှင့် ထူးမခြားနား

ယခင်လက မြဝတီမင်းကြီးဦးစ ရွှေဘုံနိဒါန်း ရေး၊ မရေး ပြဿနာနှင့် ပတ်သက်၍ ပညာရှင်များ သုတေသနပြုခဲ့ကြပုံကို တင်ပြခဲ့ပါသည်။ ယခု ဆက်လက်ပြီး 'ထူးမခြားနား' သီချင်းခံကြီးကို မြဝတီမင်းကြီးဦးစ ရေး၊ မရေး ပြဿနာအကြောင်း ဆွေးနွေးပါမည်။ စာပေဆိုင်ရာ ပြဿနာတစ်ခုကို အဖြေရှာရန် ပညာရှင်များ မည်သို့ အားထုတ်ခဲ့ကြသည်ကို လက်လှမ်းမီသမျှ ဖော်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤသို့ ဆွေးနွေးရခြင်း ဖြစ်ပါသည်။

'ထူးမခြားနား'ဟု ဆိုလျှင် အနည်းဆုံး ထိုနာမည်ကို ရှေးသီချင်းကြီး တစ်ပုဒ်၏ နာမည်ဟု သိကြပါလိမ့်မည်။ ရေဒီယိုတို့၊ ရုပ်မြင်သံကြားတို့က လွှင့်ထုတ်သည်ကိုလည်း ကြားဖူးကြပါလိမ့်မည်။ 'ထူးမခြားနား' ဆိုသော စကားလုံးကို အကျွမ်းတဝင် ရှိသူ များပါသည်။

'ထူးမခြားနား'နှင့် ဆက်စပ်ပြီး မြဝတီမင်းကြီးဦးစ၏ နာမည်ကို လည်း သိကြပါသည်။ ထူးမခြားနား သီချင်းခံကြီးသည် မြဝတီမင်းကြီးဦးစ လက်ရာ ဖြစ်သည်ဟု အများ သိထားကြသောကြောင့် ဖြစ်သည်။ ကျွန်တော် ဆိုလျှင် စာရေးဆရာကြီး ဣန္ဒနီ ရေးသားသော ထူးမခြားနား သရုပ်ဖော်

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းကို ငယ်ငယ်ကတည်းက ဖတ်ဖူးပြီး စိတ်ထဲမှာ စွဲနေပါသည်။ နန်းဦးစွယ်တော်စင်ဘုရား ရောင်ခြည်တော် လွှတ်တော်မူသည်ကို ဖူးမြော်ကြရသည့်အတွက် ထိုအကြောင်းကို သီချင်းဂီတ ရေးဖွဲ့ရန် မိဖုရားခေါင်ကြီးက ဦးစကို အမိန့်ချမှတ်သောကြောင့် ဦးစက ရောင်ခြည်တော် ခြောက်ပါး၏ အဓိပ္ပာယ် အကျယ်ကို မောင်းထောင်ဆရာတော်အား မေးမြန်း လျှောက်ထားခဲ့ပုံ၊ တိတ်ဆိတ်သော လပြည့်ညတွင် ဦးစသည် မောင်းထောင်ဆရာတော် ကိုးကွယ်သော စေတီတော်ကို ဝင်ဖူးစဉ် ဘုရားဖူးလာသော အဘိုးအိုနှင့် သမီး၊ သားအဖနှစ်ဦးက ဦးစ ရေးဖွဲ့သော မဥ္ဇူသကနတ်ပန်းဘွဲ့ကို တီးခတ် သီဆို၍ ဘုရားအား ပူဇော်နေသည်ကို ထူးထူးခြားခြား တွေ့ကြုံရပုံ၊ ဦးစက အဘိုးအိုထံမှ စောင်းကို ခဏငှားပြီး တီးခတ်ကာ ဘုရားရှင်ကို ပူဇော်ရာတွင် ထူးမခြားနား သီချင်းခံကြီးကို ရုတ်ခြည်းပင် ဖွဲ့ဆိုတီးခတ် ပူဇော်နေမိသည့် အဖြစ်နှင့် ကြုံရပုံ၊ နောက်တစ်နေ့တွင် မင်းသားကြီးနှင့် မိဖုရားခေါင်ကြီး ရှေ့တော်တွင် ထူးမခြားနား သီချင်းခံကြီးကို သီဆို တီးမှုတ် ဆက်သွင်းပုံတို့ကို ဆရာကြီးကုန္တနီ ပုံဖော်ရေးဖွဲ့ကြသည့်အတိုင်း မျက်စိထဲမှာ မြင်ယောင်နေမိပါသည်။

၁၉၆၀ ကျော်ကာလတွင် ရေဒီယိုမှ သီချင်းကြီး သရုပ်ဖော်ကဏ္ဍကို ပုံမှန်ထုတ်လွှင့်ပြီး သီချင်းကြီးများ၏ နောက်ခံဇာတ်လမ်းများကို သရုပ်ဖော်ခဲ့သည်။ ဖန်တီးသူမှာ ဆရာမောင်ကြည်ရှင် (ဘုတလင်ဦးချင်းစိန်) ဖြစ်သည်။ ဇာတ်လမ်းများက စိတ်ဝင်စားဖွယ် ကောင်းသည့်အပြင် သရုပ်ဆောင်သူ နိုင်ငံကျော် အနုပညာရှင်များကလည်း ပြောဆို သရုပ်ဆောင်ပုံ ပြောင်မြောက်လေသည့်အတွက် အများ နှစ်သက်သည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ထိုအစီအစဉ်တွင်လည်း ဆရာကြီးကုန္တနီ ရေးဖွဲ့သော ဝတ္ထုဇာတ်လမ်းကို သရုပ်ဖော် အသံလွှင့်ပြန်သည့်အတွက် ကျွန်တော့်စိတ်ထဲမှာ ပို၍ စွဲနေခဲ့ရပါသည်။

သို့သော် ထိုမျှ နာမည်ကျော်သော ထူးမခြားနား သီချင်းခံကြီးကို ရေးဖွဲ့သူနှင့် ပတ်သက်၍ ပြဿနာ ရှိကြောင်း ပညာရှင်များ ဆွေးနွေးကြသည်ကို စာပေ လေ့လာရင်း သိခွင့်ရခဲ့ပါသည်။ ကျွန်တော် ပထမဆုံး သတိပြုမိသော အဆိုအမိန့်မှာ ရွှေကိုင်းသား(ဆရာတော် ဦးသောဘိတ) ပြုစုဖတ်ကြားသော 'မြဝတီမင်းကြီးဦးစ၊ ဘဝနဲ့ စာပေ ဂီတ လေ့လာသုံးသပ်ချက်' စာတမ်းမှ အဆိုအမိန့် ဖြစ်သည်။ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၏ စာဆိုတော်နေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ တစ်ခုတွင် တင်သွင်းသော စာတမ်း ဖြစ်ပြီး ၁၉၆၇

mgyoe.com

mgyoe.com SAMPLE BOOK

ခုနှစ်က ထုတ်ဝေသော 'စာပေစာတမ်းများ'စာအုပ်တွင် ထိုစာတမ်းကို ဖော်ပြထားသည်။

ဆရာတော်က ထူးမခြားနား သီချင်းခံကြီးကို မြဝတီဦးစ ရေးသည်ဟု ဆရာအစဉ်အဆက် မှတ်ယူခဲ့ကြောင်း ၁၉၃၁ ခု ဖေဖော်ဝါရီလထုတ် 'မြန်မာ့ကျက်သရေမဂ္ဂဇင်း'မှ ပညာရှိဦးသန့်စင်၏ 'စွယ်တော်ကျောင်း' ဆောင်းပါးကို ကိုးကား၍ ဖော်ပြထားသည်။ ရှေ့မှာ တင်ပြခဲ့သည့်အတိုင်းပင် ဘကြီးတော်မင်းတရားလက်ထက် စွယ်တော်ကျောင်းမှ ဓာတ်တော် မွေတော်များ ရောင်ခြည်တော် ကွန့်မြူးသည်ကို အကြောင်းပြု၍ 'ထူးမခြားနား'ကို မြဝတီမင်းကြီးဦးစ ရေးဖွဲ့ကြောင်း ရေးသားချက် ဖြစ်သည်။

ဆရာတော်သည် ထူးမခြားနားကို မြဝတီဦးစ မရေးဟု ယူဆသော အဆိုအမိန့်ကိုလည်း ဖော်ပြထားသည်။ ထိုသို့ ယူဆသော ပုဂ္ဂိုလ်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဖြစ်သည်။ ဆရာကြီးသည် မစ္စတာမောင်မှိုင်းဘဝက သူရိယသတင်းစာတိုက် အယ်ဒီတာအဖြစ် ဆောင်ရွက်စဉ် 'မဟာဂီတအသစ်' စာအုပ်ကို ပြုစုခဲ့ရာ ထိုစာအုပ်ကို ၁၉၂၃ ခုနှစ်မှာ ဒုတိယအကြိမ် ပုံနှိပ်ရာတွင် ဆရာကြီးက ထူးမခြားနှင့် ပတ်သက်၍ မှတ်ချက်ပြထားသည်။ ပထမနှိပ်ခြင်းတွင်လည်း ထိုသီချင်းကို 'ရောင်ခြည်တော်ဘွဲ့ သီချင်းခံဟောင်းကြီး' (ရေးသူ အမည်မသိ)ဟု စာခေါင်း တပ်ခဲ့သည်။ ဒုတိယနှိပ်ခြင်း မှတ်ချက်တွင် ဆရာကြီးက ထိုသီချင်းကို ဘားနဒ်ပိဋကတ်တိုက်ရှိ ကင်းဝန်မင်းကြီး ပုရပိုက်ဆူရေနံ့ပါတ် ၁၅၉၅ တွင် ရေးသူ အမည်မပါဘဲ တွေ့ရကြောင်း၊ အခြား ပုရပိုက်မူများတွင်လည်း 'ဦးလွန်းပြေ ရေးသည်' ဟူ၍ လည်းကောင်း၊ 'စာဆိုသူ မသိ၊ ရှေးအလွန်ကျသော စာဟောင်းကြီး' ဟူ၍ လည်းကောင်း၊ မြဝတီမင်းကြီး ရေးသည်ဟူ၍ လည်းကောင်း တွေ့ရသေးကြောင်း ဖော်ပြသည်။ သို့သော် မြဝတီမင်းကြီး ရေးသမျှ သီချင်းများကို ကိုယ်တိုင် စုဆောင်းရေးမှတ်သည့် ပေမူထဲတွင် ထူးမခြားနား သီချင်း မပါကြောင်း ဆရာကြီးက ထောက်ပြပြီး '၄င်းထူးမခြားနား သီချင်းကြီးသည် မုချအမှန် မြဝတီမင်းကြီး မရေးကြောင်း၊ အလွန်ဟောင်းလျက် ရှေးကျလွန်းသော သီချင်းဖြစ်၍ ရေးသူကို မသိနိုင်ကြောင်း ထင်ရှားပေသည်'ဟု အဆုံးအဖြတ်ပေးပုံကို ဆရာတော် ရွှေကိုင်းသားက ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက 'ထူးမခြားနား'သည် အလွန်ရှေးကျသော သီချင်းဟောင်း ဖြစ်သည်ဟု ဆိုထားသည်ကို စတုရင်္ဂဗလဘွဲ့ခံ မြန်မာပညာရှိဦးဘောက သဘောမတူကြောင်း၊ 'ထူးမခြားနား'တွင် 'ဇေတဝန်နန်းခြားသန်းလေသာ ဆောင်စဉ်တည့်လယ်ချာ' ဟူ၍ ဇေတဝန်ဆောင် လေသာဆောင်တို့အကြောင်း ဖွဲ့ထားရာ ထိုအဆောင်များသည် အလွန်ရှေးမကျလွန်းသောကြောင့် ထူးမခြားနားသည် အလွန်ရှေးကျသော သီချင်းဟောင်းဟု ဆိုရန်ခဲယဉ်းသကဲ့သို့ ရှိသည်ဟု ဦးဘောက မိန့်ဆိုထားကြောင်းကိုလည်း ဆရာတော်ရွှေကိုင်းသားက ကိုးကား ဖော်ပြထားပါသည်။

သို့ဆိုလျှင် ဆရာတော်ရွှေကိုင်းသား ဖော်ပြသော ထူးမခြားနား ပြဿနာတွင် အပိုင်း ၂ ပိုင်း ရှိသည်ကို တွေ့နိုင်ပါသည်။ ထူးမခြားနားကို မြဝတီဦးစ ရေး၊ မရေးဆိုသော အပိုင်းနှင့် မရေးဟု ဆိုလျှင်လည်း ထိုသီချင်းကြီးသည် ရှေးကျသော သီချင်း ဟုတ်၊ မဟုတ် ဆိုသော အပိုင်းတို့ ဖြစ်သည်။ အစဉ်အဆက်က ထူးမခြားနားကို မြဝတီဦးစ ရေးသည်ဟု ယူဆသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မြဝတီဦးစ ရေးသော သီချင်း မဟုတ်၊ အလွန်ရှေးကျသော သီချင်း ဖြစ်သည်ဟု ဆိုသည်။ မြန်မာပညာရှိဦးဘောက ထိုသီချင်းသည် အလွန်ရှေးမကျဟု ဆိုသည်။

ဆရာတော်ရွှေကိုင်းသားက မိမိ သုတေသနပြုသည့် အပိုင်းကိုလည်း ဖော်ပြသည်။ ဆရာတော်သည် မန္တလေး ရှေးဟောင်းသုတေသနဌာနမှာ သိမ်းဆည်းထားသော ပုရပိုက်ဖြူရေး နန်းတော်ပန္နက်ပုံစံများကို လေ့လာကြည့်သောအခါ လက်လှမ်းမီသမျှ ရှေးအကျဆုံးနှင့် ဆောင်ရေ အနည်းဆုံး ဖြစ်သော သာလွန်မင်း၏ နန်းတော်ဥပင် ဇေတဝန်ဆောင်နှင့် လေသာဆောင်တို့ ပါရှိနေကြောင်း တွေ့ရသည်။ ထိုတွေ့ရှိချက်အရ ဇေတဝန်ဆောင်နှင့် လေသာဆောင်တို့သည် ရှေးကတည်းက ရှိခဲ့လိမ့်မည်ဟု ဆရာတော်က ကောက်ချက်ချသည်။

ထို့ပြင် ထူးမခြားနားသည် စွယ်တော်ကျောင်းမှ ဓာတ်တော်၊ မွေတော်များ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖွဲ့သော သီချင်း ဖြစ်သည့်အတွက် စွယ်တော် ဓာတ်တော်များ ဟံသာဝတီမှတစ်ဆင့် အင်းဝသို့ ရောက်လာသော ညောင်ရမ်းခေတ်ထက် မည်သည့်နည်းနှင့်မှ မစောနိုင်ဟုလည်း သုံးသပ်သည်။ အတွင်းသက်သေ ဖြစ်သော သီချင်းစာသားမှ 'ဇေတဝန်'၊ 'လေသာ' ဟူသော အသုံးအနှုန်းများကို ခေတ်နောက်ခံ အချက်အလက်နှင့် ဆက်စပ်၍ သုတေသနပြုခြင်းဖြင့် ပေါ်ထွက်လာသော ကောက်ချက် ဖြစ်ပါသည်။ ဆရာတော်က-

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဟာ ထူးမခြားနား သီချင်းကြီးနဲ့ ပတ်သက်ပြီး အစောဆုံး ခန့်မှန်းချက် ဖြစ်ပါတယ်။ ဒါမှမဟုတ် အများစုက လက်ခံထားကြတဲ့အတိုင်း ဘကြီးတော် လက်ထက် ရောက်မှ မြဝတီမင်းကြီး ရေးဖွဲ့တာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသေးတယ်။ တိတိကျကျ အဖြေပေးနိုင်ဖို့ကတော့ ရှေ့ဆက်ပြီး သုတေသနအလုပ်ကို ကျယ်ကျယ်ပြန့်ပြန့် စုပေါင်းပြီး လုပ်ပေးဖို့ လိုပါလိမ့် မယ်" ဟု မိန့်ဆိုခဲ့ပါသည်။

ကျွန်တော်သည် ဆရာတော် ရွှေကိုင်းသား မတိုင်မီက ပညာရှင်များ ထိုပြဿနာနှင့် ပတ်သက်၍ မည်သို့ မိန့်ဆိုခဲ့ကြသည်ကို စူးစမ်းကြည့်ပါသည်။ ၁၉၃၈ ခုနှစ်တွင် ပြုစုသော ဆရာကြီးဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း' နှင့် ၁၉၅၇ ခုနှစ်တွင် မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် ပြုစုတင်သွင်းသော ဆရာမောင်သုတ၏ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ'တို့တွင် မြဝတီမင်းကြီးဦးစ အကြောင်း၌ ထူးမခြားနား သီချင်းခံကြီးအကြောင်း ထည့်သွင်း ဆွေးနွေးထား သည်ကို မတွေ့ရပါ။ မြန်မာစာပေသမိုင်းတွင် ဦးစ၏ သီချင်းအမည်များကို ဖော်ပြရာ၌ 'ထူးမခြားနား' အမည် မပါသည်ကို ထောက်၍ မြဝတီဦးစ ရေးသော သီချင်း မဟုတ်ဟု ယူဆသည့်အတွက် ချန်ခဲ့ခြင်း ဖြစ်လေမည်လား ဟု တွေးမိပါသည်။

၁၉၆၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့အတွက် ပြုစုတင်သွင်းသော ဆရာကြီးဦးမြင့်ကြည်၏ 'မြန်မာတေးဂီတ အနုစာပေသမိုင်း'တွင်မူ ထူးမခြားနား ပြဿနာကို ဆွေးနွေးထားပါသည်။ မြန်မာစာညွန့်ပေါင်းကျမ်းနှင့် ဂီတဝိသောဓနီ၊ မဟာဂီတ စသော ဂီတကျမ်းတို့တွင် မြဝတီမင်းကြီးဦးစ ရေးသည်ဟု တညီ တညွတ်တည်း ဆိုသော်လည်း ကင်းဝန်မင်းကြီး၏ ပုရပိုက်အမှတ် ၉၂ တွင် 'စာဆိုသူကို မသိ။ အလွန်ရှေးကျသော စာဟောင်းကြီး'ဟု တွေ့ရပုံ။ ကင်းဝန် မင်းကြီး၏ မှတ်ချက်အရ ဦးစ မရေးဟု ယူဆရမည်ကဲ့သို့ ရှိပုံတို့ကို ဆွေးနွေး ထားပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကိုးကားခဲ့သော ပုရပိုက်မှ မှတ်ချက်နှင့် အတူတူ ဖြစ်ပုံရပါသည်။ ဦးစ ပြုစုသော ဂီတသမိုင်းမှတ်တမ်း ကြီးတွင်လည်း ထူးမခြားနားကို ထည့်သွင်း ဖော်ပြခြင်း မရှိသည်ကို ဆရာကြီး ဦးမြင့်ကြည်က ထောက်ပြပြီး ဦးစသာ 'ထူးမခြားနား'ကို ရေးခဲ့လျှင် ဤမျှ ကျော်ကြားသော သီချင်းတစ်ပုဒ်ကို ဦးစသည် 'ဂီတသမိုင်းမှတ်တမ်းတွင် မခြွင်းမချန်ရစ်ကောင်းချေ'ဟု မှတ်ချက်ချသည်။ ဤမှတ်ချက်အရ ဆိုလျှင် ဦးစသည် ထူးမခြားနားကို မရေးဟု ယူဆရမည်ကဲ့သို့ ရှိသည်။ သို့သော် ဆရာကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဦးမြင့်ကြည်က တစ်ဖက်မှ စဉ်းစားစရာများကိုလည်း ထောက်ပြထားပါသေးသည်။ ဦးစ၏ ဂီတသမိုင်းမှတ်တမ်းတွင် သီချင်းတစ်ပုဒ်တည်း ၂ နေရာ ၃ နေရာတွင် ၂ ခါပြန် ၃ ခါပြန် ထပ်နေခြင်း၊ 'လွမ်းခလေ့'ကဲ့သို့ ထင်ရှားသော သီချင်းတချို့ ကြွင်းကျန်ရစ်ခြင်းတို့ကို ထောက်လျှင် ထူးမခြားနားကိုလည်း သတိမေ့လျော့၍ မထည့်မိခြင်းပေလားဟု တွေးကြည့်နိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ထို့ပြင် ထူးမခြားနား သီချင်းမှ 'ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား' ဆိုသော စကားရပ်သည် ဦးစ ရေးကြောင်း သေချာသော 'ဓေယျာ ရွှေမြေ' သီချင်းမှ 'ထွန်းလျှံမိုးဖျား၊ ရေမီးသား၊ ရောင်တော်ထွေပြား' ဆိုသော စကားရပ်နှင့် တူနေသည်ကို ထောက်၍ 'ရောင်တော်ထွေပြား' ဆိုသော စကားရပ်သည် ဦးစ၏ လက်သုံးစကား ဖြစ်၍ သီချင်း ၂ ပုဒ်လုံးမှာ တွေ့ရခြင်းလား၊ သို့မဟုတ် ရှေးက ရေးခဲ့သော 'ထူးမခြားနား'မှ 'ရောင်တော်ထွေပြား' ကို ဦးစက သဘောတွေ့၍ 'ဓေယျာရွှေမြေ'မှာ ယူသုံးခြင်းလားဟု နှစ်ဖက်စလုံးက စဉ်းစားနိုင်ပုံကို မှတ်သားဖွယ် ရှင်းပြထားပါသည်။

ကင်းဝန်မင်းကြီး၏ မှတ်ချက်မှ အလွန်ရှေးကျသော သီချင်းကြီးဆိုသည်နှင့် ပတ်သက်၍ မြန်မာပညာရှိ ဦးဘောကဲ့သို့ပင် ဆရာကြီးဦးမြင့်ကြည်ကလည်း သံသယရှိသည်။ မုံရွေးဆရာတော် စုဆောင်းသော 'ဟာသဇဝနိကဉာဏမဥ္ဇရိကျမ်းနှင့် စောင်းတီးချင်းများ ပေမူတွင် 'ထူးမခြားနား'ကို မတွေ့ရသည့်အတွက် သံသယရှိခြင်း ဖြစ်သည်။ 'ရှေးအလွန်ကျပါမူ အထက်ဖော်ပြပါကျမ်းများတွင် ပါရန် သင့်ပေသည်'ဟု ဆိုထားသည်။ ဆရာကြီးသည် ဤသို့အဘက်ဘက်က စဉ်းစားပြီးနောက် 'ထူးမခြားနား'သည် ဘကြီးတော် ဘုရား၊ ဘိုးတော်ဘုရားတို့ လက်ထက်လောက်က ပေါ်ပေါက်သော သီချင်း ဖြစ်မည်ဟု ခန့်မှန်းသည်။

'ထူးမခြားနားကို ဦးစ မရေးနှင့် အရေး ချင့်ချိန်သောအခါ နှစ်ဖက်စလုံးမှပင် အချေအတင် ပြောနိုင်နေပါသည်။ ရရှိထားသော အချက်အလက်များဖြင့် သတိပြတ် ဆုံးဖြတ်ရန် မသင့်လျော်သေးဟု ယူဆပါသည်။ ယခုထက်ပိုမိုခိုင်လုံသော အထောက်အထား ရမှသာ တိကျစွာ ဆုံးဖြတ်ပေးနိုင်မည်ဖြစ်ပါသည်'ဟု ဆရာကြီး ဦးမြင့်ကြည်က မှတ်ချက်ချထားပါသည်။

မြဝတီမင်းကြီးဦးစ အနှစ် ၂၀၀ မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် မြန်စာပြန့် (မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း)က ၁၉၆၆ ခုနှစ်တွင်

mgyoe.com

'မြဝတီမင်းကြီး' ခေါင်းစဉ်ဖြင့် ဆောင်းပါးပေါင်းချုပ် စာအုပ် ထုတ်ခဲ့ပါသည်။ ထိုစာအုပ်တွင်မူ 'ရောင်ခြည်တော်ဘွဲ့'ဟု ကဏ္ဍပေးပြီး ထူးမခြားနားအကြောင်း ဆရာသုခ၊ ဦးသော်ဇင်၊ မြန်မာပညာရှိ ဦးဘော၊ ကုသ၊ ဣန္ဒနီ ဟူသော ဆရာကြီးများ ရေးသည့် ဆောင်းပါးများကို စုစည်း ဖော်ပြထားပါသည်။ မြဝတီမင်းကြီး၏ လက်ရာအဖြစ် လက်ခံသည့်သဘော ဖြစ်ပါသည်။

စာပေပြဿနာတစ်ခုကို သုတေသီပညာရှင်များ လေ့လာစူးစမ်း၍ သုတေသနပြုပုံများကို ကျွန်တော် လက်လှမ်းမီသမျှ ခြေရာကောက်ကြည့်ခြင်းဖြစ်ပါသည်။ သုတေသနပြုရာတွင် သက်ဆိုင်ရာ စာပေနှင့် ပတ်သက်သည့် 'ပြင်ပသက်သေ'များကို လေ့လာစူးစမ်း၍ စိစစ်ပုံ၊ ထိုစာပေထဲတွင် ရေးဖွဲ့ထားသော 'အတွင်းသက်သေ'ဖြစ်သည့် စကားရပ်များ၊ စာသားများကို လေ့လာစူးစမ်း၍ စိစစ်ပုံ၊ ပြင်ပသက်သေနှင့် အတွင်းသက်သေကို ဆက်စပ်လေ့လာပြီး အဘက်ဘက်က ကြည့်၍ ကောက်ချက်ချပုံ၊ အထူးသဖြင့် မိမိ၏ဆန္ဒကို ထည့်မစဉ်းစားဘဲ တွေ့ရှိသည့် အချက်အလက်များအပေါ်တွင်သာ အခြေပြု၍ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားပုံတို့ကို သိလာရသည့်အတွက် ကျေးဇူးကြီးမားပါသည်။

ဤသို့သော ပြဿနာများကို သုတေသီပညာရှင်များက သုတေသနပြုပြီး အဖြေရှာရန် အားထုတ်သည့် ရည်ရွယ်ချက်သည် မည်မျှ လေးနက်သိမ်မွေ့ကြောင်း ဆရာတော်ရွှေကိုင်းသား၏ အဆိုအမိန့်ကို ဖော်ပြ၍ ဤဆောင်းပါးကို နိဂုံးချုပ်ပါရစေ။ ဆရာတော်က-

''နှစ် ၂၀၀ ပြည့်တဲ့ ယခုအချိန်မှာ မြဝတီမင်းကြီးနဲ့ ပတ်သက်တဲ့ ဘဝပြဿနာတွေ၊ စာပေပြဿနာတွေ၊ သီချင်းဂီတနဲ့ ပတ်သက်ပြီး မြဝတီ ရေး မရေး ဆိုတဲ့ ပြဿနာတွေ ရှိတန်သမျှ ရှိနေပြီဖြစ်လို့မို့ အခုအတိုင်း မရှင်းဘဲ ပစ်ထားခဲ့မယ်ဆိုရင် နောင်အနှစ်တစ်ရာ ပြည့်လို့ 'မြဝတီ ၃၀၀ ပြည့် အထိမ်းအမှတ်ပွဲတွေ ကျင်းပတဲ့အခါမှာ မြဝတီရဲ့ ဘဝ စာပေ ဂီတတွေဟာ ပိုရှုပ်ထွေးပြီး ဖြေရှင်းမရနိုင်တဲ့ ပြဿနာတွေအဖြစ်နဲ့ ကျန်ရစ်ခဲ့မှာစိုးရပါတယ်'' ဟူ၍ တာဝန်သိသော ပညာရှင် စိတ်ဓာတ် အပြည့်အဝဖြင့် မိန့်ကြားတော်မူခဲ့သော စကား ဖြစ်ပါသည်။

*မဟေသီမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ဦးဩဘာသ၏ ဝတ္ထုဂုဏ်ရည် မဟုတ်သော စကားပြေဂုဏ်ရည်

ကုန်းဘောင်ခေတ် စာဆိုပညာရှင်တစ်ပါး ဖြစ်သော မင်းဘူးဆရာတော် ဦးဩဘာသသည် 'ဇာတ်ကြီးဆယ်ဘွဲ့' ခေါ် ဇာတ်တော်ကြီး ဆယ်စောင်အနက် ရှစ်စောင်ကို မြန်မာစကားပြေဖြင့် ရေးသားခဲ့ကြကြောင်း စာပေ လေ့လာသူများ သိကြပါသည်။ (ကျန်ဇာတ်တော် နှစ်စောင် ဖြစ်သော သုဝဏ္ဏသာမဇာတ်နှင့် ဘူရိဒတ်ဇာတ်တို့ကို ရှင်ပညာတိက္ခနှင့် ရှင်နန္ဒမေဓာတို့က အသီးသီး မြန်မာမှု ပြုခဲ့ကြပါသည်။)

ဦးဩဘာသ၏ ဇာတ်တော်ကြီး ဝတ္ထုများသည် စကားပြေ အရေးအဖွဲ့ ရှင်းလင်းပြေပြစ်ကြောင်း၊ စကားပြေကောင်း လက္ခဏာများနှင့် ညီညွတ်သော အရေးအဖွဲ့များ ဖြစ်ကြောင်း အစဉ်အဆက် အသိအမှတ်ပြုခဲ့ကြသည်။ ဦးဩဘာသ၏ စကားပြေကို စနစ်တကျ လေ့လာသော ဆောင်းပါးများ၊ စာတမ်းများ၊ ကျမ်းများလည်း ပေါ်ပေါက်ပြီး ဖြစ်ပါသည်။

အထူးသဖြင့် ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီး ဝတ္ထု အရေးအဖွဲ့ ပြောင်မြောက်ပုံကို ချီးကျူးသည့် အဆိုအမိန့်များကို ဂရုပြုမိပါသည်။ ဦးဩဘာသသည် ဟိမဝန္တာ ချီးမွမ်းခန်းတွင် ဟိမဝန္တာတောင် သာယာပုံ

mgyoe.com

ကို မည်သို့ တခမ်းတနား ဖွဲ့ထားသည်။ ဝေဿန္တရာမင်းကြီး၏ ပါရမီရှင် အရင့်အမာ စရိုက်၊ မဒ္ဒီဒေဝီ၏ မိန်းမမြတ်စရိုက်တို့ကို ပေါ်လွင်အောင် မည်သို့ ရေးဖွဲ့ထားသည်။ သားလိမ္မာ သမီးလိမ္မာ ဖြစ်သော ဇာလီနှင့် ကဏှာဇိန်တို့၏ သွင်ပြင်မူရာတို့ကို သနားစဖွယ်ကောင်းအောင် မည်သို့ ပြောင်မြောက်စွာ သရုပ်ဖော်ထားသည်။ ဇူဇကာပုဏ္ဏား၏ စရိုက်ကိုလည်း သူယုတ်မာ၏ ကြမ်းကြုတ်ခက်ထန်သော အမူအရာကို သရုပ်ဖော်ခြင်းအားဖြင့် ရုပ်လုံးကြွလာအောင် မည်သို့ ရေးဖွဲ့ထားသည် စသည်ဖြင့် ဖော်ပြ ချီးကျူးသော အဆိုအမိန့်များ ဖြစ်ပါသည်။ ဦးဩဘာသ သရုပ်ဖော်ကောင်းပုံ၊ ဇာတ်ဆောင်စရိုက် ဖန်တီးမှု အသက်ဝင်ပုံတို့ကို ချီးကျူးခြင်း ဖြစ်ကြောင်း နားလည်ရပါသည်။

သို့သော်… ဟိမဝန္တာ ချီးမွမ်းခန်းမှ ဟိမဝန္တာ သာယာပုံ အဖွဲ့သည် ဦးဩဘာသ၏ စိတ်ကူးဖြင့် ဖန်တီး ရေးဖွဲ့သော အဖွဲ့ မဟုတ်ပါ။ ဝေဿန္တရာ၊ မဒ္ဒီဒေဝီ၊ ဇာလီ၊ ကဏှာဇိန်၊ ဇူဇကာ စသော ဇာတ်ဆောင်အဖွဲ့များသည်လည်း ဦးဩဘာသ၏ စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့သော အဖွဲ့များ မဟုတ်ပါ။ ဝေဿန္တရာ ဇာတ်တော်ကြီး၏ အရင်းခံရာ ဖြစ်သော 'ဝေဿန္တရဇာတက အဋ္ဌကထာ တွင် ထိုအဖွဲ့များကို ပါဠိဘာသာဖြင့် ရေးဖွဲ့ထားပြီး ဖြစ်ပါသည်။ ဟိမဝန္တာ သာယာပုံလည်း ပေါ်လွင်ပြီးသား ဖြစ်ပါသည်။ ဇာတ်ဆောင်စရိုက် အဖွဲ့များလည်း ပေါ်လွင်ပြီးသား ဖြစ်ပါသည်။

မူလကတည်းက ကောင်းပြီးသားဖြစ်သော ထိုအရေးအဖွဲ့များကို ဦးဩဘာသက မြန်မာပရိသတ်အတွက် ဖတ်ချင်စဖွယ် ကောင်းသော မြန်မာစကားပြေဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ဘာသာပြန်ပေးခြင်း ဖြစ်ပါသည်။ မြန်မာပရိသတ် စိတ်ညွတ်နူးဖွယ် ဖြစ်အောင် ရှင်းလင်းပြေပြစ်သော စကားပြေဖြင့် မြန်မာမှု ပြုလိုက်သည့်အတွက် ထိုဇာတ်တော်ကြီးများသည် မြန်မာပရိသတ်နှင့် တစ်သားတည်း ဖြစ်ကာ ရင်းနှီးကျွမ်းဝင်လာရပါသည်။

ဤနေရာတွင် ဝေဿန္တရာဇာတ်၏ အရင်းခံရာ ဖြစ်သော ဝေဿန္တရ ဇာတကအဋ္ဌကထာ အကြောင်းကို ပြောဖို့ လိုပါလိမ့်မည်။ ဝေဿန္တရာဇာတ် အပါအဝင် ဂေါတမဘုရားရှင်၏ အတိတ်ဘဝ ဖြစ်စဉ်များကို 'ဇာတက'ဟု ခေါ်ပါသည်။ ဇာတကသည် သုတ္တန္တပိဋကမှ ခုဒ္ဒကနိကာယ် အပါအဝင် ကျမ်းများတွင် ဆယ်ခုမြောက်ကျမ်း ဖြစ်သည်။ ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ် ရှိသည်ကို မြန်မာတို့က 'ငါးရာ့ငါးဆယ်'ဟု ခေါ်ကြသည်။ ထိုဇာတ်ဝတ္ထု

mgyoe.com

mgyoe.com

များကို ပါဝင်သည့် ဂါထာ အရေအတွက်အလိုက် နိပါတ(နိပါတ်) ခေါ် အစုများ ခွဲထားသည်။ ဂါထာတစ်ခု ပါသော ဇာတ်များကို ဧကနိပါတ်၊ ၂ ဂါထာ ပါသော ဇာတ်များကို ဒုကနိပါတ် စသည်ဖြင့် နိပါတ်များ ခွဲထားသည်။ နောက်ဆုံး ဆယ်ဇာတ်မှာမူ ဂါထာ အရေအတွက် များသည့်အတွက် မဟာနိပါတ်ဟု ခေါ်သည်။ မြန်မာတို့က 'ဇာတ်တော်ကြီး ဆယ်ဘွဲ့' ဟု ခေါ်သော ဇာတ်များ ဖြစ်သည်။ ထိုဇာတ်များတွင် ဝေဿန္တရဇာတက (ဝေဿန္တရာ ဇာတ်ဝတ္ထု) သည် ၅၄၇ ခုမြောက် ဇာတ်ဝတ္ထု ဖြစ်သည်။

ဇာတကသည် မူလက ဘုရားဟောဂါထာများသာ ပါဝင်သည်။ ဇာတ်လမ်း ဇာတ်ကွက် မပါသေး။ ထိုဂါထာများကို အခြေပြု၍ ဇာတ်ဝတ္ထု ဖန်တီးသူများမှာ အဋ္ဌကထာဆရာများ ဖြစ်သည်။ ဇာတက အဋ္ဌကထာများကို ခရစ်နှစ် ၅ ရာစုတွင် ရှင်မဟာဗုဒ္ဓဃောသ ပြုစုသည်ဟုလည်း ဆိုကြသည်။ သီဟိုဠ်မှ အမည်မသိ ရဟန်းတော်တစ်ပါး ပြုစုသည်ဟုလည်း ဆိုကြသည်။ ထိုဇာတက အဋ္ဌကထာများကို မြန်မာပညာရှင်များက ပါဠိ တစ်ချက်၊ မြန်မာ တစ်ချက် နိဿယ ပြန်ဆိုခြင်း၊ ဇာတကအဋ္ဌကထာများကို ပျို့၊ ပြဇာတ်၊ ရကန် စသည့် ကဗျာများ ဖွဲ့ခြင်း၊ မြန်မာစကားပြေဖြင့် ပြန်ရေးခြင်းများ အစဉ်အဆက် ပြုလုပ်ခဲ့ကြသည်။ ဦးသြဘာသသည် ဝေဿန္တရာ အပါအဝင် ဇာတက အဋ္ဌကထာ ရှစ်စောင်ကို မြန်မာစကားပြေဖြင့် ပြန်ရေးခြင်း ဖြစ်သည်။ ဝေဿန္တရာ ဇာတ်တော်ကြီး ဝတ္ထု၏ ပဏာမတွင် ဝေဿန္တရာဟု ရအပ်သော အမည်ရှိသော ဇာတ်တော်ကို မြန်မာတို့ဘာသာ သီသာမှတ်လွယ် မိပွားယ် ထုတ်ဖွေ စကားပြေဖြင့် ဒေသနာရင်း မကြွင်းကုန်စင် ရေးစီရင်အံ့ ဟု ဆရာတော် ကိုယ်တိုင် အမှာအထား ပြုထားပါသည်။

ဝေဿန္တရ ဇာတကအဋ္ဌကထာ (မြန်မာပြန်)နှင့် ဦးသြဘာသ၏ ဇာတ်တော်ကြီး ဝတ္ထုကို နှိုင်းယှဉ်ကြည့်လျှင် ထိုအချက် ထင်ရှားပါလိမ့်မည်။ အောက်ဖော်ပြပါ သာဓကများတွင် တွေ့နိုင်ပါသည်။

*၁။ (က) ငါ၏ သားမြတ်တို့သည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏။*
*နှလုံးသည်လည်း ကွဲအံ့သော အခြင်းအရာကဲ့သို့ ဖြစ်၏။*
*ယခုကား ဇာလီကို လည်းကောင်း၊ ကဏှာဇိန်ကို လည်း*
*ကောင်း ထိုသားနှစ်ယောက်တို့ကိုငါ မမြင်ရခဲ့တကား။*
*(ဝေဿန္တရဇာတက အဋ္ဌကထာ)*

mgyoe.com

mgyoe.com SAMPLE BOOK

(ခ) ယခု ငါ၏ သားမြတ်အစုံတို့သည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏။ ကဏှာစိန်၊ ဇာလီ မောင်နှမတို့ကို မမြင်ရခဲ့တကား။

(ဦးဩဘာသ၊ ဝေဿန္တရာဇာတက အဋ္ဌကထာ)

၂။ (က) နှမ ကဏှာ၊ လာလတ်လော့၊ သေကုန်အံ့။ ငါတို့အား အသက်ရှင်ခြင်းဖြင့် အကျိုးသည် မရှိ။ လူတို့ကို အစိုးရသော ဖခင် မင်းကြီးသည် ဥစ္စာကို ရှာစေသော အလွန်ကြမ်းကြုတ်စွာသော ပုဏ္ဏားအား လှူလေသည် ဖြစ်၏။ အကြင်ပုဏ္ဏားသည် ငါတို့ကို နွားတို့ကဲ့သို့ ပုတ်ခတ်၏။

(ဝေဿန္တရာဇာတက အဋ္ဌကထာ)

(ခ) ငါ့နှမ ကဏှာစိန် လာလှည့်၊ ငါတို့ မောင်နှမ သေကြကုန်အံ့။ အသက်ရှင်၍ အဘယ်အကျိုး ရှိတော့အံ့နည်း။ ငါတို့ ခမည်းတော် မင်းကြီးသည် ဥစ္စာရမှုက် နှိပ်စက်သည်ဖြစ်၍ ကြမ်းကြုတ်စွာသော ဘီလူး ပုဏ္ဏားအား ယခု ငါတို့ကို ပေးခဲ့ကုန်ပြီ။ ထိုပုဏ္ဏားသည် တိရစ္ဆာန်ကျွဲ နွားတို့ကဲ့သို့ ငါတို့ကို ပုတ်ခတ်၏။

(ဦးဩဘာသ၊ ဝေဿန္တရာဇာတ်တော်ကြီး)

၃။ (က) သတို့သမီးငယ်သည် မြည်တမ်း၍ တုန်လှုပ်လျက် သွားလေသည် ရှိသော် ဘုရားလောင်းအား ပြင်းစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏။ ဟဒယဝတ္ထုရုပ်သည် ပူသည် ဖြစ်၏။ နှာခေါင်းသည် မလောက်သည် ဖြစ်၍ ခံတွင်းဖြင့် ပူကုန်သော ထွက်သက် ဝင်သက် လေတို့ကို လွှတ်၏။ မျက်ရည်တို့သည် သွေးပေါက်တို့သည် ဖြစ်၍ မျက်စိတို့မှ ထွက်ကုန်၏။

(ဝေဿန္တရာဇာတက အဋ္ဌကထာ)

(ခ) ဤသို့ သတို့သမီးငယ် ငိုမြည်တမ်း၍ တုန်လှုပ်လျက် သွားလေသည် ရှိသော် ဘုရားလောင်းအား ပြင်းစွာသော ပူဆွေးစိုးရိမ်ခြင်းသည် ဖြစ်၏။ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးသားသည်လည်း ယန်းပဲဖို၌ ပစ်သော သံတွေ

mgyoe.com

mgyoe.com SAMPLE BOOK

*ခဲကဲ့သို့ အလွန်ပူ၏။ အလွန်ပူလှစွာသော ထွက်သက် ဝင်သက်တို့ကိုလည်း နှာခေါင်းဖြင့် မဆုံသည် ဖြစ်၏။ ခံတွင်းဖြင့် ရှိုက်ရှူတော်မူရ၏။ မျက်ရည်တို့သည်လည်း သွေးပေါက်ကဲ့သို့ ဖြစ်၍ မျက်စိတော် နှစ်ဖက်မှ ယိုထွက် ကုန်၏။*

*(ဦးသြဘာသ၊ ဝေဿန္တရာဇာတ်တော်ကြီး)*

ယခု ပြခဲ့သော သာဓကများကို ကြည့်လျှင် ဦးသြဘာသ၏ ဖန်တီးမှု အတိုင်းအတာကို သိနိုင်လောက်ပါသည်။ သာဓက (၁) မှ အဋ္ဌကထာနှင့် ဇာတ်တော်ကြီးဝတ္ထုကို ယှဉ်ကြည့်လျှင် အဋ္ဌကထာမှ 'နှလုံးသည် ကွဲအံ့သော အခြင်းအရာကဲ့သို့ ဖြစ်၏' ဟူသော အချက်သည် ဦးသြဘာသ၏ ဇာတ်ဝတ္ထု တွင် မပါသည်ကို တွေ့နိုင်ပါသည်။ ကျန်အချက်များမှာ အတူတူပင် ဖြစ်သည်။ မဒ္ဒီဒေဝီ သစ်သီးရှာရာမှ ပြန်လာသောအခါ နို့ချို တိုက်ကျွေးနေကျ ဖြစ်သော သမီးကလေးကို မတွေ့ရသည့်အတွက် နို့ချိုတိုက်ကျွေးခွင့် မရသည့် မိခင် တစ်ယောက်၏ သောကကို မဒ္ဒီဒေဝီ၏ ရင်နှင့်ဖွယ် စကားဖြင့် ဖော်ပြပုံမှာ အဋ္ဌကထာတွင် ပါပြီးသား ဖြစ်ပါသည်။ ဦးသြဘာသက မြန်မာစကားပြေဖြင့် ပြန်ရေးသည့်အတွက် ပါဠိမှ မြန်မာသို့ အသွင်ပြောင်းသွားခြင်းသာ ဖြစ်ပါ သည်။ (အဋ္ဌကထာမှာ ပါသော အချက်အလက်ကို သိနိုင်ရန် ဒန့်တိုင်ဆရာတော် ရှင်ဂုဏရံသာလင်္ကာရ၏ အဋ္ဌကထာ နိဿယကို ပါဠိပိုဒ်များ ဖြုတ်၍ ဖော်ပြ ထားခြင်း ဖြစ်ပါသည်။)

သာဓက (၂) မှာ ဇာလိ ကဏှာ မောင်နှမကို ခမည်းတော်၏ ရှေ့ မှာပင် ပုဏ္ဏားက နှိပ်စက်သည့်အတွက် ဇာလိက နှမကလေး ကဏှာကို သနားစဖွယ် ရင်ဖွင့်ပြောဆိုနေပုံ ဖြစ်ပါသည်။ အနှိပ်စက်ခံနေရသော လူမမည် ကလေးများ ငိုကြွေးမြည်တမ်းနေပုံကို ကြားယောင်လာပြီး ကရုဏာသက်စေ နိုင်သည့် အဖွဲ့ ဖြစ်ပါသည်။ ထိုအဖွဲ့သည်လည်း အဋ္ဌကထာမှာ ပါပြီးသား ဖြစ်ပါသည်။ ဦးသြဘာသ၏ စကားပြေတွင် 'ပုဏ္ဏား'ကို 'ဘီလူးပုဏ္ဏား'၊ 'နွား'ကို 'ဆင် မြင်း ကျွဲ နွား'ဟု ချဲ့ပုံမျိုးကို တွေ့ရပါသည်။ အရင်းခံ စကားမှာ မကွာလှပါ။

mgyoe.com

mgyee.com SAMPLE BOOK

သာဓက (၃) မှာ သားနှင့် သမီးကို ဇူဇကာပုဏ္ဏားက မိမိမျက်စိရှေ့မှာပင် ရိုက်နှက်နေပုံ၊ ကလေးများ ငိုကြွေးနေပုံတို့ကို မြင်ရသည့်အတွက် ဝေဿန္တရာမင်းကြီး စိတ်ထိခိုက် ခံစားနေရပုံအဖွဲ့ ဖြစ်ပါသည်။ နှလုံးသားထဲက ပူပန်ပုံ၊ နှာခေါင်းဖြင့် အသက်မရှူနိုင်သည့်အတွက် ပါးစပ်က အသက်ရှူရပုံ၊ မျက်စိနှစ်ဖက်မှ သွေးပေါက်ကဲ့သို့ မျက်ရည်များ ကျလာပုံတို့ကို အဋ္ဌကထာမှာ ဖွဲ့ထားပြီး ဖြစ်ပါသည်။ ဦးသြဘာသက မင်းကြီး နှလုံးပူပုံကို 'ပန်းပဲဖိုဒ္ဓ ပစ်သော သံတွေ ခဲကဲ့သို့' ဟူ၍ ဥပမာ ဖြည့်စွက်ထားသည်ကို တွေ့ရပါသည်။ အရင်းခံ အချက်များမှာ အတူတူပင် ဖြစ်ပါသည်။ သိသာရုံ တင်ပြခြင်း ဖြစ်ပါသည်။ ဝေဿန္တရာဇာတ်တော်သည် လည်းကောင်း၊ အခြားဇာတ်တော်များသည် လည်းကောင်း သက်ဆိုင်ရာ ဇာတက အဋ္ဌကထာကို မြန်မာပရိသတ် ဖတ်ချင်စဖွယ် ဖြစ်အောင် ဆရာတော်ဦးသြဘာသက ချောမွေ့ပြေပြစ်သော စကားပြေဖြင့် ပြန်ရေးထားခြင်း ဖြစ်ပါသည်။

အဓိက ဖော်ပြလိုသော အချက်မှာ ဇာတက အဋ္ဌကထာမှာ ပါသော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံတို့ကို ဦးသြဘာသက မြန်မာမှု ပြုထားသည်မှတစ်ပါး မိမိ စိတ်ကူးဉာဏ်ဖြင့် ဇာတ်ဆောင်စရိုက် ဖန်တီးခြင်းများကို မပြုလုပ်ကြောင်း၊ ချောမွေ့ပြေပြစ်သော စကားပြေ အရေးအသားဖြင့်သာ မြန်မာပြန်ခြင်း ဖြစ်ကြောင်း ဖော်ပြလိုခြင်း ဖြစ်ပါသည်။ စကားပြေအရေးအသားအနေဖြင့်မူ အဋ္ဌကထာမှာ ပါသော အရိုးခံ အရေးအသားကို ဦးသြဘာသက ကာရန် အချိတ်အဆက်များဖြင့် ချဲ့ထွင်ကာ 'လမ်းနှစ်ဖက်မှ၊ ခက်ရွက်ညွန့်ဖူး၊ ယှက်ကူးသိုင်းမို့၊ စိမ်းညို့မှိုင်းဝေ၊ ပင်ခြေရှင်းရှင်း၊ သင်းသင်းပျံ့မွှေးသော၊ တောအရေး၏၊ တင့်တယ်ခြင်းကို မျှော်ကာရှုကာ၊ ရိပ်ခိုကာဖြင့်၊ မကွာတူကွ၊ သွားကြရလျှင်၊ ပြည်မရတနာ၊ နန်းအောင်ချာကို၊ ဘယ်မှာသခင်၊ အောက်မေ့ချင်တော့အံ့' ဟူ၍ ဟိမဝန္တာ ချီးမွမ်းခန်းတွင် မဒ္ဒီဒေဝီ လျှောက်ထားပုံကဲ့သို့ ဖွဲ့ခြင်းမျိုးကိုမူ အထင်အရှား တွေ့ရပါသည်။

ဇာတ်တော်ကြီး ဝတ္ထုများမှာတွင် တွေ့ရသော ဆရာတော်ဦးသြဘာသ၏ ဂုဏ်ရည်မှာ ဇာတ်လမ်း ဇာတ်ဆောင် နောက်ခံတို့ကို ဖန်တီးသော ဝတ္ထုဖန်တီးမှု ဂုဏ်ရည် မဟုတ်ပါ။ ရှင်းလင်းပြေပြစ်သော စကားပြေ အရေးအဖွဲ့ဂုဏ်ရည် ဖြစ်ပါသည်။

*ပန်းအလင်္ကာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyee.com

mgyoe.com SAMPLE BOOK

# အသံတန်ဆာ မဟုတ်သော သဒ္ဒါလင်္ကာရ

စာပေ ရေးဖွဲ့ရာတွင် 'အလင်္ကာ' ခေါ် အဆင်တန်ဆာများဖြင့် တန်ဆာဆင် ရေးဖွဲ့လေ့ ရှိသည်။ အလင်္ကာသည် ပါဠိ 'လင်္ကာရ'ကို မြန်မာမှုပြုထားသော ဝေါဟာရ ဖြစ်သည်။ 'အဆင်တန်ဆာ' 'တန်ဆာဆင်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ ယေဘုယျအားဖြင့် အဆင်တန်ဆာ ၂ မျိုး ခွဲသည်။ 'သဒ္ဒါလင်္ကာရ'၊ 'အတ္ထာလင်္ကာရ' ဟူသော ပါဠိဝေါဟာရများဖြင့် ဖော်ညွှန်းသည်။ ထိုဝေါဟာရ နှစ်လုံးကို မြန်မာမှု ပြုရာတွင် 'အသံတန်ဆာ'၊ 'အနက်တန်ဆာ' ဟု ပညာရှင် အချို့က မြန်မာမှု ပြုခဲ့ကြသည်။ အသံတန်ဆာဟူသည် အသံကို ချိုသာပြေပြစ်အောင် တန်ဆာဆင်သော အဆင်တန်ဆာ ဖြစ်ကြောင်း၊ အနက်တန်ဆာဟူသည် အနက်အဓိပ္ပာယ်ကို ဆန်းကြယ်အောင် တန်ဆာဆင်သော အဆင်တန်ဆာ ဖြစ်ကြောင်း ဖွင့်ဆိုကြသည်။ ကဗျာကို အကဲဖြတ်ရာ၌ အသံတန်ဆာ၊ အနက်တန်ဆာတို့ဖြင့် မည်သို့ တန်ဆာဆင် ရေးဖွဲ့ထားကြောင်း အကဲဖြတ်လေ့ရှိကြသည်။ ကဗျာ သင်ကြားပို့ချရာ၌လည်း အသံတန်ဆာ၊ အနက်တန်ဆာ တို့ကို ဖော်ထုတ်ပြကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းအဆင်တန်ဆာများကို အလင်္ကာကျမ်းများတွင် ရှင်းလင်းဖော်ပြ ထားသည်။ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သော အလင်္ကာကျမ်း အများစုမှာ 'သုဗောဓာလင်္ကာရ' ခေါ် ပါဠိလင်္ကာကျမ်းကို အခြေပြု၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သီဟိုဠ်ကျွန်းမှ အရှင် သံဃရက္ခိတ မဟာသာမိ မထေရ်သည် သုဗောဓာလင်္ကာရကို မာဂဓ(ပါဠိ)ဘာသာဖြင့် ပြုစုခဲ့သည်။ ထိုကျမ်းသည် ပုဂံခေတ်နှောင်းပိုင်းလောက်ကပင် မြန်မာနိုင်ငံသို့ ရောက် လာပြီး အင်းဝခေတ်တွင် အသုံးတွင်ကျယ်လာသည်။ ရဟန်းတော်များ ပိဋကတ် စာပေ သင်ကြားရာ၌ အလင်္ကာနည်းနာများဖြင့် အကဲဖြတ်နိုင်ရန် သုဗောဓာ လင်္ကာရကျမ်းကို သင်ကြားရသည်။ ထိုကျမ်းကို မူလက စာသင်သား သံဃာတော်များအတွက် ရည်ရွယ်၍ ဆရာတော်ကြီးများက နိဿယ ပြန်ဆိုကြသည်။ နောက်ပိုင်းတွင် ရဟန်းပညာရှိ လူပညာရှိများက သုဗောဓာလင်္ကာရကျမ်းကို နိဿယ ပြန်ဆိုခြင်း၊ မြန်မာဘာသာသက်သက်ဖြင့် ပြန်ဆိုခြင်း၊ သုဗောဓာလင်္ကာရကို အခြေပြု၍ မြန်မာအလင်္ကာကျမ်းများ ရေးသားခြင်းတို့ဖြင့် အလင်္ကာကျမ်းများ အစဉ်အဆက် ပေါ်ပေါက်ခဲ့သည်။ နောက်ပိုင်းတွင် ကျောင်းများ၊ တက္ကသိုလ်များတွင် မြန်မာစာ သင်ကြားရာ၌ အလင်္ကာကျမ်းများက နည်းနာများ အကဲဖြတ် သင်ကြားလာသည့်အတွက် အလင်္ကာနည်းနာများ အသုံးတွင်ကျယ်လာသည်။ အထူးသဖြင့် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ နည်းနာများကို မြန်မာစာ လေ့လာသူများ အကျွမ်းတဝင် ရှိကြသည်။

သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရကို အသံတန်ဆာ၊ အနက်တန်ဆာဟု မြန်မာမှုပြုခဲ့ကြရာ၌ အတ္ထာလင်္ကာရကို အနက်တန်ဆာဟု ခေါ်ခြင်းမှာ မှန်ကန်သော်လည်း သဒ္ဒါလင်္ကာရကို အသံတန်ဆာဟု ခေါ်ခြင်းမှာ မမှန်ကန်ကြောင်း တွေ့ရပါသည်။ ဤဆောင်းပါးတွင် ဤအချက်ကို တင်ပြလိုခြင်း ဖြစ်ပါသည်။

အလင်္ကာကျမ်းများတွင် သဒ္ဒါလင်္ကာရနည်းနာများကို 'ဂုဏ်ဆယ်ပါး' ဟု ဖွင့်ဆိုသည်။ စာပေ ရေးဖွဲ့ရာတွင် ဤနည်းနာများဖြင့် ဖွဲ့လျှင် ဂုဏ်မြောက်သည်။ နှစ်သက်ဖွယ် ဖြစ်သည်။ ဂုဏ်ဆယ်ပါးကို လေ့လာကြည့်လျှင် အသံနှင့်ဆိုင်သော ဂုဏ်များ ပါဝင်နေသလို အသံနှင့်မဆိုင်ဘဲ စကားအသုံးအနှုန်း၊ အနက်အဓိပ္ပာယ်တို့နှင့်ဆိုင်သော ဂုဏ်များလည်း ပါဝင်နေကြောင်း တွေ့ပါသည်။ မြင်သာအောင် ဖော်ပြပါမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

၁။ ပသာဒဂုဏ် - စကားအဆက်အစပ် ရှင်းလင်းပြီး အနက် အဓိပ္ပာယ် သိလွယ်ခြင်း။

၂။ ဩဇဂုဏ် - စကားကို လိုရင်းရောက်အောင် တိုတို ကျဉ်းကျဉ်း ရေးခြင်း၊ အနက်အဓိပ္ပာယ် အကျယ်ကို အကျဉ်းချုံးခြင်း၊ အကျဉ်းကို အကျယ်ချဲ့ခြင်း။

၃။ မဓုရတာဂုဏ် - အသံတူ အက္ခရာတူများ နီးနီးကပ်ကပ်ထား သည့်အတွက် အသံချိုခြင်း။

၄။ သမတာဂုဏ် - အသံနုများနှင့် အသံကြမ်းများ ခွဲ၍ဖြစ်စေ၊ ရော၍ဖြစ်စေ အချိုးအချ ညီအောင် ဖွဲ့ခြင်း။

၅။ သုခုမာလတာဂုဏ်-အသံကြမ်း နည်း၍၊ အသံနုများပြီး စကား ယဉ်ကျေးအောင် ဖွဲ့ခြင်း။

၆။ သိလေသဂုဏ် - လေးလေးပင်ပင် အသံများ၊ လုံးဆင့်များ သင့်အောင် ပါဝင်စေခြင်း။

၇။ ဥဒါရတာဂုဏ် - ထူးခြားလွန်ကဲမှုကို ဖော်ထုတ်ရေးဖွဲ့ခြင်း။

၈။ ကန္တိဂုဏ် - ဖြစ်ရိုးဖြစ်စဉ်ကိုပင် နှစ်သက်ဖွယ် ဖြစ် အောင် ရေးဖွဲ့ခြင်း။

၉။ အတ္ထဗျတ္တိဂုဏ် - စကားအရ၊ အနက်အရ အနက် အဓိပ္ပာယ် ထင်ရှားအောင် ဖွဲ့ခြင်း။

၁၀။ သမာဓိဂုဏ် - တကယ် မဟုတ်သည်ကို ဟုတ်သကဲ့သို့ တကယ် မရှိသူကို ရှိသကဲ့သို့ တင်စား ရေးဖွဲ့ခြင်း။

ဂုဏ်ဆယ်ပါး ဖွင့်ဆိုချက်များကို ကြည့်လျှင် မဓုရတာဂုဏ်၊ သာမတာ ဂုဏ်၊ သုခုမာလတာဂုဏ်၊ သိလေသဂုဏ် ဟူသော ဂုဏ်လေးပါးသာ အသံနှင့် ဆိုင်ပြီး ကျန်ဂုဏ် ၆ ပါးမှာ အသံနှင့်မဆိုင်ဘဲ စကား အသုံးအနှုန်း၊ အနက် အဓိပ္ပာယ်တို့နှင့်ဆိုင်ကြောင်း တွေ့နိုင်ပါသည်။ သမာဓိဂုဏ်ဆိုလျှင် အနက် အဓိပ္ပာယ် ထူးခြားဆန်းသစ်သွားအောင် တင်စားခြင်း ဖြစ်သည့်အတွက် အနက်

mgyoe.com

mgyoe.com SAMPLE BOOK

အဓိပ္ပာယ်က အဓိကဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် သဒ္ဒါလင်္ကာရ ကို အသံတန်ဆာဟု မြန်မာမှုပြုခြင်းမှာ မသင့်လျော်ကြောင်း တွေ့နိုင်ပါသည်။

အလင်္ကာကျမ်းများတွင် သဒ္ဒါလင်္ကာရကို ဘယ်လို ဖွင့်ဆိုပါသနည်း။ လေ့လာကြည့်ပါမည်။

၁။ အကြင်ဂုဏ်တို့သည် ထိုသို့ ဂုဏ်ဖြစ်သောကြောင့် သဒ္ဒါတို့ကို တန်ဆာဆင်ကုန်၏။ ထိုသဒ္ဒါလင်္ကာရ ဖြစ်သော ဂုဏ်တို့ကို ယမကအစရှိ ငါသည် ပြဆိုပေအံ့။

*(ယောမင်းကြီးဦးဘိုးလှိုင်၊ အလင်္ကာနိဿယ)*

၂။ အကြင်ဂုဏ်တို့သည် သဒ္ဒါတို့ကို တန်ဆာဆင်ကြကုန်၏။ ဝါ တင့်တယ်စေကုန်၏။ ထိုဂုဏ်တို့ကို ယမကအစရှိ ပြပေ တော့အံ့။

*(စံကျောင်းဆရာတော်၊ အလင်္ကာနိဿယသစ်)*

၃။ အကြင်ဂုဏ်တို့သည် သဒ္ဒါတို့ကို တန်ဆာဆင်ကြကုန်၏။ ထိုဂုဏ်တို့ကို ယမကအစရှိ ပြရပေတော့အံ့။

*(အရှင်ကုမာရ၊ အလင်္ကာပန်းကုံး)*

မြန်မာစာပေတွင် ထင်ရှားသော အထက်ဖော်ပြပါ အလင်္ကာကျမ်း ၃ ကျမ်းတွင် သဒ္ဒါလင်္ကာရကို ဖော်ညွှန်းရာ၌ အသံကို တန်ဆာဆင်သည်ဟု မဆိုဘဲ သဒ္ဒါတို့ကို တန်ဆာဆင်သည့် အဆင်တန်ဆာဟု တညီတညွတ်တည်း ဖော်ညွှန်းထားသည်ကို တွေ့နိုင်ပါသည်။

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက် ဝေါဟာရ အဘိဓာန်တွင် 'သဒ္ဒါလင်္ကာရ' ကို 'စာပေအဖွဲ့၏ သဒ္ဒါတန်ဆာ' ဟု ဖွင့်ဆိုပြီး 'သဒ္ဒါလင်္ကာရ' ကို 'သဒ္ဒ + အလင်္ကာရ၊ သဒ္ဒ = သဒ္ဒါ၊ အလင်္ကာရ = တန်ဆာ' ဟု လည်းကောင်း ခွဲခြား ရှင်းလင်းပြထားပါသည်။

သဒ္ဒါကို ဖွင့်ဆိုရာတွင် ၁ ပုဒ်၊ ၂ ပုဒ်တို့၏ အစီအရင်ကို ပြသော ကျမ်းဟု ဖော်ညွှန်းပြထားရာ 'ပုဒ်' ဟူသော အနက်မှာ အရင်းခံအနက် ဖြစ်ပါ သည်။ ပုဒ် ဆိုသည်မှာ 'ဝေါဟာရ၊ စကားလုံး' ကို ဆိုလိုခြင်း ဖြစ်သည်။ သာဓကပြရလျှင် 'ကေတု' ဆိုသော ပါဠိစကားလုံးသည် တံခွန်၊ မှန်ကင်း၊ အောင်လံ ဟူ၍ အနက်ရကြောင်း ဖော်ပြရာ၌ ကေတုဟူသော သဒ္ဒါသည် တံခွန်မှန်ကင်း အောင်လံဟူသော အနက်များကို ဟောသဖြင့် အလွန်မင်္ဂလာ

mgyoe.com

mgyoe.com

ရှိသော သဒ္ဒါ ဖြစ်သည်ဟူ၍ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ တပင်ရှွေထီးဝတ္ထုတွင် ရေးထားပုံကို ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ကိုးကား ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဆရာကြီးဦးဟုတ်စိန်၏ ပါဠိမြန်မာ အဘိဓာန်တွင် 'သဒ္ဒ'ကို 'အသံ၊ ဝေါဟာရ ပညတ်၊ သဒ္ဒါ' ဟူ၍ အနက် ၃ ပါး ပေးထားရာ အထက်ပါ သာဓကများအရ 'သဒ္ဒ'သည် 'အသံ'ကို ဆိုလိုခြင်း မဟုတ်ဘဲ ဝေါဟာရ ပညတ်(စကားလုံး)ကို ဆိုလိုခြင်း ဖြစ်ကြောင်း သိနိုင်ပါသည်။

အစ ပြန်ကောက်ပါမည်။ သဒ္ဒါလင်္ကာရကို အသံတန်ဆာဟု မည်သည့် အလင်္ကာကျမ်းမှာမှ မဆိုပါ။ သဒ္ဒါတန်ဆာ၊ သဒ္ဒါ အဆင်တန်ဆာဟုသာ ဆိုပါသည်။ ဂုဏ်ဆယ်ပါးကို ကြည့်လျှင် မဓုရတာဂုဏ်ကို အသံတန်ဆာဟု ပြော၍ ဖြစ်သော်လည်း သမာဓိဂုဏ်မှာမူ အသံနှင့် လုံးဝမဆိုင်ကြောင်း တွေ့နိုင်ပါသည်။

သို့ဆိုလျှင် သဒ္ဒါလင်္ကာရကို အသံတန်ဆာဟု အဘယ်ကြောင့် ဆိုခဲ့ကြပါသနည်း။ 'သဒ္ဒ'ကို 'အသံ'ဟုသာ အဓိပ္ပာယ်ကောက်ပြီး အသံတန်ဆာဟု ဆိုခဲ့ကြခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။

သဒ္ဒါလင်္ကာရကို 'ဆရာဇော်ဂျီက စကားပြေပြစ်မှုဆိုင်ရာ စည်းကမ်းစု' ဟု ဖော်ညွှန်းဖူးပါသည်။ အသံသည် စကားထဲတွင် အကျုံးဝင်သည့်အတွက် မဓုရတာဂုဏ်ကဲ့သို့ အသံ အဆင်တန်ဆာများသည်လည်း စကားတန်ဆာထဲတွင် အကျုံးဝင်သွားပါသည်။

သဒ္ဒါလင်္ကာရသည် အသံတန်ဆာ မဟုတ်ပါ။

*ပန်းအလင်္ကာမဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၉ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# သုဝဏ္ဏသာမနှင့် အန္ဓမုနိ

သုဝဏ္ဏသာမနှင့် အန္ဓမုနိရသေ့ငယ် နှစ်ဦးစလုံးမှာ ငယ်ရွယ်နုပျိုသော လုလင်များ ဖြစ်ကြသည်။

နှစ်ဦးစလုံး တောကြီးမျက်မည်းတွင် မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးနေကြသော သားလိမ္မာများ ဖြစ်ကြသည်။ ထို့ပြင် နှစ်ဦးစလုံး မြားမှန်ပြီး မိန်းမောသွားကြသည်။ သုဝဏ္ဏသာမကို မြားဖြင့် ပစ်သူမှာ ဗာရာဏသီပြည့်ရှင် ပိဠိယက္ခမင်းကြီး ဖြစ်၍ အန္ဓမုနိရသေ့ငယ်ကို မြားဖြင့် ပစ်သူမှာ အယုဒ္ဓယပြည့်ရှင် ဒသရထမင်းကြီး ဖြစ်သည်။

ဇာတ်လမ်းချင်း မည်မျှ တူပါသနည်း။ သုဝဏ္ဏသာမနှင့် ပိဠိယက္ခမင်းကြီး အကြောင်းကို ဇာတက (ဇာတ်တော်ကြီး ဆယ်ဘွဲ့)လာ သုဝဏ္ဏသာမဇာတ်တော်တွင် တွေ့ရပြီး အန္ဓမုနိ ရသေ့ငယ်နှင့် ဒသရထမင်းကြီးအကြောင်းကို ရာမာယဏမဟာ ကဗျာတွင် တွေ့ရသည်။

သုဝဏ္ဏသာမသည် မိဘနှစ်ပါး ဖြစ်သော ဒုကူလနှင့် ပါရိကာ၊ မျက်မမြင် ရသေ့နှစ်ပါးကို ဟိမဝန္တာတောတွင် လုပ်ကျွေးပြုစုနေသည်။ တစ်နေ့တွင် သမင်အပေါင်း ခြံရံလျက် မိဂသမ္မတာမြစ်သို့ သောက်ရေ ခပ်အသွား

mgyoe.com

mgyoe.com

တွင် သမင်လိုက်ရန် ဟိမဝန္တာသို့ ရောက်လာသော ပိဋ္ဌိယက္ခမင်းက လူလော နတ်လော နဂါးလောဟု သိလိုစိတ်ဖြင့် မေးမြန်းရန် ကြံစည်ရင်း သုဝဏ္ဏသာမ ကို မြားဖြင့် ပစ်ရာ မြားဆိပ်သင့်ပြီး လဲကျသွားသည်။ ထို့အတူ…

အန္ဓမုနိ ရသေ့ငယ်သည်လည်း မိဘနှစ်ပါး ဖြစ်သော မျက်မမြင် ရသေ့နှစ်ပါးကို တောထဲတွင် လုပ်ကျွေးပြုစုရင်း တစ်နေ့တွင် 'ဆရယူ' မြစ်ကမ်းမှာ ရေခပ်နေစဉ် လက်နက်စမ်းရန် တောထဲသို့ ရောက်နေသော ဒသရထမင်းက ရသေ့ငယ်ကို မြားဖြင့် ပစ်သည့်အတွက် ရသေ့ငယ် မြားဆိပ် သင့်ပြီး လဲကျသွားသည်။

နှစ်ဦးစလုံး မိဘများအပေါ်က် စိုးရိမ်ပူပန်ပြီး မိမိတို့ မရှိလျှင် မိဘ များကို ဘယ်သူ လုပ်ကျွေးပါမည်နည်းဟု ငိုယိုမြည်တမ်းကြသည်။ မင်းနှစ်ပါး ကို အကျိုးအကြောင်း ပြောကြသည်။ မင်းနှစ်ပါးမှာလည်း မြားဖြင့် ပစ်မိသည် ကို နောင်တရပြီး မိဘများ ရှိရာသို့ အရောက်သွားကာ အကျိုးအကြောင်း ပြောကြသည်။ သားမရှိလျှင် မည်သူ တံမြက်လှည်းပါမည်နည်း။ မည်သူ သစ်သီးရှာပါမည်နည်း။ မည်သူ ရေပူရေချမ်း ကမ်းပါမည်နည်း။ မိမိတို့မှာ အိုကြီးအိုမ ဘဝတွင် တွယ်ရာမဲ့ပါပြီဟူ၍ မိဘများ ငိုယိုမြည်တမ်းကြပြီး သားများ ရှိရာသို့ လိုက်လာကြသည်။ ဤအထိကား ဇာတ်လမ်းချင်း အတူတူ ပင်။ သို့သော် နောက်ပိုင်းတွင် ကွဲပြားသွားသည်။

သုဝဏ္ဏသာမ မိန်းမောရာ နေရာသို့ မိဘနှစ်ပါး ရောက်လာပြီး သစ္စာဆိုကြသည်။ ရှေးခုနစ်ဘဝက သုဝဏ္ဏသာမ၏ မိခင် ဖြစ်ဖူးသော ဗသုသုန္ဒရီ နတ်သမီးသည် သုဝဏ္ဏသာမ မြားမှန်သည်ကို မြင်၍ မိမိ ရောက်မသွားလျှင် သုဝဏ္ဏသာမ သေဆုံးရမည်ကို သိသဖြင့် ရောက်လာပြီး ပိဋ္ဌိယက္ခမင်းကြီးကို သုဝဏ္ဏသာမ၏ မိဘနှစ်ပါးထံ စေလွှတ်ခဲ့သည်။ မိဘနှစ်ပါး သစ္စာဆိုပြီးသော အခါ နတ်သမီးကလည်း သစ္စာဆိုသည်။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ် ပျောက်ပါစေသတည်းဟု ဆုတောင်းကြသည်။ သစ္စာတန်ခိုးဖြင့် သုဝဏ္ဏသာမ မြားဆိပ် ပြယ်ပြီး မိဘနှစ်ပါးလည်း မျက်စိ ပြန်မြင်သည်။

အန္ဓမုနိရသေ့ငယ်မှာမူ သုဝဏ္ဏသာမကဲ့သို့ ကံမကောင်းရှာပါ။ မိဘ နှစ်ပါး ရောက်လာသည်နှင့် ရသေ့ငယ်မှာ သေဆုံးရှာတော့သည်။ ရသေ့ နှစ်ပါးသည် အလွန်စိတ်ထိခိုက် ပူဆွေးပြီး သား သေဆုံးရသည့်အတွက် မိမိတို့ ရင်ကွဲနာကျ သေဆုံးရသကဲ့သို့ မင်းကြီးသည်လည်း သားအတွက် ပူဆွေးပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ကွဲနာကျကာ သေဆုံးရပါစေဟု ကျိန်ဆဲသည်။ ကျိန်ဆဲပြီးနောက် ရသေ့နှစ်ပါးလည်း သေဆုံးရသည်။

သုဝဏ္ဏသာမ မြားမှန်သည့် အခန်းသည် ဇာတ်တော်၏ နောက်ပိုင်းအခန်း ဖြစ်၍ မြားဆိပ်ပြယ်ပြီး ကျောင်းသခ်မ်းသို့ ပြန်ရောက်ပြီးနောက် အေးအေးချမ်းချမ်း ဇာတ်သိမ်းသည်။ ရသေ့ငယ် မြားမှန်ခန်းမှာမူ ရာမာယဏကဗျာ၏ ရှေ့ပိုင်း ဖြစ်၍ ဇာတ်လမ်း ရှေ့ဆက်ရန် အကြောင်းခံတစ်ခု ဖြစ်သည်။ ထိုအချိန်က ရာမမင်းသားပင် မဖွားမြင်သေးပါ။ နောက်ပိုင်းတွင် ဒသရထမင်းကြီးသည် သားတော် ရာမကို တိုင်းပြည်မှ နှင်မိသည့်အတွက် ဝမ်းနည်းပူဆွေးကာ ရသေ့နှစ်ပါး ကျိန်ဆဲသည့်အတိုင်း ရင်ကွဲနာဖြင့် နတ်ရွာစံရပါသည်။

သုဝဏ္ဏသာမနှင့် အန္ဓမုနိရသေ့ငယ်တို့ ငိုယိုမြည်တမ်းသော စကားချင်းမှာလည်း တူနေကြောင်း ပညာရှင်တို့ ထောက်ပြကြသည်။

ဇာတကဝတ္ထုများမှ ဇာတ်ကွက်များနှင့် ရာမာယဏမှ ဇာတ်ကွက်များ တူနေသည်မှာ ထိုမျှသာ မဟုတ်ပါ။ ဝေဿန္တရာဇာတ်မှ မဒ္ဒီဒေဝီ၏ စကားများနှင့် ရာမယဏဇာတ်မှ သီတာဒေဝီ၏ စကားများလည်း များစွာတူပါသည်။ ဝေဿန္တရာမင်းကြီး ဝင်္ကပါတောင်သို့ ထွက်ခွာခါနီးတွင် မဒ္ဒီဒေဝီက အတူ လိုက်ပါလိုကြောင်း လျှောက်ထားသော စကားနှင့် ရာမမင်းသားတောသို့ ထွက်ခါနီးတွင် သီတာဒေဝီက အတူ လိုက်ပါလိုကြောင်း လျှောက်ထားသော စကားများ တူသည်။ သားတော်၊ ချွေးမတော်တို့ ပင်ပန်းဆင်းရဲစွာနေရမည့် အရေးကို တွေး၍ ဝေဿန္တရာမင်းကြီး၏ မယ်တော် ဖုသဏီမိဖုရားကြီး ငိုကြွေးမြည်တမ်းပုံနှင့် ရာမမင်းသား၏ မယ်တော် ကောသလ္လာမိဖုရားကြီး ငိုကြွေးမြည်တမ်းပုံနှင့် တူသည်။

သုံးသပ်ကြည့်လျှင် ရာမယဏ မဟာကဗျာထဲက ဇာတ်ကွက်များ ကွဲထွက်ပြီး ဇာတကဝတ္ထုများထဲ ရောက်သွားဖို့ထက် ဇာတကဝတ္ထုများထဲမှ ကောင်းနိုးရာရာ ဇာတ်ကွက်များကို အခြေခံပြီး ရာမာယဏ မဟာကဗျာကြီးကို ဖန်တီး ရေးဖွဲ့ဖို့က ပို၍ ဖြစ်နိုင်ခြေ ရှိပါသည်။

ဇာတကသည် သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယမှ ၁၀ ခုမြောက်ကျမ်း ဖြစ်သည်။ ဘုရားရှင်၏ အတိတ်ဘဝ ဝတ္ထုပေါင်း ၅၄၇ ဇာတ် ပါဝင်သည်။ 'ငါးရာ့ငါးဆယ် ဇာတ်ကြီး ဆယ်ဘွဲ့'ဟု အများ သိကြသည်။ ၅၄၇ ဇာတ်ကို ငါးရာ့ငါးဆယ်ဟု ကိန်းဂဏန်း ပြည့်၍ ခေါ်ခြင်း ဖြစ်ပြီး နောက်ဆုံး ဇာတ်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

၁၀ ဇာတ်ကို ဇာတ်ကြီး ဆယ်ဘွဲ့ဟု ခေါ်ခြင်း ဖြစ်သည်။ ထိုဇာတ်ဝတ္ထုများသည် မူလက ဇာတ်လမ်းဇာတ်ကွက် မပါဘဲ ဘုရားရှင် ဟောတော်မူသော ဂါထာများသာ ပါဝင်ပြီး နောက်ပိုင်းတွင် အဋ္ဌကထာ ဆရာများက ဇာတ်လမ်း ဇာတ်ကွက်များဖြင့် ပုံဖော်ခြင်း ဖြစ်သည်။ ထိုဇာတကဝတ္ထုများတွင် ရာမာယဏ အပါအဝင် ဝေတာလ၊ ပဉ္စတန္တရ စသည့် အိန္ဒိယ ရှေးဟောင်းဝတ္ထုကြီးများမှ ဝတ္ထုဇာတ်လမ်းများနှင့် တူသော ဝတ္ထုများ ပါဝင်နေကြောင်း ပညာရှင်တို့ စိစစ်ကြည့်ပြီး မည်သည့် ဝတ္ထုများက ပို၍ အရင်းခံကျကြောင်း စူးစမ်းကြသည်။ ဇာတကနှင့် ရာမယဏကိုလည်း မည်သည်က အရင်းခံကျကြောင်း ဆွေးနွေးကြသည်။ နှစ်ဖက်စလုံးတွင် ဆွေးနွေးစရာများ ရှိကြသည်။ ရှေ့တွင် ဖော်ပြခဲ့သော အချက်များအရမူ ဇာတကဝတ္ထုများက ရာမာယဏထက် ပို၍ စောသည်ဟု ယူဆရန် ရှိပါသည်။

သုဝဏ္ဏသာမနှင့် အန္ဓမုနိရသေ့ငယ်တို့ကို အရင်းခံသော ဇာတ်ကွက်များကို ယှဉ်ကြည့်ပါက သိသာထင်ရှားသော အချက်တစ်ချက်ကို တွေ့ရသည်။ သုဝဏ္ဏသာမသည် ဘုရားအလောင်းတော် ဖြစ်သည်။ မြားမှန်သော်လည်း သစ္စာတန်ခိုးဖြင့် အသက်မသေဘဲ မြားဆိပ် ပြယ်ရသည်။ ထိုဇာတ်ကွက်ကို ရာမာယဏက ယူသည်ဆိုလျှင် ရသေ့ငယ်ကို ဘုရားလောင်းအဖြစ် ယူ၍ မဖြစ်နိုင်ပါ။ ရာမာယဏ မဟာကဗျာသည် ဗြာဟ္မဏဘာသာဝင်များ၏ ကိုးကွယ်ရာ ဖြစ်သော ဗိဿနိုးနတ်မင်း ဝင်စားသည့် ရာမမင်းသား၏ ဇာတ်လမ်းဖြစ်သည့်အတွက် ရသေ့ငယ်သည်လည်း ဗြာဟ္မဏဘာသာ အသွေးအရောင်ရှိသော ဇာတ်ဆောင် ဖြစ်ရပါလိမ့်မည်။ သုဝဏ္ဏသာမကဲ့သို့ အဓိကနေရာက ပါဝင်သည့် ဇာတ်ဆောင် မဟုတ်သည့်အပြင် ရှေ့ဆက်မည့် ဇာတ်လမ်းအရ မြားဒဏ်ကြောင့် ရသေ့ငယ် အသက်သေဆုံးရခြင်းကို အကြောင်းပြု၍ ရသေ့နှစ်ပါးက ဒသရထမင်းကြီးကို ကျိန်ဆဲခြင်း၊ ထိုကျိန်ဆဲမှု၏ အကျိုးဆက်အဖြစ် မင်းကြီး ရင်ကွဲနာကျ၍ သေရသည့် အကြောင်းရင်းဖြစ်သော ရာမမင်းသားကို ပြည်မှ နှင်ထုတ်ခြင်း စသည့် လာမည့် ဇာတ်လမ်းဇာတ်ကွက်များ ပေါ်ပေါက်လာအောင် ရှေ့က လမ်းခင်းပေးထားသည့် ဇာတ်ကွက်ဇာတ်လမ်း ဖြစ်နေခြင်းတို့ကြောင့် လိုက်ဖက်ဆီလျော်မည့် အပိုင်းလောက်သာ ယူခြင်း ဖြစ်မည်ဟု ယူဆရပါသည်။

*ပန်းအလင်္ကာမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ရာဝဏ၊ ချစ်ဦးညို၊ ခင်နှင်းယု

ဆရာမကြီး ဒေါ်ခင်နှင်းယု မကွယ်လွန်မီ ၂ နှစ်လောက်က ကျွန်တော်နှင့် အခမ်းအနားတစ်ခုမှာ ဆုံမိစဉ် 'ဆရာ့ဆောင်းပါးတစ်ပုဒ်ကို မစု ကိုးကားချင်လို့' ဟု ဆိုသဖြင့် 'ဟုတ်ကဲ့ ကိုးကားပါ ဆရာမကြီး၊ ဖြစ်ပါတယ်' ဟု ပြန်ပြောလိုက်သည်။

မကြာမီ ဆရာမကြီးက သူ့ဆောင်းပါး ပါသော ရွှေအမြုတေ မဂ္ဂဇင်း တစ်အုပ် ကျွန်တော့်ဆီ ပို့ပေးသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလထုတ် မဂ္ဂဇင်း ဖြစ်သည်။ ဆရာမကြီးက သူ့ဆောင်းပါးကို 'ဝင်းငြိမ်းမှသည် ချစ်ဦးညို၊ လင်္ကာဒီပချစ်သူနှင့် ရာဇကုမာရ'ဟု ခေါင်းစဉ် တပ်ထားသည်။ ဆရာမကြီး ကိုးကားထားသော ကျွန်တော့်ဆောင်းပါးမှာ ကလျာမဂ္ဂဇင်းမှာ ကျွန်တော် ရေးသော 'ရာမာယဏကို ခြေရာခံခြင်း' ဖြစ်သည်။ ချစ်ဦးညို၏ လင်္ကာဒီပ ချစ်သူအကြောင်း ဆွေးနွေးရာတွင် ဆရာမကြီးက ကျွန်တော့်ဆောင်းပါးမှာ တွေ့ရသော တမိလ်ရာမာယဏနှင့် ထိုင်းရာမာယဏတို့မှ ရာဝဏ(ဒသဂီရိ)၏ စရိုက် တင်ပြမှုကို ကိုးကားထားခြင်း ဖြစ်သည်။ ဆရာမကြီး၏ ဆောင်းပါး

mgyoe.com

mgyoe.com

ကို ပြန်ဖတ်မိရင်း ပြောချင်တာကလေးတွေ သတိရလာသည့်အတွက် ဤဆောင်းပါး ရေးဖို့ စိတ်ကူးပေါ်လာရခြင်း ဖြစ်ပါသည်။

လင်္ကာဒီပချစ်သူ နောက်က လိုက်လာသော ဂယက်များကို အများသိကြပါသည်။ အတွေးအမြင်သစ်၊ ရှုထောင့်သစ်ဖြင့် ရေးဖွဲ့သော အတတ်ပညာကို ချီးကျူးသည့် အသံများ တစ်ဖက်က ပေါ်လာသကဲ့သို့ ရာမာယဏဝတ္ထုကြီး ပျက်စီးပါပြီဟု စိုးရိမ် အပြစ်တင်သည့် အသံများ တစ်ဖက်က ပေါ်လာခြင်း ဖြစ်သည်။ သေချာသည်ကတော့ လင်္ကာဒီပချစ်သူကို အကြောင်းပြု၍ ချစ်ဦးညို ဆိုသော နာမည်သည် စာပေမျက်နှာစာမှာ အရောင်အသွေးစတင် ထွန်းတောက်လာခြင်း ဖြစ်ပါသည်။

အာရိယန်၊ ဒြဝိဒီယန်၊ မိုဟန်ဂျိုဒါရို၊ လင်္ကာဒီပ စသော ခမ်းနားထည်ဝါသည့် အခင်းအကျင်းများနှင့်အတူ ရာဝဏသည်လည်း လေးစားဖွယ်ရာ အရည်အသွေးများဖြင့် ရုပ်လုံးကြွလာသည်မှာ အထင်အရှားပင် ဖြစ်သည်။

မှတ်မိပါသေးသည်။ လင်္ကာဒီပချစ်သူ ထွက်ခါစ စာပေဗိမာန် ညစာစားပွဲတစ်ခုမှာ ဆရာကြီးဦးဆန်းထွန်း၊ ဆရာညွှန့်ကြူးတို့နှင့် တစ်ဝိုင်းတည်းကျ၍ စားရင်း သောက်ရင်း စကားပြောကြစဉ် လင်္ကာဒီပချစ်သူအကြောင်း စကားလမ်းကြောင်း သင့်သွားသည်။ ထိုညက ဆရာကြီးဦးဆန်းထွန်းက မှတ်ချက်ချသော စကားတစ်ခွန်းကို မှတ်မိနေပါသည်။ ချစ်ဦးညိုဟာ တော်တော်ထက်မြက်တဲ့ သူငယ်ပဲဟူ၍ ဖြစ်သည်။

သို့သော် ရာမဝတ္ထု၊ ရာမရကန်၊ ရာမသာချင်း၊ ရာမပြဇာတ် စသော မြန်မာရာမစာပေများကို လေ့လာသည့် အသိုင်းအဝိုင်းတွင်မူ ရာမဇာတ်ဟု ဆိုလိုက်သည်နှင့် ဓမ္မနှင့် အဓမ္မတို့၏ တိုက်ပွဲဆိုသော အာဘော်က နောက်က ကပ်ပြီး ပါလာမြဲ ဖြစ်သည်။ ရာမက ဓမ္မကို ကိုယ်စားပြုသော လူကောင်း၊ ရာဝဏ(ဒသဂီရိ)က အဓမ္မကို ကိုယ်စားပြုသော လူဆိုး၊ နောက်ဆုံးမှာ ဓမ္မက အောင်နိုင်ပြီး အဓမ္မက ကျဆုံးရသည်။ ဤခံယူချက်ဖြင့် လင်္ကာဒီပချစ်သူကို ရှုမြင်သောအခါ လက်မခံနိုင်ဘဲ ဖြစ်သွားကြရသည်။ သူတစ်ပါးအိမ်ရာ ကျူးလွန်ဖို့ ကြိုးစားသော လူဆိုးကြီးကို လူကောင်းလုပ်ပြီး ဖွဲ့ရကောင်းလားဟူသော အတွေးနှင့်အတူ မကျေမနပ် အပြစ်တင်မှုများ၊ အထိတ်တလန့် ဝေဖန်ပြောဆိုမှုများ ပေါ်လာရသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒေါ်ခင်နှင်းယုက လက်ဘဒ်ပချစ်သူ အမှာစာမှာ ဆရာမြသန်းတင့်က ချစ်ဦးညိုသည် ဝတ္ထုရေးဆရာ ဖြစ်သည်ဟူသော စကားနှင့်အတူ ဝတ္ထုရေးဆရာကမူ သမိုင်းအချက်အလက်ကို အစကောက်ရုံမျှ ကောက်ကာ ဇာတ်လမ်းနှင့် ဇာတ်ဆောင်စရိုက်ကို ဖန်တီးသည်။ သူ့စိတ်ကူးနှင့် သူ ပုံသွင်းယူသည်ဟု ရေးသားကာ ချစ်ဦးညိုအတွက် အကာအကွယ် ဒိုင်းတစ်ခု ပေးထားပုံကို ကိုးကား ဖော်ပြသည်။ ဝတ္ထုရေးဆရာ ရရှိထားသော လွတ်လပ်မှု လိုင်စင်သဘောကို ဖော်ညွှန်းသည်။

ရာမာယဏ မဟာကဗျာသည် ရာမဝတ္ထု အားလုံး၏ အရင်းခံရာဖြစ်သည်။ ဝါလမိကီရသေ့ကြီးက သက္ကတဘာသာဖြင့် ရေးဖွဲ့သော ကဗျာရှည်ကြီး ဖြစ်သည်။ ရာမာယဏသည် အိန္ဒိယနိုင်ငံတွင်သာမက ကမ္ဘာသို့ပင် ပျံ့နှံ့လာသည်။ အိန္ဒိယနိုင်ငံထဲမှာပင် ရာမာယဏပေါင်း ရာချီ၍ ရှိသည်ဟုဆိုသည်။ ရာမာယဏသည် အရှေ့တောင်အာရှသို့ ပျံ့နှံ့ရာတွင် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လော၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့အထိ ပျံ့နှံ့သည်။ အိန္ဒိယမြောက်ပိုင်း မှ ဝင်လာပုံရသော ရာမာယဏသည်လည်း တရုတ်ပြည်နှင့် ဂျပန်ပြည်သို့ ရောက်သည်။

စိတ်ဝင်စားစရာကောင်းသော အချက်တစ်ချက်မှာ ကမ္ဘာသို့ ပျံ့နှံ့နေသော ရာမာယဏဇာတ်များသည် အခြေခံကျောရိုး တူသော်လည်း ပျံ့နှံ့ရာဒေသမှ လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများ၊ ယုံကြည်ကိုးကွယ်မှုများ၊ အသစ်ပေါ်လာသော စိတ်ကူးစိတ်သန်းများဖြင့် မွမ်းမံပြင်ဆင် ချဲ့ထွင် ရေးဖွဲ့ကြသည့်အတွက် ရာမာယဏမူများတွင် ကွဲပြားခြားနားချက်များ ရှိသည်ဆိုသော အချက် ဖြစ်သည်။

မူရင်း ရာမာယဏမှ ရာမမင်းသည် ဟိန္ဒူနတ်ဘုရား ဗိဿနိုးဝင်စားသူ ဖြစ်သည့်အတွက် ရာမာယဏ၏ မူရင်း အသွေးအရောင်သည် ဟိန္ဒူအသွေးအရောင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ရာမသည် ဘုရားလောင်းဖြစ်၍ အလောင်းတော်ရာမဟု ခေါ်သည်နှင့်အညီ ဗုဒ္ဓဘာသာ အသွေးအရောင်လွှမ်းနေသည်။

အစ္စလာမ်ဘာသာ ကိုးကွယ်သည့် မလေးရှား၊ အင်ဒိုနီးရှားတို့မှ ရာမများမှာမူ အစ္စလာမ် အသွေးအရောင် ပါနေသည်။ ဇာတ်ဝင်စကားများတွင်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုရမ်ကျမ်းမှ အဆိုအမိန့်များ ပါဝင်နေသည်ဟု ဆိုကြသည်။ ဤအချက်သည်လည်း စိတ်ဝင်စားဖွယ်ပင်။

ဆိုခဲ့သည့်အတိုင်း ရာမာယဏမှ ဇာတ်လမ်း ဇာတ်ဆောင်များသည် ထပ်မံရေးဖွဲ့သူတို့၏ ဓလေ့ထုံးတမ်း ခံယူချက် အတွေးအမြင် စိတ်ကူးစိတ်သန်းများအရ အသွေးအရောင် ပြောင်းတတ်သည့် သဘာဝနှင့်အညီ ရာဝဏ(ဒသဂီရိ)၏ စရိုက်သည်လည်း မူလ ရာမာယဏနှင့် ကွဲပြားသော စရိုက်မျိုး ဖြစ်လာရခြင်းမှာ သဘာဝကျပါသည်။

ဆရာမကြီးဒေါ်ခင်နှင်းယု ကျွန်တော့် ဆောင်းပါးမှ ကိုးကားသော တမိလ် ရာမာယဏနှင့် ထိုင်း ရာမာယဏတို့တွင် ရာဝဏ၏ စရိုက်သည် ထူးထူးခြားခြား ကွဲပြားပါသည်။

တမိလ် ရာမာယဏ ဆိုသည်မှာ ၁၂ ရာစုတွင် ပေါ်ပေါက်သော တမိလ်စာဆို ကန်ဗန် (Kamban) ၏ ဣရာမာဝတာရမ် (Iramavataram) ဖြစ်သည်။ ရာမမင်း၏ ဆင်းသက်လာခြင်းဟု အဓိပ္ပာယ်ရသည်။ ရာမသည် ဗိဿနိုးဘဝမှ လူ့ဘဝသို့ ဆင်းသက်ကာ စံပြလူသားအဖြစ် ခိုကိုးရာမဲ့များကို ကယ်မ စောင့်ရှောက်သော စံပြလူသား ဖြစ်သည်။ မူရင်း ရာမာယဏနှင့် မတူသော အချက်မှာ ရာဝဏကို ပညာရှင် သူရဲကောင်းအဖြစ် အလေးအမြတ် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ရာဝဏသည် ဂုဏ်သိက္ခာ ကြီးမားသူ၊ မြင့်မြတ်ရဲရင့်သူ၊ ယဉ်ကျေးသိမ်မွေ့သူ၊ သီတာကို တည်ကြည်လေးနက်သော မေတ္တာမှန်ဖြင့် ချစ်မြတ်နိုးသူ၊ မိမိ၏ ဂုဏ်သိက္ခာကို ထိပါးမခံဘဲ ရဲရဲဝံ့ဝံ့ အသက်စွန့်သွားသူ ဖြစ်သည်။ ကန်ဗန်၏ ရာဝဏသည် ပညာရှင် သူရဲကောင်း မေတ္တာစစ်နှလုံးသားပိုင်ရှင် ဖြစ်သည်။ မိမိအချစ်ကို လက်ခံဖို့ ကျေးကျွန်သဖွယ် သီတာကို ချော့မော့ တောင်းပန်သူ ဖြစ်သည်။ ရာဝဏ ကျဆုံးရသည့်အတွက် စာနာ ဝမ်းနည်းမှုကို နက်နက်ရှိုင်းရှိုင်း ဖော်ပြသည်။ ဝါလမိကီ၏ ရာမာယဏတွင် ထိုခံစားမှုမျိုး မပါကြောင်း ပါမောက္ခ ဒေဆိုင်း (S.N.Deasai) က သုံးသပ်သည်။

ထိုင်း ရာမာယဏကို ရာမယီကန် (Ramakien) ဟု ခေါ်သည်။ 'ရာမ ဖြစ်ရပ်၊ ရာမအကြောင်း'ဟု အဓိပ္ပာယ်ရသည်။ ထိုင်းနိုင်ငံတွင် ၁၃ ရာစုမှ စ၍ ထိုင်းဘုရင်များ ရာမဘွဲ့ ခံကြသည်။ အယုဒ္ဓယခေတ်က ပေါ်ခဲ့သော ရာမဝတ္ထု၏ အစိတ်အပိုင်းများကို အခြေပြု၍ Ramakien ကို ပထမ ရာမ

mgyoe.com

mgyoe.com

ဘုရင်က ၁၉ ရာစုတွင် ကဗျာဖြင့် ရေးဖွဲ့ခြင်း ဖြစ်သည်။ ထိုင်းရာမာယဏ တွင်လည်း ရာဝဏ၏ စရိုက်သည် တစ်မူ ထူးခြားပါသည်။ ရာဝဏသည် အခက်အခဲများကို ဖြေရှင်းနိုင်သော ပညာရှင် ဖြစ်သည်။ သီတာကို မေတ္တာစစ် ဖြင့် ချစ်မိသူ ဖြစ်သည်။ သီတာကို ချစ်မိသည့်အတွက် ဆွေမျိုး၊ စည်းစိမ်၊ နိုင်ငံနှင့် အသက်ကိုပါ စွန့်သွားသူ ဖြစ်သည်။ ရာဝဏ ကျဆုံးခါနီး ပြော သွားသော စကားများမှာ ၁၉ ရာစု အချစ်ကဗျာတစ်ပုဒ်သဖွယ် ဖြစ်သည်။ ဘန်ကောက်ရှိ ဘုရားကျောင်းတစ်ခုတွင် ထိုစကားများကို ကျောက်ထက် အက္ခရာ တင်ထားသည်။ ဟိန္ဒူ ဗြာဟ္မဏတို့က ရာဝဏကို အောင်နိုင်သည့် အထိမ်းအမှတ်ပွဲကို နှစ်စဉ် ကျင်းပသော်လည်း ထိုင်းတွင်မူ ရာဝဏ ကျဆုံးမှု ကို အလွန်ကြေကွဲဖွယ် ဖြစ်ရပ်အဖြစ် မှတ်ယူသည့်အတွက် ဇာတ်ကရာတွင် ရာဝဏ ကျဆုံးခန်းကို ကပြခြင်း မပြုကြောင်း သိရပါသည်။ ထိုင်းရာဝဏသည် မကောင်းမှု ကျူးလွန်သူသက်သက် မဟုတ်ဘဲ စရိုက်ဆိုး၊ စရိုက်ကောင်း ရောနေ သော ကြီးကျယ်သော ဇာတ်ဆောင်တစ်ဦးအဖြစ် ပရိသတ်၏ ရင်ကို ထိရိုက်စေ သူ ဖြစ်ကြောင်း ပါမောက္ခဒေဆိုင်းက သုံးသပ်ထားပါသည်။ (ကျွန်တော် ဘန်ကောက် မြဘုရားသို့ ရောက်စဉ်က ရာမာယဏ သရုပ်ဖော် နံရံ ပန်းချီကားကြီး များတွင် ရာဝဏ၏ ရုပ်ပုံကို ခမ်းနားကြီးကျယ်စွာ ပို့ဆောင်ကြပုံ ပန်းချီကား ကြီးကို တွေ့မြင်ခဲ့ရပါသည်။)

ဆက်ပြောချင်ပါသေးသည်။ ရာမာယဏ မူများတွင် လက္ခဏကို ရာမထက် ပို၍ အလေးထား ရေးဖွဲ့ပုံမျိုး၊ ဟနုမာန်ကို ရာမထက် ပို၍ အလေးထား ရေးဖွဲ့ပုံမျိုးများလည်း တွေ့ရပါသည်။ ရာမမင်း အောင်မြင်မှုရခြင်းမှာ ညီတော် လက္ခဏ၏ အပို့ကောင်းမှုကြောင့် ဖြစ်သည်။ လက္ခဏသည် ပင်ကိုအစွမ်း ရှိသော်လည်း နောင်တော်ကို ချစ်ခင် ရှိသေသည့်အတွက် အစစ အနစ်နာခံကာ နောင်တော်ကို ရှေ့တန်းတင်ခဲ့သည်။ လေးတင်ပွဲမှာ အရင် လေးတင်ခွင့် ရသော်လည်း နောင်တော်ကို ဦးစားပေးလိုသည့်အတွက် လေးကို တစ်ဝက်သာ တင်ခဲ့သည်။ တစ်သက်လုံး နောင်တော်နှင့် မရီးတော်ကို ရိုသေလေးစားစွာ ဆက်ဆံသည်။ သမင်လိုက်ခန်းတွင် နောင်တော် အော်သံကြားပြီး ချက်ချင်း မလိုက်သည့်အတွက် မရီးတော်၏ ငြိုငြင်မှုပင် ခံရသေးသည်။ ရာမမင်း သံသယဝင်၍ သီတာကို ဘိုးတော်ရသေ့ထံ နှင်သောအခါ လက္ခဏပင် လိုက်ပို့ရသည်။ ရာမ သားတော် ကုသျှ၏ တိုက်ခိုက်ခြင်းလည်း ခံရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရာမမင်းက သားတော် သောနကို အိမ်ရှေ့ပေးပြီးနောက် လက္ခဏာ၏ အခန်း ပျောက်သွားသည်။ လက္ခဏာ၏ ပံ့ပိုးမှုကြောင့်သာ ရာမ ထိုအခြေအနေသို့ ရောက်ရသည့်အတွက် လက္ခဏာက ရာမထက် ပို၍ လေးစားစရာကောင်း သည် ဟူသော အမြင်မျိုးလည်း ရှိသည်။

စစ်ရေးစစ်ရာနှင့် ပတ်သက်လျှင် ဟနုမာန်က ရာမထက် ပို၍ ချီးကျူးဖွယ်ကောင်းကြောင်း ရေးဖွဲ့ပုံမျိုးလည်း ရှိသည်။ ဟနုမာန်၏ စစ် ပရိယာယ် ရဲစွမ်းသတ္တိတို့သည် ရာမ၏ အောင်မြင်မှုကို မည်သို့ အထောက် အပံ့ ပြုကြောင်း ဟနုမာန်လို သစ္စာရှိပြီး ရဲစွမ်းသတ္တိ ရှိသော အမှုထမ်းမျိုး ကြောင့် ရာမမင်း အောင်မြင်ရခြင်း ဖြစ်ကြောင်း ထောက်ပြကြသည်။

ရာမာယဏတွင် ရာမသည် ဇာတ်လိုက် ဖြစ်သော်လည်း အပြစ်အနာ အားနည်းချက် များစွာ ရှိသူ ဖြစ်သည်။ စိတ်ဓာတ်ပိုင်းတွင် အားနည်းသူ ဖြစ်သည်။ သီတာကို ရာဝဏ ခိုးယူသွားကြောင်း သိရသောအခါ မကြံတတ်၊ မစည်တတ် ဖြစ်ပြီး လေးကြိုးကို ပစ်ချကာ ငိုယိုပူဆွေးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရန်ပင် ကြံစည်မိသည်။ လက္ခဏ၊ သုဂြိပ်၊ ဟနုမာန် စသော အပံ့ အပိုးများက ဝိုင်းဝန်းအားပေး၍သာ ပုံမှန်ပြန်ဖြစ်ခြင်း ဖြစ်သည်။ သီတာဘက် က အပြစ် ကင်းစင်ကြောင်း သက်သေပြနိုင်ပါလျက် သံသယဝင်ပြီး သီတာ ကို မငဲ့မညှာ ရက်ရက်စက်စက် ပြုမူခြင်းကား ရာမအတွက် မဖြေဖျောက်နိုင် သော အမည်းစက်ကြီး ဖြစ်သည်။ ရဲစွမ်းသတ္တိနှင့် တိုက်ရည်ခိုက်ရည် ရှိ သလောက် စိတ်သဘောထား မကြီးနိုင်သူ ဖြစ်သည်။ အပြစ်တင်စတမ်း ဆိုလျှင် ရာမတွင်လည်း အပြစ်တင်စရာ အများကြီး ရှိသည်ဟု ထောက်ပြ ကြသည်။

အစ ပြန်ကောက်ပါမည်။ ရာဝဏ(ဒသဂီရိ)က ကာမပိုင် ရှိသော သီတာဒေဝီကို ခိုးယူသည့် ကိစ္စသည် လူမှုကျင့်ဝတ် ဖောက်ဖျက်သည့် ကိစ္စ ဖြစ်သည် ဆိုသော အချက်ကို ငြင်းစရာ မရှိပါ။ သို့သော် ရာဝဏ၏ အခြား ဆောင်ရွက်ချက်များကို ထည့်မစဉ်းစားတော့ဘဲ ထိုကိစ္စ တစ်ခုတည်းကိုသာ သဲသဲမဲမဲ ဖိပြီး ပြောနေခြင်းကိုမူ စဉ်းစားစရာ ရှိပါသည်။ ထိုကိစ္စနှင့် ပတ်သက် ၍ မိတ်ဆွေတစ်ယောက်နှင့် အချီအချ ပြောခဲ့ကြရပုံကလေးကို ပြန်သတိရ မိပါသည်။

mgyoe.com

လက်ာဒီပ ချစ်သူ အကြောင်း ပြောကြ ဆိုကြရာတွင် ထိုမိတ်ဆွေက 'ဓမ္မနှင့် အဓမ္မ' ဟူသော ရာမာယဏာ၏ မူရင်းအာဘော်ကို တိမ်းယိမ်းသွားအောင် မဖန်တီးသင့်ကြောင်း ရာဝဏာလို လူဆိုးကို ဇာတ်လိုက် ဖြစ်အောင် မီးမောင်းမထိုးသင့်ကြောင်း ပြောပါသည်။

ကျွန်တော်က သူ့စကားကို အသာ နားထောင်နေပြီး ပြန်ပြောလိုက်သည်။

''ရာဝဏာ ဘယ်လောက် ဆိုးတယ် ပြောပြော တင်ထွန်းလောက်တော့ မဆိုးပါဘူးဗျာ''

သူ ရုတ်တရက် ကြောင်သွားသည်။ ပြီးတော့ ကျွန်တော့်ကို မေးသည်။

''ဟင်··· ဘယ်က တင်ထွန်းလဲဗျာ၊ ခင်ဗျား ဘာဆိုလိုတာလဲ''

''ဦးသိန်းဖေမြင့်ရဲ့ အရှေ့က နေဝန်းထွက်သည့်ပမာထဲက ဇာတ်လိုက် တင်ထွန်းလေဗျာ''

''တင်ထွန်းက ဘာလုပ်လို့လဲ''

''ဩော်··· ခင်ဗျားကလဲ၊ တင်ထွန်းက ကာမပိုင်ရှိတဲ့ မမြမှိန့် ဖောက်ပြန်တယ်လေဗျာ၊ 'ချစ်သူလမ်းကြားက မမထားနဲ့ အပါ'ဆိုတဲ့ အခန်း မှတ်မိတယ် မဟုတ်လား''

''အဲဒါက ရာဝဏာနဲ့ ဘယ်လို ဆက်စပ်သလဲ''

''စဉ်းစားကြည့်လေဗျာ၊ ရာဝဏာ ဆိုတဲ့ ဒသဂီရိက သီတာကို ခိုးယူခဲ့ပေမယ့် ကိုယ်ထိလက်ရောက် မကျူးလွန်ဘူးဗျ၊ သူ့မေတ္တာကို လက်ခံဖို့ အနုနည်းနဲ့သာ ပြောဆို ဆွဲဆောင်တာ၊ သီတာ သူ့ဘက်ကို စိတ်ညွတ်လာဖို့သာ ကြိုးစားတာ၊ မူရင်း ရာမာယဏာထဲက ရာဝဏာကမှ ကြမ်းကြမ်းတမ်းတမ်း ကြိမ်းမောင်းသေးတယ်၊ တမိလ်ရာဝဏာနဲ့ ထိုင်း ရာဝဏာတို့က အသနားခံပြီး ချစ်ရေးဆိုတာဗျ''

''ကဲ··· ဆက်ပါဦး''

''ပြီးတော့ ရာဝဏာက ရဲရဲတင်းတင်း ပြောင်ခေါ်သွားတာ၊ တင်ထွန်းလို ခိုးကြောင်ခိုးဝှက် မဟုတ်ဘူးလေ၊ ဒါပေမဲ့ အရှေ့က နေဝန်းမှာ အဲဒီကိစ္စထက် တင်ထွန်းရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှု ဆောင်ရွက်ချက်တွေက ပိုအရေးပါတာ ခင်ဗျား သိပါတယ်၊ ဝတ္ထုတစ်ပုဒ်လုံးမှာ တင်ထွန်းကို အလေးပေး

mgyoe.com

mgyoe.com

ထားတာပဲ။ ရာဝဏကို အလေးပေးလို့ လက်ာဒီပချစ်သူကို အပြစ်တင်ချင်ရင် တင်ထွန်းကို အလေးပေးလို့ အရှေ့က နေဝန်းကိုလည်း အပြစ်တင်ရမှာပေါ့ဗျာ''

''ဟာ… ခင်ဗျားကလဲ''

''ဟုတ်တယ်လေ… ဒါပေမဲ့ အရှေ့က နေဝန်းကို ကျွန်တော်တို့ အပြစ်မတင်ဘဲ လူ့စရိုက် လူ့သဘာဝ ဖော်တဲ့ ဝတ္ထုကောင်းကြီးအဖြစ် လေးစားကြတယ် မဟုတ်လား။ တင်ထွန်းဟာ လူငယ်ဘာဝ မှားမိပေမယ့် သူ့အမှားသူ မြင်ပြီး ပြန်ပြင်တယ်၊ ရာဝဏဟာလည်း သီတာကို ချစ်မိတဲ့ အမှားကို ဆွေမျိုးစည်းစိမ်၊ နိုင်ငံနဲ့ နောက်ဆုံး အသက်ပါ စွန့်ပြီး ပေးဆပ်လိုက်ရတာပဲ မဟုတ်လားဗျာ။ အဲဒီလို ရာဝဏရဲ့ အကောင်း အဆိုး ရောပြွမ်းနေတဲ့ စရိုက်ကို ပြောင်ပြောင်မြောက်မြောက် ဖွဲ့ထားတဲ့ ဝတ္ထုအဖြစ်နဲ့ လက်ာဒီပချစ်သူဟာ သူ့နေရာနဲ့သူ ရှိနေပါပြီဗျာ''

မိတ်ဆွေက ဘာမျှ မပြောဘဲ ငြိမ်နေသည်။

''လက်ာဒီပချစ်သူမှာ ရှေးခေတ် အိန္ဒိယနိုင်ငံနဲ့ပတ်သက်တဲ့ မှတ်သားစရာ အကြောင်းတွေ နောက်ခံပြုထားတဲ့ ယဉ်ကျေးမှုတန်ဖိုးတို့၊ သဘောတရား အတွေးအခေါ် တန်ဖိုးတို့ အမျိုးမျိုး ရှိမှာပါပဲ။ ဒါပေမဲ့ 'လက်ာဒီပချစ်သူ'က ဘာလဲ၊ ဝတ္ထုလေဗျာ။ ဝတ္ထုတစ်ပုဒ်အနေနဲ့ အဓိက အလေးထားရမယ့် တန်ဖိုးက စာပေတန်ဖိုးပါ။ ဝတ္ထုတစ်ပုဒ်အနေနဲ့ ဇာတ်လမ်း ဖန်တီးမှု၊ ဇာတ်ဆောင်စရိုက် ဖော်မှု၊ နောက်ခံ ဖန်တီးမှု အရေးအဖွဲ့ ကောင်းမွန်မှု ဆိုတဲ့ စာပေတန်ဖိုးကို ဒီပြင်တန်ဖိုးတွေထက် ပိုပြီး အလေးထား လေ့လာမှ နည်းမှန် လမ်းမှန် ဖြစ်မှာပေါ့ဗျာ''

ကျွန်တော်က စကားကို အဆုံးသတ်လိုက်ပါသည်။

နိဂုံးမချုပ်မီ အချက် ၂ ချက် ပြောလိုပါသည်။ ပထမအချက်မှာ ဝါလမိကီ ရသေ့ကြီး၏ ရာမာယဏသည် သမိုင်းဖြစ်ရပ် မဟုတ်ဟူသော အချက် ဖြစ်သည်။ ရာမာယဏသည် ကဗျာစာဆို၏ စိတ်ကူးဖြင့် ဖန်တီး ရေးဖွဲ့သော စာပေအရာမြောက်သည့် ကဗျာရှည်ကြီးသာ ဖြစ်ပါသည်။ ထိုကဗျာကြီးကို ကမ္ဘာ့နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးက အမွေခံပြီး အရောင် အသွေး အမျိုးမျိုး ခြယ်ခဲ့ပြီးကြပါပြီ။

မူရင်း ရာမာယဏမှ ရာဝဏ ဆိုသော ဇာတ်ဆောင်ကို ၁၂ ရာစု ကတည်းကပင် တမိလ်စာဆို ကန်ဗန်က ပညာရှင်၊ မေတ္တာရှင် သူရဲကောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

အဖြစ် ပုံဖော်ခဲ့ပြီးပါပြီ။ ၁၉ ရာစုကတည်းကပင် ထိုင်းစာဆို ပထမရာမဘုရင်က မေတ္တာကြီးမားသော ပညာရှင်အဖြစ် ပုံဖော်ခဲ့ပြီးပါပြီ။

သို့ဆိုလျှင် ၂၀ ရာစုတွင် မြန်မာစာရေးဆရာ ချစ်ဦးညိုက ရာဝဏကို လက်ာဒီပ ချစ်သူအဖြစ် ပုံဖော်ခြင်းကို ဘာအပြစ်ဆိုစရာ ရှိပါသနည်း။ သူ ပိုင်ဆိုင်သော စာဆိုအခွင့်ထူးဖြင့် သူ ကြိုက်သလို ပုံဖော်နိုင်ခွင့် ရှိပါသည်။

နောက်တစ်ချက် ပြောချင်ပါသည်။ ဂျပန်နိုင်ငံမှ မြန်မာစာ ပါမောက္ခ အိုးနိုတိုးရှသည် ရာမာယဏ ပညာရှင်တစ်ဦး ဖြစ်ပါသည်။ ဆရာအိုးနိုသည် အရှေ့တောင်အာရှရှိ ယဉ်ကျေးမှု ဘာသာရပ်ကို တပည့်များအား ပို့ချရာ၌ အရှေ့တောင်အာရှရှိ ရာမာယဏမူများအကြောင်း ဖြန့်ကြက် ပို့ချကာ တပည့်များ အသိအမြင် ကျယ်ပြန့်အောင် လမ်းညွှန်ပေးခဲ့ပါသည်။ ရာမာယဏ လေ့လာရာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်၊ ထောင့်စုံစုံ ဖြန့်ကြက်လေ့လာခြင်းဖြင့် တစ်ခုတည်း တစ်မျိုးတည်း တရားသေ ဆုပ်ကိုင်မှုမျိုး လျော့ပါးသွားလိမ့်မည်ဟု ယုံကြည်ပါသည်။

*ပန်းအလင်္ကာမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

## သူ့စာထဲက အကြောင်းသည် သူ့အကြောင်းလား

ဆရာကြီးဒေါက်တာသန်းထွန်းသည် 'ငါ ပြောချင်သမျှ ငါ့အကြောင်း' ခေါင်းစဉ်ဖြင့် မိမိ၏ ဘဝဖြစ်ရပ် အတွေ့အကြုံများကို ရေးခဲ့သည်။ ဆရာကြီးကိုယ်တိုင် မိမိအကြောင်းကို ရေးခဲ့ခြင်း ဖြစ်သည့်အတွက် ထိုစာထဲက အကြောင်းများကို စာရေးသူ ဆရာကြီး၏ အကြောင်းများ ဖြစ်သည်ဟု အခိုင်အမာ လက်ခံယုံကြည်နိုင်ပါသည်။

'မဟာဆွေ၏ မဟာဆွေ'၊ 'ပီမိုးနင်း၏ ပီမိုးနင်း'၊ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ'၊ 'ရွှေဥဒေါင်း၏ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ' စသည့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများမှ အကြောင်းအရာများသည် ထိုစာရေးဆရာကြီးများ၏ အကြောင်းများပင် ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိပါ။

သို့သော် စာရေးဆရာတစ်ယောက်က 'ကျွန်တော်၊ ကျွန်မအကြောင်း' အဖြစ် ကိုယ်တိုင်ပြော ရှုထောင့်က ရေးသော ကဗျာ၊ ဝတ္ထု၊ ရသစာတမ်းတို့လို ရသစာပေများထဲက အကြောင်းအရာများကိုမူ စာရေးဆရာ၏ အကြောင်းများပင် ဖြစ်မည်ဟု ပုံသေမပြောနိုင်ပါ။ ထိုစာတမ်းထဲက အကြောင်းအရာ အချက်

mgyoe.com

mgyoe.com

အလက်များကို ထိုစာရေးဆရာ၏ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များအဖြစ် အခိုင်အမာ မမှတ်ယူနိုင်ပါ။

ဤပြဿနာကို ပညာရှင်များ ဆွေးနွေးခဲ့ကြဖူးပါသည်။ ယခု ဤဆောင်းပါးတွင် 'တစ်ကျော့ပြန်'ကြည့်ခြင်း ဖြစ်ပါသည်။

စာရေးဆရာတစ်ဦး၏ အတ္ထုပ္ပတ္တိကို စူးစမ်းလေ့လာရာ၌ ဖော်ပြပါ စာအမျိုးအစားများတွင် သူ ရေးထားသော အကြောင်းအရာများကို သူ့အကြောင်း၊ သူ့ဖြစ်ရပ်များအဖြစ် မှတ်ယူနိုင်ပါမည်လား။ စာရေးဆရာတစ်ဦး၏ အတ္ထုပ္ပတ္တိကို ပြုစုရာတွင် သူ့စာများထဲက အချက်အလက်များကို ကိုးကားခြင်းသည် မည်မျှ ခိုင်လုံပါသလဲ။

ရှေးမြန်မာစာပေကို ငဲ့စောင်းကြည့်သောအခါ ပျို့၊ ကဗျာများတွင် ပျို့စာဆို အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များအဖြစ် စာဆိုကိုယ်တိုင်က အခိုင်အမာ ဖွဲ့ဆိုထားသော အပိုင်းတစ်ပိုင်း ပါဝင်ကြောင်း တွေ့ရပါသည်။ ထိုအပိုင်းမှာ 'ပျို့နိဂုံး' ဖြစ်သည်။ ပျို့နိဂုံးတွင် ထိုပျို့ကို ရေးဖွဲ့ရသည့် အကြောင်းကစ၍ စာဆို၏ မိဘမျိုးရိုး၊ ဘဝဖြစ်ရပ် စသည့် အချက်အလက်များကို စာဆိုက ထည့်သွင်း ဖွဲ့ဆိုလေ့ရှိသည့်အတွက် ပျို့ နိဂုံးများသည် ပျို့စာဆိုများ၏ အတ္ထုပ္ပတ္တိအတွက် ခိုင်လုံသော အထောက်အထားများ ဖြစ်နေပါသည်။ ရှင်မဟာရဋ္ဌသာရ၏ အတ္ထုပ္ပတ္တိကို လေ့လာလျှင် စာဆို၏ 'ကိုးခန်းပျို့၊ ဘူရိဒတ် ဇာတ်ပေါင်းပျို့' စသော ပျို့များ၏ နိဂုံးများတွင် စာဆိုကိုယ်တိုင် ရေးသားထားသော အချက်အလက်များကို အခြေပြု၍ လေ့လာနိုင်သည်။ စာဆိုသည် အင်းဝမြို့ ဇာတိ ဖြစ်ကြောင်းနှင့်တကွ မိဘမျိုးရိုးအပြင် ဤစတုဓမ္မသာရ ကိုးခန်းပျို့ကို ဖခင်သဖွယ် ဖြစ်သော ဒုတိယမင်းခေါင် တောင်းပန်သည့်အတွက် ရေးဖွဲ့ခြင်း ဖြစ်ကြောင်း၊ မိမိသည် 'ပညာမုန်ယို အရွယ်ပျို'ချိန်က မာန်တက်ပြီး နှုတ်ငေါက် ပြောဆိုမိသည့် အပြစ်များကို ယခု 'ဤစာကိုးခန်း ပုလဲပန်း'ဖြင့် ကန်တော့ပါကြောင်း စသည့် အချက်အလက်များကို အခိုင်အမာ တွေ့ရပါသည်။ ဘူရိဒတ် ဇာတ်ပေါင်းပျို့တွင်မူ နိဂုံးသာမကဘဲ ပျို့ဇာတ်လမ်း မစမီ အချီးပိုဒ် ၆ ပိုဒ် ရေးဖွဲ့ကာ မိမိနှင့် ပတ်သက်သည့် အချက်များကို ဖော်ပြထားပါသည်။ မိမိသည် ၁၀ နှစ်သားအရွယ်မှ ၁၆ နှစ်သားအရွယ်အထိ သာမဏေဘဝဖြင့် နေစဉ် ဇာတ်တော်ကြီး ဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ဗေဒင်ကျမ်း၊ သသ်ကရိုင်ကျမ်း၊ ကစ္စည်းသဒ္ဒါကျမ်း စသည်တို့ကို သင်ယူ ဆည်းပူးခဲ့ပုံ၊

mgyoe.com

mgyoe.com SAMPLE BOOK

ရေးက ဆရာတို့ ဘွဲ့ရိဒတ်ဇာတ်များ ရေးခဲ့ကြသော်လည်း မပြည့်စုံသည့်အတွက် မိမိက ဘွဲ့ရိဒတ်လင်္ကာကြီးကို ရေးဖွဲ့ခဲ့ရပုံ၊ ယခု ဘွဲ့ရိဒတ် ဇာတ်ပေါင်းပျို့ကို ဆက်၍ ရေးဖွဲ့ရပုံ၊ မိမိ ထားရှိသော စေတနာ သဘောထား စသည်တို့ကို ထည့်သွင်း ရေးဖွဲ့ထားရာ စာဆို အတ္ထုပ္ပတ္တိအတွက် အကိုးအကားပြုစရာ အချက်များ ဖြစ်လာရပါသည်။

ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့ နိဂုံး အကြောင်းလည်း ဖော်ပြလိုပါသည်။ စာဆိုသည် မိမိကို ချစ်ခင်လေးစားစွာ ချီးမြှောက်သော ဟံသာဝတီရောက်မင်း၏ ကျေးဇူးကို ပျို့နိဂုံးတွင် ပြည့်ပြည့် စုံစုံ ဖော်ညွှန်းထားသည်။ ဟံသာဝတီရောက်မင်း နန်းတက်ပြီးနောက် မိမိကို ပထမဦးစွာ ဘယကျော်သူဘွဲ့ဖြင့် ချီးမြှောက်ပုံ၊ ထိုစဉ် မိမိ၏ ပထမအိမ်ထောင် ပျက်သွားရပုံ၊ နေ့ ည မပြတ် အမှုတော် ထမ်းနေရစဉ် ပထမဇနီး ကွယ်လွန် သည့်အတွက် အိမ်ထောင် ထိန်းသိမ်းမည့်သူ မရှိလျှင် မသင့်တော်ဟု ဘုရင် မင်းမြတ်က မိန့်ဆိုပြီး မှူးမျိုး မတ်မျိုး သမီးနှင့် ဘုရင်ကိုယ်တိုင် စုံဖက် ပေးပုံ၊ ဘွဲ့မည် အဆောင်အယောင်များဖြင့် ချီးမြှောက်ပုံ၊ ပဒေသရာဇာ စသည့် ဘွဲ့မည်များ ချီးမြှင့်ပုံတို့ကို အသေးစိတ် ရေးဖွဲ့ထားသည်။ တစ်နေ့တွင် ဘုရင် ထွက်တော်မူစဉ် မိမိ စီးသော မြင်း၏ ကြိုးကို ကြည့်ပြီး 'ဆရာစီးသော မြင်းကြိုးမှာ အနားကွပ်သော 'သတောင်းလည်' အနားကို ပိုးချည်ကွပ်၍ ချုပ်ပါ'ဟု ဘုရင်က မိန့်တော်မူပုံက အစ အသေးစိတ် ဖွဲ့ထားသည်။ ဘုရင်က ဝန်ကြီးပဒေသရာဇာကို 'ဆရာ'ဟု အလေးအမြတ် ခေါ်ပုံက အစ ပါဝင်ပါ သည်။ အခြားပျို့နိဂုံးများတွင်လည်း ပျို့စာဆိုအကြောင်း အနည်းနှင့် အများ ပါဝင်ပါသည်။

စာဆိုတို့ ရေးဖွဲ့သော ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသည့် စာပေများမှ 'ကျွန်တော်၊ ကျွန်မ' သဘော သက်ရောက်သော အချက်များကိုမူ ထိုစာဆို တို့၏ အကြောင်းများဟု အခိုင်အမာ မဆိုနိုင်ပါ။ ဆိုပါစို့။ ရှင်မဟာရဋ္ဌသာရ က 'ဝဏ္ဏပဘာ'ချီ ရတု၊ 'ပုရေနိုသင်'ချီ ရတုတို့တွင် 'ဝဏ္ဏပဘာ' အမည်ရ သော လုကလျာလေးနှင့် ချစ်ကြိုးသွယ်ခဲ့ပုံကို ကိုယ်တိုင်ပြော ရှုထောင့်က ရေးဖွဲ့ထားသည်။ သို့ဆိုလျှင် ထိုရတုများမှ ထိုအကြောင်းများသည် စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘဝဖြစ်ရပ် ဖြစ်သည်ဟု အခိုင်အမာ ဆိုနိုင်ပါမည်လား။ ဆိုလျှင် မည်သည့်အထောက်အထား ရှိပါသလဲ။ ရှင်မဟာရဋ္ဌသာရ အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com SAMPLE BOOK

စာတမ်း ပေမူတစ်စောင်တွင် ရှင်မဟာရဋ္ဌသာရ အလောင်းအလျာသည် ငယ်စဉ်က ဒုတိယမင်းခေါင်၏ သမီးတော်အငယ်နှင့် လက်ထပ်ထိမ်းမြားခဲ့ဖူးသည်ဟု ဆိုထားကြောင်း သိရသည်။ သို့ဆိုလျှင် ရတုထဲက ဝဏ္ဏပဘာသည် ဒုတိယ မင်းခေါင်၏ သမီးပင် ဖြစ်လေသလား။ ရတုထဲတွင် ချစ်သူနှင့် တွေ့ရန် သန်းခေါင် သန်းလွဲ အချိန်မှာပင် 'ဝါးရုံ ဝါးစေး သစ် ကျားဘေး'ကို မကြောက်နိုင်ဘဲ ဝေးဝေးလံလံ သွားရကြောင်း ဖွဲ့ထားရာ ထိုအဆိုအရ ရှင်မဟာရဋ္ဌသာရ အလောင်းအလျာ၏ ချစ်သူမှာ ဘုရင့်သမီးတော် မဖြစ်နိုင်ကြောင်း ပညာရှင် အချို့က ကောက်ချက်ချသည်။ 'နှမ လက်လျှော့နေလေတော့' ဟူ၍ ရေးဖွဲ့ပုံ အရ ချစ်သူနှင့် မပေါင်းရဘဲ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်ဟု ယူဆရကြောင်း လည်း ကောက်ချက်ချသည်။ ဤကောက်ချက်များမှာ 'ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သော အကြောင်းများသည် မိမိ၏ ကိုယ်ရေးကိုယ်တာ အကြောင်းများချည်း ဖြစ်သည်' ဟူသော အယူအဆပေါ်တွင် အခြေတည်နေပါသည်။ အကယ်၍ 'ရှင်မဟာရဋ္ဌသာရသည် ထိုရတုများတွင် မိမိအကြောင်းကို ပြန်ရေးခြင်း မဟုတ်ဘဲ စိတ်ကူးဖြင့် ဖန်တီး ရေးဖွဲ့ခြင်းသာ ဖြစ်သည်'ဟု ယူဆလျှင် မည်သို့ ဖြစ်သွားပါမည်လဲ။

ထို့အတူ နဝဒေးကြီး၏ ရတုများထဲက မိန်းကလေးအကြောင်းသည် ရှင်နှောင်းအကြောင်းချည်း ဖြစ်မည်။ နတ်ရှင်နောင်၏ ရတုများထဲက မိန်းကလေး များအကြောင်းသည် ရာဇဓာတုကလျာ၏ အကြောင်းချည်း ဖြစ်မည်ဟု အခိုင် အမာ ဆိုနိုင်ပါမည်လား။ စဉ်းစားစရာများ ရှိပါသည်။

'ကိုယ်တိုင်ပြော'ဝတ္ထုများတွင် ဇာတ်လမ်း ဖြစ်ရပ်များသည် စာရေး ဆရာ၏ ဖြစ်ရပ်များပင်လား။ ဇာတ်ဆောင်များသည် စာရေးဆရာ၏ ကိုယ်စား ပုံရိပ်များပင်လား။ ဤပြဿနာကိုလည်း ဆွေးနွေးခဲ့ကြဖူးပါသည်။

ဆရာသော်တာဆွေ၏ အစောပိုင်း ဟာသဝတ္ထုများကို ဖတ်ပြီး စာရေးဆရာ၏ ပျော်ရွှင်ဖွယ် ဖြစ်ရပ်များကို ပြန်ရေးခြင်း ဖြစ်မည်ဟု ယူဆ လျှင် ဆရာသော်တာဆွေ မြင်းလှည်းသမားဘဝ ယောက္ခမကြီးနှင့် အဆင်မပြေ ဖြစ်၍ စိတ်အလွန်ညစ်နေချိန်တွင် ထိုဟာသဝတ္ထုများကို ရေးဖြစ်ခြင်း ဖြစ်သည် ဟု ဆရာကိုယ်တိုင် ဆိုထားဖူးသည့် အချက်က အဖြေပေးပါလိမ့်မည်။

ဦးသိန်းဖေမြင့်၏ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဝတ္ထုထဲက တင်ထွန်းသည် ဦးသိန်းဖေမြင့် ကိုယ်တိုင်လား။ ဒေါ်ခင်နှင်းယု၏ 'မွေး'

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုထဲက မွေးသည် ဒေါ်ခင်နှင်းယု ကိုယ်တိုင်လား စသည့် မေးမြန်းချက်များကို သက်ဆိုင်ရာပုဂ္ဂိုလ် နှစ်ဦးက ပြန်ဖြေခဲ့ဖူးပါသည်။ မိမိ ဖန်တီးသော ဇာတ်ဆောင်တွင် မိမိ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်နိုင်သော်လည်း တစ်ကဏ္ဍစီ ဖြစ်ကြောင်း ရှင်းပြခဲ့ဖူးပါသည်။ 'အရှေ့က နေဝန်းထွက်သည့်ပမာ'နှင့် 'မွေး'တို့သည် ဝတ္ထုကောင်းများ ဖြစ်သော်လည်း သက်ဆိုင်ရာ စာရေးဆရာ၏ အတ္ထုပ္ပတ္တိအတွက် အထောက်အကူ မပြုပါ။ အထောက်အထားအဖြစ် မသုံးနိုင်ပါ။

စာရေးဆရာတစ်ယောက်၏ စာထဲမှာ ရေးဖွဲ့ထားသော အကြောင်းအရာ မှန်သမျှ ထိုစာရေးဆရာ၏ အကြောင်း ဖြစ်မည်။ ထိုစာရေးဆရာ၏ ဘဝနှင့် သက်ဆိုင်လိမ့်မည်ဟု မဆိုနိုင်ပါ။ စာရေးရာတွင် မိမိ၏ 'ကိုယ်ရည်ကိုယ်သွေး'ဟု ဆိုရမည့် စရိုက်သဘာဝ စိတ်နေစိတ်ထားတို့ကို ဖွင့်ပြသော စာရေးဆရာမျိုးလည်း ရှိသည်။ ဖုံးကွယ်ထားသော စာရေးဆရာမျိုးလည်း ရှိသည်။ စာရေးဆရာ၏ ဘဝနှင့် သူ့စာပေ ဆက်စပ်မှု ရှိသော်လည်း စာပေသည် ဘဝ၏ ပုံတူ မဟုတ်ပါ။ စာပေသည် စာရေးဆရာ၏ အိပ်မက်လည်း ဖြစ်နိုင်သည်။ စာရေးဆရာ၏ မျက်နှာဖုံးလည်း ဖြစ်နိုင်သည်။ စာရေးဆရာ၏ ပင်ကိုစိတ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသော စိတ်လည်း ဖြစ်နိုင်သည်။ စာရေးဆရာ ထွက်ပြေး ခိုလှုံချင်သော ဘဝလည်း ဖြစ်နိုင်သည်။

အယ်မလီဘရွန်တီ (Emily Bronte) ၏ နာမည်ကျော် 'Wuthering Heights' (လေထန်ကုန်း) ဝတ္ထုကို ကိုးကားပြီး အယ်မလီသည် ထိုဝတ္ထုထဲက ဇာတ်ဆောင် Heathcliff (ဟိကလစ်)၏ ခံစားမှုမျိုး ကြုံတွေ့ခဲ့ရဖူးလိမ့်မည်ဟု ကောက်ချက်ချမှုမျိုး ရှိသည်။ ထိုဝတ္ထုကို မိန်းကလေးတစ်ယောက်က ရေးနိုင်မည် မဟုတ်။ အယ်မလီ၏ မောင်က ရေးပေးခြင်း ဖြစ်မည်ဟု ဝေဖန်မှုမျိုးလည်း ရှိသည်။ ဤဝေဖန်ပုံမျိုးသည် ရှိတ်စပီးယား၏ ပြဇာတ်ထဲက အကြောင်းအရာတွေကို ကိုးကားပြီး ရှိတ်စပီးယားသည် အီတလီသို့ ရောက်ဖူးရမည်။ ရှေ့နေ လုပ်ဖူးရမည်၊ စစ်သား လုပ်ဖူးရမည်၊ ကျောင်းဆရာ လုပ်ဖူးရမည်၊ လယ်သမား လုပ်ဖူးရမည်ဟု ကောက်ချက်ချပုံမျိုး ဖြစ်ကြောင်း ဤဝေဖန်ပုံအတိုင်း ဝေဖန်စတမ်း ဆိုလျှင် 'ရှိတ်စပီးယားသည် မိန်းမ ဖြစ်ဖူးရမည်'ဟု ဝေဖန်ရန်သာ ရှိကြောင်း ပညာရှိတစ်ဦးက မှတ်ချက်ချပုံကို ဝဲလက်

mgyoe.com

mgyoe.com SAMPLE BOOK

(R.Wellek) နှင့် ဝါရင် (A Warren) တို့၏ 'စာပေသဘောတရား' စာအုပ်တွင် တွေ့ရပါသည်။

ဆက်စပ်နေသော ပြဿနာတစ်ခုကို ဆွေးနွေးလိုပါသေးသည်။ စာဆိုတစ်ယောက်၏ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်အဖြစ် အသုံးပြုရာတွင် ထိုစာဆိုအကြောင်းကို အခြေခံ၍ ရေးဖွဲ့သော ဝတ္ထုထဲက အချက်အလက်များကို ထည့်အသုံးပြုသည့် ပြဿနာ ဖြစ်သည်။ ဆရာကြီးမဟာဆွေ၏ 'စစ်ထွက်သူ' ဝတ္ထုထဲက အချက်အလက်များကို စာဆို နဝဒေးကြီး၏ ဘဝ ဖြစ်ရပ်များအဖြစ် အခိုင်အမာ ကိုးကားခြင်းမျိုး ဖြစ်သည်။ ဝတ္ထုရေးဆရာက 'စာဆို့ အခွင့်ထူး' ဖြင့် ဖန်တီးတတ်သည့် သဘာဝကို သတိမမူမိဘဲ တကယ့် ဖြစ်ရပ်များအဖြစ် မှတ်ယူမိခြင်း ဖြစ်သည်။ ဝတ္ထုရေးဆရာ၏ ဖန်တီးချက် 'လက်လွန်သွား'သည့် အခါမျိုးတွင် ရှင်းရခက်သော စာပေပြဿနာများ ပေါ်တတ်ကြောင်း သာဓကနှစ်ခုကို ပညာရှင်တို့ ထောက်ပြခဲ့ဖူးပါသည်။ သာဓကတစ်ခုမှာ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ 'စာဆိုတော်'ဝတ္ထုမှ 'မောင်ဖေငယ်နှင့် ဒိုင်းခင်ခင်' ဇာတ်လမ်း ဖြစ်သည်။ မောင်ဖေငယ်နှင့် ဒိုင်းခင်ခင်မှာ စာဆိုတော် ဝတ္ထုထဲမှာ ပါသလို ချစ်သူတွေ မဟုတ်ကြောင်း၊ အရွယ်ချင်း အလွန်ကွာကြောင်း၊ မောင်ဖေငယ်၏ ဇနီးမှာ ဟင်္ဂမော်မိဖုရားဟောင်း တင်တင် ဖြစ်ကြောင်း၊ ဒေါ်ခင်ခင်လေးက ဝတ္ထုထဲမှာ မောင်ဖေငယ်နှင့် ဒိုင်းခင်ခင်ကို အရွယ်ချင်း မကွာလှသော ချစ်သူတွေအဖြစ် ဖန်တီးလိုက်ပြီး မောင်ဖေငယ် ကွယ်လွန်ခါနီး သူ့ဇနီးကို ရည်ညွှန်းရေးခဲ့သော 'ချစ်ရသူ တင်တင့်ကြောင့်' ချီ တေးထပ်ကို 'ချစ်ရသူ ခင်ခင့်ငဲ့' ဟု ပြင်လိုက်ခြင်း ဖြစ်ကြောင်း ပညာရှင်များက သုတေသနပြုပြီး ဖော်ထုတ်ကြသည်။ 'မောင်သန်းဆွေ (ထားဝယ်)'က အချက်အလက်များ ပြည့်ပြည့်စုံစုံဖြင့် တင်ပြပြီးပါပြီ။ ထိုပြဿနာမျိုး၏ အန္တရာယ် ကြီးမားပုံကို ဆရာဦးသန်းထွဋ်နှင့် ဆရာဦးသော်ကောင်းတို့က သမိုင်းနောက်ခံ ဝတ္ထုအကြောင်း စာတမ်းတစ်စောင်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသား တင်ပြပြီးပါပြီ။ ဇာတ်ဆောင်စရိုက်ကို အလေး အပေး၊ အလင်း အမှိန် ဖန်တီးမှုထက် ကျော်လွန်ကာ သမိုင်းအချက်အလက် အမှန် မဟုတ်သည်ကို အမှန်ထင်အောင် ဖန်တီးခြင်း ဖြစ်သည့်အတွက် စာပေပြဿနာ အရှုပ်အထွေး ဖြစ်ရခြင်းပင်။ စာဖတ်သူတို့ကလည်း မောင်ဖေငယ်၊ ဒိုင်းခင်ခင် ဇာတ်လမ်းကလေးကို နှစ်ပေါင်းများစွာ 'ချစ်မြတ်နိုး'ခဲ့ကြပါသည်။ စာဆိုတော် ဝတ္ထုကို အရင်းခံ၍ မောင်ဖေငယ်၊ ဒိုင်းခင်ခင်သည် ဝတ္ထုတွေ၊

mgyoe.com

ကဗျာတွေ၊ သီချင်းတွေ ပေါ်ခဲ့ဖူးပါပြီ။ ယခုမူ စာပေတာဝန် သိသော ပညာရှင်များက 'မောင်ဖေငယ်... ဒိုင်းခင်ခင်...' ဆိုသော 'ချစ်သူကလေး'ကို အဆုံးစီရင်ပြီးသွားပါပြီ။

နောက်သာကေ တစ်ခုမှာ ရာဇဓာတုကလျာ ရေးသည် ဆိုသော 'ကလျာရွှေညီ' ချီ ရတု ပြဿနာ ဖြစ်သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးဖွဲ့သော နတ်ရှင်နောင် ဝတ္ထုတွင် ထိုရတုကို ရာဇဓာတုကလျာ ရေးသော ရတုအဖြစ် ဖော်ပြထားသည်။ 'နတ်ရှင် သူ့ကြောင့် တစ်ရေးမှောင့်ခဲ့' ဟူသော အဖွဲ့ 'လုလင့် ငွေမျက်ရည်တကား' ဟူသော အဖွဲ့များက နှစ်သက်ဖွယ်ကောင်းသည်။ သို့သော် ထိုရတုကို ရာဇဓာတုကလျာ ရေးဖွဲ့သည်ဟု ဖော်ပြသော ခိုင်မာသည့် အထောက်အထား မတွေ့ရပါ။ ထိုရတုကို ရာဇဓာတုကလျာ ရေးဖွဲ့သည် ဆိုလျှင် ရာဇဓာတုကလျာကိုလည်း အမျိုးသမီးစာဆိုတစ်ဦးအဖြစ် ဖော်ညွှန်းရမည် ဖြစ်သည်။

ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင် ရာဇဓာတုကလျာ၏ အမည်ကို စာဆိုတစ်ဦးအဖြစ် ထည့်သွင်း ဖော်ပြထားသည်ကို မတွေ့ရပါ။ မောင်သုတ၏ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ'တွင် ရာဇဓာတုကလျာ၏ အတ္ထုပ္ပတ္တိကို ထည့်သွင်းထားသော်လည်း မည်သည့် စာပေများ ရေးဖွဲ့သည်ဟု မဖော်ပြဘဲ 'ကဗျာဗန္ဓ ဖွဲ့ဆိုခြင်း အရာ၌လည်း ကျွမ်းကျင်လိမ္မာတော်မူလှသတည်း' ဟုသာ ယေဘုယျ ဖော်ပြထားပါသည်။ 'နတ်ရှင်နောင်ဆို ရတုများ'ကို တည်းဖြတ်သော ဆရာကြီးဦးချမ်းမြ၏ အမှာစာတွင် ရာဇဓာတုကလျာ ဖွဲ့ဆိုသည်ဟု ယူဆဖွယ်ဖြစ်သော ရတုပိုဒ်စုံဟု ခေါင်းစဉ်တပ်၍ ထိုရတုကို ဖော်ပြထားပါသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'နတ်ရှင်နောင်' ဝတ္ထုတွင် တွေ့ရကြောင်းလည်း ဖော်ပြသည်။

၁၉၆၁ ခုနှစ်တွင် ဆရာကြီးဦးချမ်းမြပင် ရွေးချယ် စီစဉ်သော 'ကဗျာယဉ် စာယဉ် လက်ရွေးစင်'၌မူ ထိုရတုကို 'နတ်ရှင် သူ့ကြောင့် တစ်ရေးမှောင့်' ခေါင်းစဉ်ဖြင့် လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးဖွဲ့သော ကဗျာအဖြစ် 'ပါတော်မူပြီးခေတ်' ကဗျာကဏ္ဍတွင် အထင်အရှား ထည့်သွင်းထားပါသည်။ ၁၉၆၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့အတွက် မန္တလေးတက္ကသိုလ်သို့ တင်သွင်းသော ဆရာမကြီး ဒေါ်မိမိလေး၏ 'အမျိုးသမီး စာဆိုလောကနှင့် ဘဝကြေးမုံ' ကျမ်းတွင် ရာဇဓာတုကလျာအကြောင်း ထည့်သွင်းထားသော်လည်း 'ကလျာ

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေညီ' ချီ ရတုကို ရာဇဓာတုကလျာ ရေးသားကြောင်း မည်သည့် သုတေသီတို့၏ အမိန့်အဆိုတွင်မှ ရှာဖွေ၍ မတွေ့ရှိရပေ။ ဤရတုကို နတ်ရှင်နောင်စာအုပ် ရေးသားသည့် ဆရာဦးမောင်ကြီးပင် ရေးသားခြင်း ဖြစ်တန်ရာသည့် အချက်ကို နောက်ဆုံး တွေ့ရှိရပါသည်ဟု ဖော်ပြထားပါသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ဝတ္ထုအဖြစ် ရေးဖွဲ့ခြင်း ဖြစ်ရာ နတ်ရှင်နောင်နှင့် ဓာတုကလျာတို့ အပြန်အလှန် ရေးကြလေဟန် လယ်တီပဏ္ဍိတဦးမောင်ကြီးပင် ဖန်တီးရေးဖွဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။ သုတေသနပြုသည့် ပညာရှင်များက ဤရတုသည် ဓာတုကလျာ၏ လက်ရာ မဟုတ်ကြောင်း၊ အထောက်အထား မရှိကြောင်း ညွှန်ပြသော်လည်း ဤရတုအလှကလေးကို ဓာတုကလျာ၏ လက်ရာအဖြစ် စိတ်စွဲနေသူများအဖို့ ထိုချစ်သူကလေးကို အဆုံးစီရင်ဖို့ ဝန်လေးနေကြပါလိမ့်မည်။

ရတုဖွဲ့ဟန်ကို လေ့လာစူးစမ်းကြည့်သောအခါ တောင်ငူခေတ် ရတုဟန်နှင့် မတူဘဲ ထို့ထက် နောက်ကျသော ခေတ်တွင် ရေးဖွဲ့သည့်ဟန် ပေါ်လွင်ထင်ရှားနေကြောင်း တွေ့ရပါသည်။ တောင်ငူခေတ်၊ ညောင်ရမ်းခေတ် ရတုစာဆိုများ ဖြစ်သော နဝဒေးကြီး၊ နတ်ရှင်နောင်၊ လှော်ကားသုံးထောင်မှူး၊ ဇေယျရန္တမိတ်၊ ရှင်သံခို စသည့် စာဆိုများ၏ ရတုများသည် အရေးအဖွဲ့စိပ်ပြီး အသုံးအနှုန်းများမှာ ယခုခေတ်အနေနှင့် ပြန်ကြည့်လျှင် အလွယ်တကူ အဓိပ္ပာယ် မကောက်နိုင်သော အရေးအဖွဲ့ အသုံးအနှုန်းများ ဖြစ်ကြောင်း ယေဘုယျအားဖြင့် တွေ့ရပါသည်။ 'ကလျာရွှေညီ'မှာမူ အရေးအဖွဲ့ အသုံးအနှုန်း ရှင်းလင်းပြီး ယခုခေတ် အသုံးအနှုန်းများနှင့် ပို၍နီးစပ်သည်ကို တွေ့ရပါသည်။ 'နန်းကေသီ'၊ 'ဂီတသံအေး'၊ 'ကန္တဲ့ကယ'၊ 'တောင်တောသာနှင့် ရာသီပွင့်'၊ 'နတ်ရှင် သူ့ကြောင့် တစ်ရေးမှောင့်ခဲ့' ဟူသော အသုံးအနှုန်းများမှာ ခေတ်နှောင်းပိုင်း အသုံးအနှုန်းများ ဖြစ်နေပါသည်။ အထူးသဖြင့် 'နတ်ရှင် သူ့ကြောင့်'ဟူသော အသုံးအနှုန်းကို ကြည့်ပြီး ရာဇဓာတုကလျာက နတ်ရှင်နောင်ကို 'နတ်ရှင်'ဟု တကယ် ရည်ညွှန်း ခေါ်လေသလား ဆိုသည်မှာလည်း စဉ်းစားစရာ ဖြစ်ပါသည်။ 'ကလျာရွှေညီ'တွင် သုံးထားသော စကားများသည် သူ့ခေတ်သုံးစကားများ ဟုတ်ပါရဲ့လားဟူသော သံသယကို လက်ကိုင်ပြု၍ စူးစမ်းရန် လိုပါလိမ့်ဦးမည်။

mgyoe.com

mgyoe.com

စာရေးဆရာတစ်ဦး၏ အတ္ထုပ္ပတ္တိကို လေ့လာရာတွင် ထိုစာရေးဆရာက ကိုယ်တိုင်ပြော ရှုထောင့်မှ ရေးဖွဲ့ထားသော ကဗျာ၊ ဝတ္ထုများမှ အချက်အလက်များသည် လည်းကောင်း၊ ထိုစာရေးဆရာအကြောင်းကို အခြားပုဂ္ဂိုလ်က ရေးဖွဲ့သော ကဗျာ၊ ဝတ္ထုများမှ အချက်အလက်များသည် လည်းကောင်း အတ္ထုပ္ပတ္တိအတွက် အထောက်အကူ မပြုနိုင်ပါ။ ထိုအချက်အလက်များကို စာဆို့ အတ္ထုပ္ပတ္တိဆိုင်ရာ အထောက်အထားများအဖြစ် အသုံးမပြုနိုင်ပါ။

*မဟေသီမဂ္ဂဇင်း၊ မေလ၊ ၂၀၀၉ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# သူ့စာနှင့် သူ့အကြောင်း

စာရေးသူတစ်ဦး၏ အတ္တုပ္ပတ္တိအတွက် သူ ရေးသားသော စာများကို ဘယ်လောက် အထောက်အထား ပြုနိုင်ပါသလဲ။ ထိုအထောက်အထားများက ဘယ်လောက် ခိုင်မာပါသလဲ။ ဘယ်လောက် ကိုးစားလောက်ပါသလဲ။ ထို ပြဿနာများကို တင်ပြ ဆွေးနွေးခဲ့ပါသည်။ အပြန်အလှန်အားဖြင့် စာရေးသူ တစ်ဦး၏ စာများကို လေ့လာရာတွင် သူ့အတ္တုပ္ပတ္တိက ဘယ်အတိုင်းအတာ အထိ အထောက်အကူ ပြုပါသလဲ ဆိုသည့် ပြဿနာမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

စာတစ်ပုဒ်ကို လေ့လာရာတွင် ထိုစာရေးဆရာ၏ အတ္တုပ္ပတ္တိကို သိသည်လည်း ရှိသည်။ မသိသည်လည်း ရှိသည်။ သိသည် ဆိုရာ၌လည်း ပြည့်ပြည့်စုံစုံ သိသည့်အဆင့်မှ မွေးဖွားရာ ဇာတိလောက်၊ ရေးခဲ့သည့်စာ အမျိုးအမည်လောက် အနည်းအကျဉ်းသာ သိသည့် အဆင့်အထိ၊ အတိုင်းအတာ အမျိုးမျိုး ကွာခြားနိုင်သည်။ 'အမည်မသိ စာဆိုတစ်ဦး' ဟူ၍ သာမန်မျှသာ ဖော်ပြရသော၊ သူ့အကြောင်း လုံးဝမသိရသော အခြေအနေမျိုးလည်း ရှိသည်။ စာရေးဆရာ အတ္တုပ္ပတ္တိကို သိခြင်း၊ မသိခြင်း၊ သိသည့် အတိုင်းအတာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကွာခြားခြင်းတို့သည် သက်ဆိုင်ရာ စာပေကို လေ့လာရာ၌ မည်သို့သော သဘောကို ဆောင်ပါသလဲ။

'တောင်တောရဲ့သာ၊ မာလာက ငုံဖူး၊ တစ်ပင်ကို နှစ်ပင် ယှက်တယ်၊ ကျေးငှက်ကမြူး' ဆိုသော ကဗျာလေးသည် အလွန်လှသော သရုပ်ဖော်ကဗျာ ကလေး ဖြစ်ကြောင်း အများ သိပါသည်။ သဘာဝပတ်ဝန်းကျင် မြင်ကွင်းကို သရုပ်ဖော် ရေးဖွဲ့ထားပုံမှာ ပန်းချီကားကလေး တစ်ချပ်ကို ကြည့်နေရသကဲ့သို့ အသက်ဝင်ပါသည်။ ရသလည်း ပေါ်ပါသည်။ ထိုကဗျာကလေးကို ရေးဖွဲ့သော စာဆိုအကြောင်း မသိရပါ။ အမည်မသိ စာဆိုတစ်ဦး ရေးဖွဲ့သော ကဗျာကလေးဟုသာ ဆိုရပါလိမ့်မည်။ စာဆိုကို မသိရသော်လည်း ထိုကဗျာလေးကို အပြည့်အဝ နားလည်နိုင်ပါသည်။ အပြည့်အဝ အရသာ ခံနိုင်ပါသည်။ အလှလည်း ပျက်မသွားပါ။ အလားတူ စာရေးသူ မသိရသော၊ စာရေးသူ တိမ်မြုပ်နေသော စာပေအဖွဲ့ကောင်းများစွာ ရှိပါသည်။ ထိုစာများကို လေ့လာရာတွင် စာရေးသူ အတ္ထုပ္ပတ္တိက မည်သို့မျှ အထောက်အကူ မပြုပါ။

စာရေးသူ အတ္ထုပ္ပတ္တိ သိရသော စာများဆိုလျှင်ကော။ စာရေးသူ အတ္ထုပ္ပတ္တိက အထောက်အကူ ပြုပါရဲ့လား။ ပြုသည်ဆိုလျှင် ဘယ်အတိုင်း အတာအထိ အထောက်အကူ ပြုပါသလဲ။

ဆရာဇော်ဂျီ၏ 'ပိတောက်ပန်း' ဆိုပါစို့။ ပထမဆုံး ခေတ်စမ်းကဗျာဟု အသိအမှတ်ပြုရသော 'ပိတောက်ပန်း'သည် ပိတောက်ပန်းကို အရှိအတိုင်း တိုက်ရိုက် ရေးဖွဲ့ထားခြင်း မဟုတ်ဘဲ လူ့သဘော လူ့သဘာဝနှင့် ဆက်စပ်ဖွဲ့ထားသည့်အတွက် အတွေးသစ် အမြင်သစ် စေတနာသစ် ပါဝင်သော ကဗျာအဖြစ် ထူးခြားကြောင်း ကဗျာ့ဂုဏ်ကို ဖော်ထုတ် သုံးသပ်ကြပါသည်။ ပိတောက်ပန်း ကဗျာ၏ ဂုဏ်သည် ပိတောက်ပန်း ကဗျာ၏ အတွေး၊ ပိတောက်ပန်း ကဗျာ၏ အရေးအဖွဲ့တို့မှ ပေါ်ထွက်လာသော ဂုဏ် ဖြစ်ပါသည်။ ထိုဂုဏ်ကို ဖော်ထုတ်နိုင်ရန်အတွက် ရေးဖွဲ့သူ ဆရာဇော်ဂျီ၏ အတ္ထုပ္ပတ္တိကို ထည့်မစဉ်းစားဘဲ ဖော်ထုတ်၍ ရပါသည်။ အကယ်၍ ရေးဖွဲ့သူသည် ဆရာဇော်ဂျီ မဟုတ်ဘဲ အခြား ကဗျာစာဆိုတစ်ဦး ဖြစ်နေသည် ဆိုလျှင်လည်း ကဗျာ့ဂုဏ် ကဗျာ့အရည်အသွေး ပေါ်လွင်နေမည်သာ ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ 'လှိုင်းကလေးသင်'၊ ဆရာမင်းသုဝဏ်၏ 'ဖြောသံ'၊ ဆရာဒဂုန်တာရာ၏ 'ငွေလေ့ပေါ်မှ အနမ်း' စသည့် ကဗျာများသည်လည်း ကဗျာဆရာ၏ အတ္ထုပ္ပတ္တိကို သိစရာ

mgyoe.com

mgyoe.com SAMPLE BOOK

မလိုဘဲ ကဗျာ့အရည်အသွေးကို ဖော်ထုတ် နားလည်နိုင်သော ကဗျာများ ဖြစ်ပါသည်။ ထိုကဗျာများတွင် ကဗျာဆရာတို့၏ ဘဝဖြစ်ရပ်နှင့် ဆိုင်သည်ဟု ယူဆနိုင်သော အကြောင်းအရာများ ထင်ထင်ရှားရှား မပါဝင်ခြင်းသည် အတ္ထုပ္ပတ္တိကို သိထားရန် မလိုအပ်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်ပါလိမ့်မည်။

ဆရာမင်းသုဝဏ်၏ 'လူလည်း တစ်တွေ ရေလည်း တခြား' ဆိုသော အက်ဆေး(ရသစာတမ်း)တွင် ဆရာက ညတစ်ညမှာ ဧည့်ခန်းထဲရှိ မီးဖိုဘေးတွင် မီးခိုးငွေ့များကြားမှာ အိပ်ငိုက်ရင်း 'ငါ'ဝလေ့နှင့် 'သူတို့' ဝလေ့ မတူပုံများကို အတွေးဆန့်မိဟန် ရေးဖွဲ့သည်။ ထို့နောက် 'အဖြူ'လည်း 'အဝါ' အကြောင်း၊ 'အဝါ'လည်း 'အဖြူ'အကြောင်း နားလည်ဖို့ လိုပုံ၊ 'ဆန်'လည်း ဆန်အလျောက်၊ 'ဂျုံ'လည်း ဂျုံအလျောက် အာဟာရ ပေးနိုင်ပုံတို့ကို စဉ်းစားမိရင်း အတွေးမျှင်ကို အဆုံးသတ်လိုက်ကာ အိပ်ရာဝင်ပုံတို့ကို ရေးဖွဲ့ထားပါသည်။ ဝလေ့စရိုက် ကွဲပြားပုံ၊ နှိုင်းယှဉ်ပြပုံကလေးများမှာ နှစ်သက်ဖွယ်ကောင်းပါသည်။ သို့သော် 'ငါ'နှင့် 'သူတို့' 'အဝါ'နှင့် 'အဖြူ'၊ 'ဆန်'နှင့် 'ဂျုံ'တို့မှာ သူ့အတိုင်း ဖတ်သွားလျှင် အဓိပ္ပာယ် သိပ်မထင်ရှားပါ။ အပြည့်အဝ နားမလည်နိုင်ပါ။ ထိုရသစာတမ်းကို ဆရာ အင်္ဂလန်သို့ ပညာတော်သင်သွားနေစဉ်က ရေးဖွဲ့သည်ဟူသော ဆရာ့အတ္ထုပ္ပတ္တိဆိုင်ရာ နောက်ခံအကြောင်းအရာနှင့် ဆက်စပ်ကြည့်သောအခါတွင် အဓိပ္ပာယ် ပို၍ထင်ရှားလာရပါသည်။ စာကို နားလည်ရန် အတ္ထုပ္ပတ္တိ၏ အထောက်အကူပြုမှု ဖြစ်ပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိဆိုင်ရာ အကြောင်းအချက်များကို သိထားလျှင် ဆရာကြီး၏ လေးချိုးကြီးများ လေ့လာမှုအတွက် အထောက်အပံ့ ဖြစ်ပါလိမ့်မည်။ 'မစ္စတာမောင်မှိုင်း'ဟူသော ကလောင်အမည်ကို ယူရသည့် အကြောင်း၊ မှာတော်ပုံ ဝတ္ထု ရေးရာတွင် 'ရာဇဝင်ခေတ် မိုန်ဆဲတွင်မှ၊ ဇာတ်ထွင်ကာ ဖတ်ချင်ဖို့ ဆွဲမယ်လို့' ဟူသော ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သည့်အကြောင်း စသည့် အချက်များသည် ဆရာကြီး၏ စာပေများကို လေ့လာရာတွင် ပို၍နားလည်အောင်၊ စာ၏ အရည်အသွေးကို ပေါ်ပေါ်လွင်လွင် သုံးသပ်အကဲဖြတ်နိုင်အောင် များစွာ အထောက်အကူ ပြုပါသည်။

အချို့က စာပေများကို နားလည်ဖို့အတွက် စာရေးသူ၏ အတ္ထုပ္ပတ္တိကို သိထားရန် လိုအပ်မှု အတိုင်းအတာ ပို၍များသည်လည်း ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဝဲသုန္ဒရအမတ်ကြီး၏ 'မဲဇာတောင်ခြေ'နှင့် 'ဝေဠုန်းစန္ဒာ' ရတုများ ဆိုပါစို့။ ကဗျာများကို ဖတ်ကြည့်လျှင် မဲဇာသို့ ရောက်နေသူ တစ်ဦးက မင်းနေပြည်တော်ကြီးကို လွမ်းဆွတ်တမ်းတနေပုံ၊ ဇနီး သားသမီးများကို လွမ်းဆွတ်တမ်းတနေပုံတို့ကို ရေးဖွဲ့ထားကြောင်း နားလည်နိုင်ပါသည်။ 'အမတ်ကြီး၏ ဘဝဖြစ်ရပ်ကို သိမထားဘဲလည်း သာမန်အားဖြင့် နားလည်နိုင်ပါသည်။ မင်းပြစ်မင်းဒဏ်ဖြင့် မဲဇာသို့ အပို့ခံရသော အမတ်ကြီး၏ ဘဝဖြစ်ရပ်ကို သိထားလျှင်ကား 'မဲဇာတောင်ခြေ'၊ 'ရွှေပြည်ကိုသာ တရှာတော့မည့်'၊ 'သည်တွင် ရွှေမြို့၊ သည်သို့ စေတီ၊ 'သည်ဆီ ရွှေနန်း'၊ 'ရွှေပြည်ဌာန ဝေးသောကြောင့်'၊ 'သိဃ်အောင်မြေ လယ်ချက်ဗွေဝယ်'၊ 'အိမ်သူချောသွယ် သုံးယောက်မယ်'၊ 'ရင်သွေး ရွှေတောင်၊ သား မောင်နှမ၊ ဆင်းသိင်္ဂီတို့၊ မွေးဖရင်ခွင်၊ ရွှေလက်တင်၍'၊ 'နှစ်ပါးစက်ခြည် သားနှင်းရည်' စသည့် အဖွဲ့များကို ပြည့်ပြည့်ဝဝ နားလည်လာပြီး ကဗျာအရသာလည်း ပို၍ပေါ်လာမည် ဖြစ်ပါသည်။

စာဆိုရှင်မဟာရဋ္ဌသာရသည် အသက်တော် ၂၆ နှစ်အရွယ်တွင် 'ဘူရိဒတ် ဇာတ်ပေါင်းပျို့'ကို ရေးဖွဲ့ရာ၌ ဘုရားရှင်ပင်လျှင် ပြောသင့်ပြော ထိုက်သည့် အခါမျိုးတွင် 'မိန်းမ ယောက်ျား လူ့စကား'ဖြင့် 'မကြားစတောင်း၊ မဆိုစကောင်းသော စကားမျိုး'ကို မိန့်ဆိုတော်မူသေးသည်။ မိမိသည်လည်း 'ဆိုရေးရှိက ဆိုအပ်လှ၏' ဟူသော စကားအတိုင်း ပြောဆိုသင့်သည်ကို မပြောဆိုဘဲနေလျှင် မိမိတွင် တာဝန်ရှိမည် ဖြစ်သည့်အတွက် ပြောဆိုစရာ ရှိလျှင် မငဲ့မကွက် ပြောဆိုရမည် ဖြစ်ကြောင်း မာမာတင်းတင်း မိန့်ဆိုခဲ့သော်လည်း၊ အသက်တော် ၅၈ နှစ်အရွယ်တွင် ရေးဖွဲ့ ပြီးစီးသော 'စတုဓမ္မသာရ ကိုးခန်းပျို့'တွင်ကား မိမိသည် 'ပညာမုန်ယို အရွယ်ပျို'စဉ်က 'မဆိုစလောက် မာန်စောင်မြောက်'ကာ နှုတ်ငေါက် ပြောဆိုမိသည်များ ရှိခဲ့သည်ကို ယခုအခါတွင် မာန်လျှော့ကာ 'ဤစာကိုးခန်း ပုလဲပန်း'ဖြင့် ရိုသေစွာ ကန်တော့ပါကြောင်း တောင်းပန် ရေးဖွဲ့ခဲ့သည်။ ဤအဖွဲ့များကို ပြည့်ပြည့်ဝဝ နားလည်ရန်ကား စာဆို ရှင်မဟာရဋ္ဌသာရ၏ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ သိထားဖို့ လိုအပ်မည် ဖြစ်ပါသည်။ စာကို နားလည်ရန်အတွက် စာရေးသူ၏ အတ္ထုပ္ပတ္တိပေါ်တွင် များစွာ အမှီပြုနေသည့် စာမျိုး ဖြစ်ပါသည်။

mgyoe.com

'စာကို နားလည် ခံစားနိုင်ရန် အရည်အသွေးကို အကဲဖြတ်နိုင်ရန် အတွက် စာရေးသူ၏ အတ္ထုပ္ပတ္တိကို သိထားရန် လုံးဝမလိုအပ်' ဟူသော အစွန်းနှင့် 'စာရေးသူ၏ အတ္ထုပ္ပတ္တိကို သိမထားလျှင် မဖြစ်' ဟူသော အစွန်း နှစ်ခု၏ ကြားတွင် စာရေးသူ၏ အတ္ထုပ္ပတ္တိကို ကြိုတင်သိထားရန် လိုအပ်မှု အတိုင်းအဆ အမျိုးမျိုး ကွဲပြားနိုင်ကြောင်း ဆွေးနွေးတင်ပြခြင်း ဖြစ်ပါသည်။

*မဟေသီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

## ခေတ်နောက်ခံစာပေနှင့် စာဖတ်သူ၏ ခေတ်အကွာအဝေး

လွန်ခဲ့သော နှစ် လေးဆယ်ကျော်က ဖြစ်ပါသည်။

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာအဓိက သင်တန်းတစ်ခုတွင် ချီးကျူးသံ တစ်သံ ထွက်လာသည့်အတွက် ကျွန်တော်တို့လို ဆရာပေါက်စတွေ စိတ်ဝင်စားသွားသည်။ ချီးကျူးသံမှာ 'လေးချိုးပေါင်းချုပ်ကို ဆရာမိုးကြီးသင်တာ သိပ်ကောင်းတာပဲ' ဟူသော အသံ ဖြစ်သည်။

'လေးချိုးပေါင်းချုပ်' ဆိုသည်မှာ ထိုစဉ်က တတိယနှစ် မြန်မာစာအဓိက သင်တန်းတွင် ပြဋ္ဌာန်းထားသော 'သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်' ဖြစ်ပြီး 'ဆရာမိုးကြီး' ဆိုသည်မှာ ထိုစဉ်က မြန်မာစာဌာနတွင် အမှုထမ်းနေသော ကျွန်တော်တို့ဆရာ ပါဠိပါရဂူ ဆရာကြီး ဦးအောင်မိုး ဖြစ်ပါသည်။

ကျွန်တော်တို့ ဆရာငယ်တစ်စုသည် ပညာယူလိုသည့်အတွက် ဆရာကြီးဦးအောင်မိုး၏ အတန်းကို လိုက်တက်ကြသည်။ ချီးကျူးရလောက်အောင်လည်း ကောင်းလှပါပေသည်။ ထူးခြားသည်မှာ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘိလပ်သွား ဒယ်လီကိတ်(ကိုယ်စားလှယ်)ဘွဲ့ လေးချိုးကြီး'၊

mgyoe.com

mgyoe.com SAMPLE BOOK

'ဂျူနှ်ဆရာစံဘွဲ့ လေးချိုးကြီး'၊ 'လယ်တီဆရာတော် သာသနာပြုဘွဲ့ လေးချိုးကြီး' စသည့် လေးချိုးကြီးများကို ပို့ချရာတွင် ဆရာကြီးဦးအောင်မိုးသည် မိမိငယ်ရွယ်စဉ်က ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော နောက်ခံဖြစ်ရပ်များကို ကိုယ်တွေ့အတွေ့အကြုံများအနေဖြင့် ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် ယှဉ်ဟပ်ပြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လေးချိုးကြီးတွေထဲက စကားလုံးတိုင်း စကားလုံးတိုင်း ခြေခြေမြစ်မြစ် အဓိပ္ပာယ် ပေါ်လာပြီး ကဗျာအရသာ ပြည့်ပြည့်ဝဝ ပေါ်လာပါသည်။

''ဒီလေးချိုးကြီးတွေ၊ ဋီကာတွေကို ဆရာတို့ လူငယ်ဘဝက သူရိယသတင်းစာမှာ နေ့တိုင်း စောင့်ဖတ်ပြီး အရသာ တွေ့ခဲ့တာပေါ့ကွာ၊ လေးချိုးတွေကို သဘောကျလွန်းလို့ အဲဒီကတည်းက အလွတ်ရနေတယ်''

ဟု ဆရာကြီးက သင်ကြားပို့ချရင်း ပြောပြပါသည်။

နောက်ထပ် နှစ်ပေါင်း နှစ်ဆယ်မျှ ဖြတ်သန်းပြီးသောအခါ ဆရာမှိုင်း၏ ဘိလပ်သွား ကိုယ်စားလှယ်ဘွဲ့ လေးချိုးကြီးကို 'သပြေနုချိန်' ခေါင်းစဉ်ဖြင့် တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်မှာ ပြဋ္ဌာန်းပါသည်။ သတိပြုမိသည်မှာ ထိုကဗျာကို သင်ကြားနိုင်ရန် နောက်ခံ အချက်အလက်တွေကို တော်တော်ရှာဖွေရကြောင်း သင်ကြားသည့် ဆရာ၊ ဆရာမများက ပြောကြခြင်းဖြစ်သည်။ 'ဩော်··· ပြေအမှုပေမို့' ဆိုသော အဖွဲ့ 'ဖေပုရှိန် အင်္ဂလန်နန်းမြေသွားတို့ကိုဖြင့်' ဆိုသော အဖွဲ့ 'မင်းတို့ ကိုရင်မှိုင်းမှာဖြင့်၊ လယ်ကိုင်းသူများ အရွယ်သင့်တွေနှင့်၊ မယ်မြင့် ခေါ် ကေသာဝတီရဲ့အပြင်၊ ခေမာထေရီ မေရီကြော့ကြော့ရှန်းတို့နှင့်'ဟူ၍ ယောဂီဆရာမှိုင်းကြီးနှင့် တပည့်မများ အကြောင်း ဖွဲ့ထားသော အဖွဲ့တို့ကို အဓိပ္ပာယ်ဖော်ရန် နောက်ခံ အကြောင်းအချက်များကို ရှာဖွေဖတ်ရသည့်အတွက် ဆရာ၊ ဆရာမများက ဤသို့ ပြောခြင်းဖြစ်ပါသည်။ ထိုလေးချိုးကြီးကို ဒေါင်းဋီကာတွင် နောက်ခံ အကြောင်းအရာများနှင့်တကွ ရေးဖွဲ့ထားကြောင်း ပြောပြပြီး ဒေါင်းဋီကာကို ဖတ်ဖို့ အကြံပေးလိုက်ရပါသည်။

ဤအကြောင်းများကို စဉ်းစားရင်း ခေတ်နောက်ခံပြု ရေးဖွဲ့သော စာပေနှင့် စာဖတ်သူတို့၏ ခေတ်ချင်း အကွာအဝေးအကြောင်း ဆက်စပ်စဉ်းစားမိပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများမှ အကြောင်းအရာများသည် ဆရာကြီးဦးအောင်မိုးတို့လောက် အသက်အရွယ်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသော စာဖတ်ပရိသတ်အတွက် ခေတ်ချင်း မကွာသော ခေတ်ပြိုင်အကြောင်းအရာများ ဖြစ်သည်။ ကိုယ်တိုင် မြင်တွေ့ ကြားသိရသော ကိုယ်တွေ့ အကြောင်းအရာများ ဖြစ်သည်။ ထို့ကြောင့် ထိုအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ နားလည်ပြီး အရသာ ပြည့်ပြည့်ဝဝ ခံစားခဲ့ရသည်။ ထိုလေးချိုးကြီးများ ရေးဖွဲ့သော ကာလနှင့် နှစ် ၃၀ ကျော် ကွာလှမ်းနေသော ကျွန်တော်တို့ အသက်အရွယ် စာဖတ်ပရိသတ် ဆိုလျှင်ပင် ထိုလေးချိုးကြီးများနှင့် မစိမ်းသေးပါ။ သိပ်မဝေးသေးပါ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ကျွန်တော်တို့ သက်ရှိထင်ရှား မီလိုက်ပါသေးသည်။ ဆရာကြီး အစည်းအဝေးများမှာ ဟောသည် ပြောသည်ကို လူငယ်ဘဝက ကြားနာလိုက်ရပါသေးသည်။ ဆရာကြီး၏ ရှာပနတွင် ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများကို နားထောင်လိုက်ရပါသေးသည်။ ထိုအထိအတွေ့များကြောင့် ဆရာကြီး၏ လေးချိုးများကို (ခေတ်ပြိုင်စာဖတ်ပရိသတ်လောက် မရစေကာမူ) တော်တော်ပင် အရသာ ခံစားမိပါသေးသည်။

ကျွန်တော်တို့ အသက်အရွယ်နှင့် နှစ် ၂၀ ကျော် ကွာလှမ်းသွားသော ဆယ်တန်းမှာ 'သပြေနုချိန်' သင်နေသည့် ဆရာ၊ ဆရာမများလောက် အသက်အရွယ် ရှိသည့် စာဖတ်ပရိသတ်မှာမူ လေးချိုးကြီးများ ရေးဖွဲ့သော ခေတ်နှင့် တော်တော်ပင် ကွာလှမ်းသွားပြီး လေးချိုးကြီးများကို အရသာခံနိုင်ဖို့ စာတွေ့အကြောင်းအချက်များကသာ အထောက်အကူ ပြုပါလိမ့်မည်။

၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်ခဲ့သော ကျွန်တော့်ကိုယ် ကျွန်တော် စာဖတ်သူ နေရာမှာ ထားပြီး တက္ကသိုလ်နောက်ခံဝတ္ထုများအကြောင်း ဆက်စဉ်းစားကြည့်မိပါသည်။ ဆရာဇဝနနှင့် ဆရာဦးသိန်းဖေမြင့်တို့၏ တက္ကသိုလ်နောက်ခံဝတ္ထုများမှာ ကျွန်တော် မမွေးခင် အနည်းဆုံး ဆယ်စုနှစ် တစ်နှစ် စောသော ကာလကို နောက်ခံပြုထားသော ဝတ္ထုများ ဖြစ်သည်။ ကိုလိုနီခေတ် လွတ်လပ်ရေး ကြိုးပမ်းမှု ကာလက တက္ကသိုလ်ကျောင်းသားများ၏ အမူအရာများ၊ လုပ်ဆောင်မှုများကို ပုံဖော်ထားကြောင်း အများ သိပါသည်။ ကျွန်တော့်ဖခင်အရွယ်၊ ဦးလေးအရွယ် ပုဂ္ဂိုလ်များမှာမူ ခေတ်ပြိုင်စာဖတ်ပရိသတ် ဖြစ်ပါသည်။ ကျွန်တော်တို့ အသက်အရွယ်ကျတော့ တစ်ခေတ် ခြားသွားပါပြီ။ သို့သော် ဖြစ်ရပ်များက တစ်ဆက်တစ်စပ်တည်း ဖြစ်သည်။ သက်ဆိုင်ရာ စာရေးဆရာကြီးများကိုလည်း သက်ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

ထင်ရှား မြင်တွေ့ရသည်။ ထိုဆရာကြီးများ၏ ဟောပြော ဆွေးနွေးချက်များကိုလည်း မှတ်သား နာယူရသည်။ နောက်ခံသမိုင်း ဖြစ်ရပ်များကလည်း ကျွန်တော်တို့ ခေတ်က လူငယ်များ အကျွမ်းတဝင် ရှိသော ဖြစ်ရပ်များ ဖြစ်သည်။ ထို့ကြောင့် ထိုဝတ္ထုကြီးများသည် ကျွန်တော်နှင့် ခေတ်ပြိုင် မဟုတ်သော်လည်း မစိမ်းပါ။ ဝတ္ထုများက ပေးသော အရသာကို အပြည့်အဝနီးပါး ခံစားမိသည်ဟု ယူဆပါသည်။

ဆရာမင်းရှင်၏ 'မေ့ဘူးကွဲ့ သက်လှယ်ရယ်'၊ ဆရာနတ်နွယ်၏ 'အပြာနှင့် အဝါ'၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုများကျတော့ ကျွန်တော်နှင့် ပို၍နီးကပ်လာပါသည်။ ကျွန်တော် တက္ကသိုလ်မရောက်မီ ဆယ်နှစ်ဝန်းကျင်က တက္ကသိုလ်နောက်ခံများ ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော့်မှာ ကျောင်းသားငယ်ဘဝသာ ရှိပါလိမ့်ဦးမည်။ သို့သော် ပတ်ဝန်းကျင်မှာ အစ်ကို၊ အစ်မအရွယ် တက္ကသိုလ်ကျောင်းသားများ ရှိနေသည်။ အချို့ဆိုလျှင် ကျွန်တော်တို့၏ ဆရာများ၊ ဆရာမများ ဖြစ်နေပါပြီ။ ထိုပုဂ္ဂိုလ်များ ပြောပြ၍ တက္ကသိုလ်အကြောင်း သိရသည့်အပြင် ကိုယ်တိုင်လည်း တက္ကသိုလ် ပတ်ဝန်းကျင်ကို ဖြတ်သွားဖြတ်လာ မြင်တွေ့နေရပါပြီ။ အလယ်တန်း ကျောင်းသားများ အရွယ်မှာ 'ပါမောက္ခ'တို့၊ 'ကထိက'တို့၊ 'လောဂျစ်'တို့၊ 'ဖိလိုဆိုဖီ'တို့၊ 'ဆိုက်ကိုလိုဂျီ' ဆိုသည့် ဝေါဟာရတွေကို တက္ကသိုလ် အငွေ့အသက် ပါသော ဝေါဟာရတွေအဖြစ် စိတ်ဝင်တစား ကြားနေရပါပြီ။ ထိုဝတ္ထုများကို ဖတ်ပြီး အားကျစိတ်နှင့်အတူ နောက်ခံအကြောင်းတွေကို စိတ်ထဲမှာ ရင်းနှီးနေပါပြီ။ လွတ်လပ်ရေးခေတ်ဦး တက္ကသိုလ်ကျောင်းသား ပုံရိပ်များတွင် ထင်ဟပ်နေသော ဝတ္ထုများအဖြစ် အရသာတွေ့နေပါပြီ။

ဆရာသိန်းသန်းထွန်း၏ 'မယန်ပါနဲ့ ကြွေချင်တယ်'၊ 'အချစ်ရူးလေးရဲ့ အချစ်ဦး'နှင့် 'ငွေစပယ်ရဲ့ လမင်းငယ်ဘဝ'၊ ဆရာအောင်ပြည့်၏ 'ပြုံမှာလေလား မိုးရဲ့'တို့ကျတော့ စာဖတ်သူ ကျွန်တော်နှင့် ခေတ်ပြိုင်ဝတ္ထုများ ဖြစ်နေပါသည်။ ကျွန်တော် ပညာသင်နေသော တက္ကသိုလ်၏ အငွေ့အသက် အပြည့်အဝ ထင်ဟပ်နေသော ဝတ္ထုများအဖြစ် စိတ်ထဲမှာ အကျွမ်းတဝင် ဖြစ်ရပါသည်။ ထိုဝတ္ထုများကို ရေးသည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကျွန်တော်၏ ခင်မင်သော မိတ်ဆွေများ ဖြစ်နေပါသည်။ ဆရာဇဝနနှင့် သက်တူရွယ်တူ စာဖတ်သူများက 'ကောလိပ်ကျောင်းသား'ကို သူနှင့် ခေတ်ပြိုင်ဝတ္ထုအဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားရသလို ကိုသိန်းသန်းထွန်းနှင့် ကိုအောင်ပြည့် တို့၏ ဝတ္ထုများကိုလည်း ကျွန်တော်နှင့် ခေတ်ပြိုင်ဝတ္ထုများအဖြစ် ခံစား၍ရပါသည်။ တက္ကသိုလ်နောက်ခံ ဝတ္ထု အများအပြားထဲက ကျွန်တော် ဖတ်ဖူးသော ဝတ္ထုအချို့ကို သိသာရုံ သာဓကဆောင်ခြင်း ဖြစ်သည်။

အစ ပြန်ကောက်ပါမည်။ ခေတ်တစ်ခေတ်ကို နောက်ခံပြု၍ ရေးဖွဲ့သော စာပေနှင့် စာဖတ်သူတို့ ခေတ်ပြိုင် ဖြစ်နေလျှင် ထိုစာပေကို ကိုယ်တွေ့နှင့် ယှဉ်ဟပ်၍ ထိုစာပေက ပေးသမျှကို ပြည့်ပြည့်ဝဝ ရနိုင်ပါသည်။ စာပေနှင့် စာဖတ်သူတို့ ခေတ်ချင်း ဝေးသွားလေလေ စာဖတ်သူ၏ ကိုယ်တွေ့နှင့် ယှဉ်ဟပ်နိုင်သည့် အတိုင်းအတာ နည်းသွားလေလေ ဖြစ်သည့်အတွက် ထိုသို့ ကိုယ်တွေ့နှင့် ယှဉ်ဟပ်နိုင်သည့် အတိုင်းအတာ အားနည်းသွားလေလေ ထိုစာက ပေးသလောက် ပြည့်ပြည့်ဝဝ ရနိုင်ဖို့ အခွင့်အလမ်း နည်းသွားလေလေ ဖြစ်ပါသည်။ ထိုအခါမျိုးတွင် စာဖတ်သူသည် မိမိနှင့် ခေတ်ချင်း ကွာသော ခေတ်နောက်ခံ စာပေကို ပြည့်ပြည့်ဝဝ နားလည်ရေး၊ ပြည့်ပြည့်ဝဝ အရသာဖော်ရေးတို့အတွက် ထိုခေတ်နှင့် ပတ်သက်သည့် သမိုင်းအထောက်အထား အချက်အလက်များကို လေ့လာပြီး ရရှိလာသော အသိအမြင်ဖြင့် ထိုဝေးကွာသွားသော ခေတ်ပုံရိပ်ကို စိတ်ထဲမှ နီးနီးကပ်ကပ် ခံစားရအောင် အားထုတ်ရန် လိုအပ်သည်ဟု သဘော ပေါက်မိပါသည်။

*ပန်းအလင်္ကာမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၉ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# တပေသဘောတရားနည်းနာများ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာဇော်ဂျီ ညွှန်ပြသော တောအုပ်များ

( ၁ )

ဆရာဇော်ဂျီက တောအုပ်များကို အပေါ်စီးက ခြုံ၍ ကြည့်ခဲ့သည်။
ကြည့်၍ မြင်ရသည်တို့ကိုလည်း ညွှန်ပြခဲ့သည်။
ဆရာဇော်ဂျီ ညွှန်ပြခဲ့သော တောအုပ်များကား....

( ၂ )

စာပေလေ့လာရာတွင် သစ်ပင် တစ်ပင်ချင်းကို ကြည့်သလို အသေးစိတ် ကြည့်ရသည်လည်း ရှိသည်။ တောအုပ်တစ်အုပ်လုံးကို ကြည့်သလို ခြုံ၍ ကြည့်ရသည်လည်း ရှိသည်။

သစ်ပင်တစ်ပင်ချင်း အသေးစိတ် မြင်တတ်သော်လည်း တောအုပ် တစ်အုပ်လုံးကို ခြုံပြီး မမြင်တတ်လျှင် ယေဘုယျအမြင်မျိုး မရဘဲ ရှိတတ်သည်။ သဘောတရားကို အာရုံမပြုမိဘဲ ရှိတတ်သည်။ တောအုပ်တစ်အုပ်လုံး ခြုံ၍ မြင်တတ်သော်လည်း သစ်ပင်တစ်ပင်ချင်း အသေးစိတ် မမြင်တတ်လျှင်

mgyoe.com

mgyoe.com SAMPLE BOOK

သဘောတရားကို အချက်အလက်နှင့် ဟပ်မပြတတ်ဘဲ ခပ်လျှံလျှံ ဖြစ်သွားတတ်သည်။ ခပ်ဝါးဝါး ဖြစ်သွားတတ်သည်။

ကျွန်တော်တို့သည် သစ်ပင် တစ်ပင်ချင်း အသေးစိတ် ကြည့်သည့်နည်းနှင့် အကျွမ်းတဝင် ရှိသည်။ တောအုပ်တစ်အုပ်လုံး ခြုံကြည့်တတ်သည့် အလေ့အလာ အားနည်းသည်။

ဆရာဇော်ဂျီက တောအုပ်များကို ခြုံကြည့်တတ်သည့် အလေ့အလာမျိုး၊ အမြင်မျိုးနှင့် အကျွမ်းတဝင် ရှိအောင် ကျွန်တော်တို့ကို ညွှန်ပြပေးခဲ့သည်။

## ( ၃ )

## မြန်မာစာပေသမိုင်းတွင် သုံးဂိုဏ်း ခွဲ၍ရသော စာ

ခေတ်ဟောင်း မြန်မာစာပေကို ခြုံ၍ကြည့်လျှင် သုံးဂိုဏ်း ခွဲ၍ ရကြောင်း ဆရာဇော်ဂျီက ညွှန်ပြသည်။ ဆရာက ထိုသုံးဂိုဏ်းကို အကြမ်းအားဖြင့် ခွဲပြသည်။ (၁) ရဟန်းတော်များက စ၍ ရေးကြသော ပျို့နှင့် မော်ကွန်းတို့ကို တွေ့ရသည်။ ထိုကဗျာတို့တွင် ဇာတကဝတ္ထုများကို တန်ဆာဆင်၍ ဖွဲ့နွဲ့သည့် စာမျိုး ပါသည်။ ဘုရားကျောင်းကန်တို့၏ အကြောင်းခြင်းရာတို့ကို တန်ဆာဆင်၍ ဖွဲ့သော စာမျိုး ပါသည်။ ထိုမှတစ်ဆင့် ထိုစာမျိုးကို ဝတ်ကြောင်စာဆိုတို့လည်း ဖွဲ့ဆိုလာကြရာ ကျယ်ဝန်းလာသည်။ (၂) မင်းမှူးမတ်၊ မင်းညီမင်းသား၊ မင်းသမီး စသော နန်းတော် အိမ်တော် စာဆိုတော် ရေးကြသော ရတု၊ ဧချင်း၊ အဲချင်း၊ လူးတား၊ ရကန်၊ ကာချင်း၊ တေးထပ်၊ လေးဆစ်၊ နှစ်ဆစ်၊ မှာတမ်း၊ နန်းတွင်းဇာတ်၊ ပြဇာတ်၊ ရာဇဝင် အရေးတော်ပုံတို့ကို တွေ့ရလိမ့်မည်။ ထိုစာတို့တွင် မင်းတို့အကြောင်း၊ ထီးနေ နန်းနေတို့၏ အမူအရာ အဖြစ်အပျက်တို့အကြောင်းကို ဖွဲ့နွဲ့သော စာမျိုးစုံ ပါသည်။ (၃) ရဟန်းစာဆို၊ ထို့နောက် အထူးသဖြင့် ထီးနန်းစာဆို၊ ဆင်းရဲသားစာဆို သုံးမျိုးစလုံးတို့ကပင် ဖွဲ့ခဲ့သော ဗုံကြီးသံ၊ ဗုံထောက်သံ၊ သီချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်း၊ ဒုံးချင်း၊ လွမ်းချင်း၊ လေးဆစ်၊ သံချို၊ မေတ္တာစာ၊ ဟောစာတို့ကို တွေ့ရလိမ့်မည်။ ထိုတေးကဗျာတို့တွင် အများပြည်သူ လူရှင် ဆင်းရဲသားတို့၏ အမူအရာနှင့် အဖြစ်အပျက် အကြောင်း ဖွဲ့ခဲ့သော စာမျိုးစုံ ပါသည်။ ဆိုခဲ့သော စာသုံးမျိုးသည် ရှေးဟောင်းမြန်မာစာပေ၏ ယေဘုယျ လက္ခဏာတို့ပေတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဇော်ဂျီသည် 'မြန်မာစာပေ လမ်းခင်းလာပုံ' ဆောင်းပါး (၁၉၃၄) တွင် ရှေးဟောင်းမြန်မာစာပေ မြင်ကွင်းကို အပေါ်စီးက ကြည့်၍ ဤသို့ ခြုံငုံ စုစည်းပြခဲ့သည်။ 'လောကဓမ္မရာဇ'ဟူ၍ အစဉ်အလာ ခွဲခြားပုံကို ရှေးဟောင်း မြန်မာစာပေနှင့် ဟပ်၍ ဤသို့ ပီပီပြင်ပြင် ရှုမြင်ခဲ့သည်။ ရှေးဟောင်းမြန်မာစာပေဟူသော တောအုပ်ကြီး သုံးခုကို ညွှန်ပြလိုက်ခြင်းပင် ဖြစ်သည်။

## ( ၄ )

## စာပေအရေးအဖွဲ့ နည်းနာများ

စာပေအရေးအဖွဲ့ နည်းနာများကို ခြုံ၍ကြည့်လျှင် သုံးမျိုး ရကြောင်း ဆရာဇော်ဂျီက ညွှန်ပြထားသည်။ ကဗျာ့သဘောနှင့် ကဗျာ့ရည်ရွယ်ချက်၊ စာတမ်း (၁၉၆၁) တွင် ဖြစ်သည်။

(၁) အနက်ကို မှန်အောင် ဖော်နိုင်ဖို့ ကိစ္စတွင် သဒ္ဒါနည်းဟူ၍ ရှိသည်။ ဝါကျဖွဲ့နည်းဟူ၍ ရှိသည်။ ကဗျာအတွက် ဖြစ်လျှင် ကဗျာစပ်နည်းဟူ၍လည်း ရှိသည်။ (၂) အနက်ကို ပြေပြစ်အောင် ဖော်နိုင်ဖို့ ကိစ္စတွင် ဒေါသဟူ၍ ရှိသည်။ ဂုဏ်ဟူ၍ ရှိသည်။ ယေဘုယျအားဖြင့် သဒ္ဒါလင်္ကာရ၌ အကျုံးဝင်သည်။ (၃) အနက် ဆန်းကြယ်အောင် ဖော်နိုင်ဖို့ ကိစ္စတွင် ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ စသော အတ္ထာလင်္ကာရတို့ ရှိကြသည်။ သဒ္ဒါအကြောင်း၊ သဒ္ဒါလင်္ကာရအကြောင်း၊ အတ္ထာလင်္ကာရအကြောင်းတို့သည် ရှေးခေတ်ရေး၊ နှောင်းခေတ်ရေး သက်ဆိုင်ရာ မြန်မာကျမ်းများ၌ လည်းကောင်း၊ အင်္ဂလိပ်ဘာသာ အစရှိသော ဘာသာခြားကျမ်းများ၌ လည်းကောင်း ရှိကြပြီး ဖြစ်သဖြင့် ထိုအကြောင်းတို့ကို ဤနေရာ၌ ပြောပြဖို့ မလိုတော့ပြီ။ သိလို၍ ဖတ်ကြည့်ကြလျှင် နားလည်နိုင်ကြပါသည်။

ဆရာက 'အကျယ်ပြောပြဖို့ မလိုတော့ပြီ'ဟု ဆိုသော်လည်း ဤသို့ အကျဉ်းမျှ စုစည်းပြရုံဖြင့် ခြုံပြီးကြည့်သည့်နည်းကို ကျွန်တော်တို့ သတိမူမိသွားပါသည်။ ပြောဆိုရေးဖွဲ့သည့် နည်းနာများကို ခြုံကြည့်လျှင် ပြောသူရေးသူ ဆိုလိုသော အနက်ကို မှန်အောင်၊ ပြေပြစ်အောင်၊ ဆန်းကြယ်အောင် နာသူ ဖတ်သူက ဖော်နိုင်ရန် အသုံးပြုသည်။ နည်းနာစုအဖြစ် သုံးစု စုနိုင်ကြောင်း သိမြင်သွားခြင်း ဖြစ်ပါသည်။ သဒ္ဒါကျမ်း၊ အလင်္ကာကျမ်း၊ ကဗျာဖွဲ့နည်းကျမ်း

mgyoe.com

များထဲက နည်းနာများကို ခြုံကြည့်ကာ တောအုပ်ကြီး သုံးခုအဖြစ် ညွှန်ပြလိုက်ခြင်း ဖြစ်ပါသည်။

## ( ၅ )

## အလျားလိုက် ရသ၊ ဒေါင်လိုက် ရသ

'သုဗောဓာလင်္ကာရ' ခေါ် အလင်္ကာကျမ်းသည် မြန်မာတို့ အစဉ်အဆက် အသုံးပြုခဲ့သော ကျမ်း ဖြစ်သည်။ သုဗောဓာလင်္ကာရကျမ်းတွင် ရသ ကိုးပါး ခွဲခြားပြထားသည်။ ဆရာဇော်ဂျီက မြန်မာအစဉ်အလာ အသုံးဖြစ်သော 'အလွမ်းအဆွေး အသော' ဟူသည့် အသုံးကို အလင်္ကာကျမ်းထွက် ရသကိုးပါးနှင့် ညှိပြီး အလွမ်းရသ၊ အဆွေးရသ၊ အသောရသဟူ၍ သုံးစုစုပြသည်။ သိင်္ဂါရ(ချစ်ခြင်း)၊ သန္တ(အေးချမ်းခြင်း)၊ ဝီရ(တက်ကြွခြင်း)၊ အဗ္ဘုတ(အံ့ဩခြင်း) ဟူသော ရသလေးပါး ပါဝင်ကြောင်း၊ အဆွေးရသတွင် ကရုဏာ(သနားခြင်း)၊ ရုဒ္ဒ(ကြမ်းကြုတ်ခြင်း)၊ ဝိဘစ္ဆ(စက်ဆုပ်ခြင်း)၊ ဘယာနက(ကြောက်ရွံ့ခြင်း) ဟူသော ရသလေးပါး ပါဝင်ကြောင်း၊ အသောရသတွင် ဟဿ(ရယ်ရွှင်ခြင်း) ဟူသော ရသတစ်ပါး ပါဝင်ကြောင်း ခွဲခြားပြခြင်း ဖြစ်သည်။ အလွမ်းနှင့် အဆွေး ခွဲပြပုံကို ဂရုပြုဖွယ် တွေ့ရသည်။ အလွမ်းရသများသည် ဒိဋ္ဌလောကတွင် သာယာနှစ်သက်ဖွယ်များ ဖြစ်ပြီး အဆွေးရသများသည် ဒိဋ္ဌလောကတွင် မသာယာ မနှစ်သက်ဖွယ်များ ဖြစ်ကြောင်း တွေ့ရသည်။ ဒိဋ္ဌလောကတွင် မသာယာ မနှစ်သက်ဖွယ် အနိဋ္ဌာရုံ ခံစားမှုကို ပေးသော်လည်း ရသ ခံစားရာတွင် အနိဋ္ဌာရုံနှင့် ယှဉ်၍ နှစ်သက်သာယာသော ခံစားမှုကို ပေးကြောင်း တွေ့ရသည်။

ဆရာဇော်ဂျီသည် ရသကိုးပါးကို အလျားလိုက် သုံးပုံ ပုံပြသကဲ့သို့ ဒေါင်လိုက်လည်း ရသအဆင့် ခွဲပြသည်။ ရသ နှစ်သက်ခြင်းသက်သက်နှင့် ဘဝအသိ အာနိသင်ပါသော ရသဟူ၍ အဆင့်ခွဲခြင်း ဖြစ်သည်။ ရသ နှစ်သက်ခြင်းသက်သက်ကိုသာ ပေးသော စာမျိုးသည် ရသ ခံစားပြီးလျှင် ပြီးသွားကြောင်း ဘဝအသိ အာနိသင် ပါသော ရသကို ပေးသည့် စာမျိုးမှာမူ ရသ ခံစားမှု ပြေပျောက်သွားသော်လည်း ရသ၏ ဂယက်ဖြင့် ပတ်ဝန်းကျင်ကို သတိမူမိစေပြီး ဘဝအသိအမြင် ပေးစွမ်းနိုင်ကြောင်း ခွဲခြားပြထားခြင်း

mgyoe.com

mgyee.com SAMPLE BOOK

ဖြစ်သည်။ ဆရာဇော်ဂျီ၏ ရသ သဘောတရားအဖြစ် လေးစားရသော စိစစ်ချက်ဖြစ်သည်။ 'ကဗျာ့သဘောနှင့် ကဗျာရည်ရွယ်ချက်'တွင် အကျယ်ပြထားပါသည်။ ရသ သဘောကို ခြံ၍ ရှုမြင်ပြီး တောအုပ်ကြီးများအဖြစ် အလျားလိုက်၊ ဒေါင်လိုက် စုစည်းပြပုံကို လေ့လာနိုင်သည်။

## ( ၆ )

## ကဗျာ့ပရိယာယ် လေးခု

ဆရာဇော်ဂျီသည် 'ရှေးရေး အိုင်ချင်းမှတ်စု' (၁၉၃၆) တွင် ကဗျာ့ပရိယာယ် လေးခုကို ပြထားသည်။ (၁) ဆိုလိုသော သဘောတစ်ခုကို လေးနက်လာအောင် တစ်ဆင့်ပြီး တစ်ဆင့် တက်၍ ပြောတတ်ခြင်း၊ (၂) ဆိုလိုသော သဘောတစ်ခုကို အလားတူ သဘောအမျိုးမျိုးဖြင့် ယှဉ်၍ ပြောတတ်ခြင်း၊ (၃) အသေး အနုတို့ကို မြင်တတ် ကြားတတ်၍ ပြောပြတတ်ခြင်း၊ (၄) သွယ်ဝိုက်၍ မထိတထိ ပြောတတ်ခြင်းတို့ ဖြစ်သည်။ ဆရာက ရှေးရေး အိုင်ချင်းများကို ထိုပရိယာယ် လေးခုဖြင့် ချိန်ထိုး၍ အိုင်ချင်း တစ်ပုဒ်စီ၏ ဖွဲ့စည်းပုံကို ဖော်ထုတ်ပြထားခြင်း ဖြစ်သည်။ စာပေ အရေးအဖွဲ့ တစ်ခု၏ ဖွဲ့စည်းပုံကို လေ့လာရာတွင် ဘယ်လို ဖွဲ့စည်းထားကြောင်း သတိမူမိစေနိုင်သည့် နည်းနာများ ဖြစ်သည်။ အိုင်ချင်းတစ်ပုဒ်ချင်း၏ ဖွဲ့စည်းပုံများကို တောအုပ်ကြီး လေးခုအဖြစ် ခြံ၍ စုစည်းလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

## ( ၇ )

## ခေတ်ဦး မြန်မာကာလပေါ်ဝတ္ထုများ၏ ယေဘုယျလက္ခဏာ

ဆရာဇော်ဂျီသည် ၂၀ ရာစုခေတ်ဦး မြန်မာစာပေ၏ ထူးခြားချက်နှစ်ရပ် စာတမ်း ၁၉၆၆ တွင် ခေတ်ဦး မြန်မာကာလပေါ်ဝတ္ထုများ၏ ယေဘုယျလက္ခဏာ သုံးရပ်ကို ဖော်ပြထားသည်။ (၁) အချစ်အကြိုက် ကိစ္စ၊ အချစ်အကြိုက် အမှုအရာတို့ကို အဓိကထား၍ ဖွဲ့ခြင်း၊ (၂) ဗဟုသုတနှင့် အဆုံးအမများကို ဖြောင်ကျကျ ထည့်ပြခြင်း၊ (၃) ဖွဲ့နည်းဖွဲ့ဟန် ဇာတ်ရပ်သေးဆန်၍ ဝတ္ထုထဲတွင် တစ်ကိုယ်တည်း ပြောစကားများ၊ ကဗျာများ ထည့်ခြင်း၊ စကားပြေတွင် ကာရန်ညှပ်ပေးခြင်းဟူသော လက္ခဏာများ ဖြစ်ကြောင်း ဖော်ပြသည်။

mgyee.com

mgyoe.com SAMPLE BOOK

၁၉၂၀ မတိုင်မီ ပေါ်လာသော ခေတ်ဦးကာလပေါ်ဝတ္ထုများကို ထိုယေဘုယျ လက္ခဏာများဖြင့် ချိန်ထိုးကြည့်နိုင်ပါသည်။ ခြုံ၍ မြင်တွေ့ရသော လက္ခဏာ များ ဖြစ်သည်။

( ဂ )

ဆရာဇော်ဂျီ ညွှန်ပြခဲ့သော တောအုပ်များကို ပြခဲ့ပြီးပါပြီ။ ဝတ္ထု တစ်ပုဒ်ချင်း၊ ကဗျာ တစ်ပုဒ်ချင်း သီးခြားကြည့်ရုံမျှဖြင့် ထိုတောအုပ်များကို မြင်နိုင်စွမ်း ရှိမည် မဟုတ်ပါ။ တစ်ပုဒ်ချင်းမှာ တွေ့ရသည့် သွင်ပြင်လက္ခဏာ များကို ဆက်စပ်ရှုမြင်မှသာ ဤတောအုပ်များကို သတိပြုမိမည် ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ဤပုံဤနည်းဖြင့် ဆက်စပ်ရှုမြင်ထားသော တောအုပ်များကို ကျွန်တော်တို့အား ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည်။

စာပေ လေ့လာရာတွင် ယခု တင်ပြခဲ့သော တောအုပ်များသည် ပွဲကိုင်သဘောတရားများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက် ရှိနေပါသည်။

*ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၇ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# စကားပြေ အလေ့အလာ၊ ကဗျာ အလေ့အလာ

စာဖတ်သူတို့ စကားပြေကို ထိတွေ့ လေ့လာမှုနှင့် ကဗျာကို ထိတွေ့ လေ့လာမှု ကွဲပြားခြားနားပုံနှင့် ပတ်သက်၍ စကားပြေကို ခွဲခြမ်းစိစစ်သည့် Anatomy of Prose ကျမ်း ပြုစုသူ မာဂျော်ရီဘိုလတန် (Majorie Boulton) ၏ မှတ်ချက်ကို ဖော်ပြလိုပါသည်။ မာဂျော်ရီဘိုလတန်က သူ၏ သင်ကြားပို့ချမှု စာမေးပွဲ စစ်ဆေးမှု အတွေ့အကြုံများအရ ယုံကြည်လက်ခံလာသော အချက် တစ်ချက် ရှိကြောင်း၊ ထိုအချက်မှာ လူတိုင်း စကားပြေကို ဖတ်ကြသော်လည်း လူများစုမှာ စကားပြေကို တုံ့ပြန်ခံစားမှု မပြုတတ်သည်ကို ဆိုးဆိုးဝါးဝါး တွေ့ရကြောင်း မှတ်ချက်ချထားခြင်း ဖြစ်သည်။

စကားပြေ လေ့လာမှုနှင့် ကဗျာ လေ့လာမှုကို နှိုင်းယှဉ်ကြည့်လျှင် ဝတ္ထုကဲ့သို့ ရသစကားပြေမျိုးကို လေ့လာမှုသည်ပင် ကဗျာကို လေ့လာမှုထက် ပို၍ခက်ခဲကြောင်း တွေ့ရသည်။ စကားပြေ လေ့လာနည်းကို ကဗျာ လေ့လာ နည်းလောက် အဓိပ္ပာယ် မသတ်မှတ်နိုင်ခြင်း၊ အာရုံစိုက်မှုပြုရာတွင် ကဗျာကို အာရုံစိုက်ရသလောက် စကားပြေ အာရုံစိုက်မှု မထက်သန်ခြင်းတို့ကြောင့် ဤသို့ ခက်ခဲရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

စကားပြေ စာပိုဒ်တစ်ပိုဒ်နှင့် ကဗျာတစ်ပုဒ်ကို ပေးထားပြီး စနစ်တကျ စိစစ်ခိုင်းမည် ဆိုပါစို့။ ကဗျာတစ်ပုဒ်ကို ဖတ်ပြီး ကဗျာထဲတွင် အသံပြင်း အသံပျော့၊ အသံလေး၊ အသံပေါ့၊ အသံကြမ်း၊ အသံနု စသည်ဖြင့် ဘယ်အသံတွေကို ဘယ်လောက် သုံးထားသည်။ ဘယ်လို သုံးထားသည်။ ရေးဖွဲ့သော အကြောင်းအရာနှင့် လိုက်ဖက်မှု ရှိသည် မရှိသည်၊ အလင်္ကာ၊ နိမိတ်ပုံ၊ သင်္ကေတ စသည်တို့ကို ဘယ်လို သုံးထားသည်၊ စကားအသုံးအနှုန်းများ ဆန်းသစ်မှု ရှိသည်၊ မရှိသည်၊ ဘယ်လို ကာရန်စနစ် သုံးထားသည်၊ နရီစည်းဝါးကျကျ ဖွဲ့ထားမှု ရှိသည်၊ မရှိသည် စသည်ဖြင့် ကဗျာအရေးအဖွဲ့ အတတ်ပညာနှင့် ပတ်သက်၍ ပြောစရာတွေ အများကြီး ထွက်လာနိုင်ပါသည်။ ကျောင်းသားများမှာ ထိုသို့ ပြောနိုင်လောက်သည့် လေ့ကျင့် သင်ယူမှုလည်း ရှိကြပါသည်။ စကားပြေစာပိုဒ် တစ်ပိုဒ်ကို ဖတ်ပြီး စကားပြေ အရေးအဖွဲ့ အတတ်ပညာနှင့် ပတ်သက်၍ စိစစ်မည်ဆိုလျှင်တော့ ကဗျာတစ်ပုဒ်မှာလောက် ပြောစရာ များများစားစား ထွက်လာဖို့ မလွယ်ပါ။ သဒ္ဒါမှန်သည်၊ ဝါကျဖွဲ့ထုံး မှန်သည်ဆိုသော သဒ္ဒါဆိုင်ရာ အချက်အလက်များမှလွဲ၍ စကားပြေ အရေးအသားဆိုင်ရာ အချက်များကို ဖော်ထုတ်ဖို့ ခက်ခဲပါလိမ့်မည်။ ကျောင်းသားများမှာ ထိုသို့ ဖော်ထုတ်နိုင်လောက်သည့် လေ့ကျင့် သင်ယူမှုမျိုး နည်းပါးကြပါသည်။

ယခု ဖော်ပြသော အချက်များမှာ စကားပြေ လေ့လာမှု၊ ကဗျာ လေ့လာမှုတို့နှင့် ပတ်သက်၍ ယေဘုယျ ဖော်ပြချက်များ ဖြစ်သည်။ မြန်မာစာပေ လေ့လာမှုကို ကွက်၍ လေ့လာကြည့်လျှင်လည်း ထိုသဘောအတိုင်းပင် တွေ့ရပါလိမ့်မည်။ မြန်မာစကားပြေ လေ့လာမှုနှင့် ပတ်သက်၍ ဆရာကြီး ဦးဖေမောင်တင်က ၁၉၃၅ ခုနှစ်ကတည်းက အောက်ပါအတိုင်း အားမလို အားမရ ညည်းတွားခဲ့ဖူးပါသည်။

> *"မြန်မာလူမျိုးတို့ကား ကဗျာနှင့် စကားပြေ နှစ်ခုအနက် ကဗျာကို အထူးနှစ်သက်ဟန် ရှိသည်။ အထူးလည်း လေ့လာလိုက်စားကြ၏။ စကားပြေကိုကား ဝတ္ထုအကြောင်းအရာအတွက်မှတစ်ပါး စကားသုံးနှုန်းပုံ၊ ဝါကျ စီစဉ်ပုံ၊ ဝတ္ထုကြောင်း ဆင်ယင်ပုံတို့ကို လေ့လာမှတ်သားဖို့ရန် ဂရုမပြုသယောင် ရှိလေသည်။ ဤသည်ကား စာပေအတွက် ချို့ယွင်းချက်ကြီးတစ်ခု ဖြစ်လေတော့၏။"*

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီးသည် ဤသို့ ညည်းတွားပြီးနောက် စကားပြေ အရေးပါမှုကို အောက်ပါအတိုင်း ဖော်ထုတ် မိန့်ဆိုထားပါသည်။

*"စကားပြေသည် ကဗျာထက်ပင် အရေးကြီးသည်ဟု မဆိုသာသော်လည်း ကဗျာနည်းတူ အရေးကြီးသည်ဟူ၍ကား ဆိုသာသည်။ စကားပြေ မထွန်းကားသော စာပေသည် အရေးကြီး အရာရောက်သော စာပေဟု မဆိုထိုက်ပေ။"*

ဆရာကြီးဦးဖေမောင်တင် ညွှန်ပြခဲ့သည့်နည်းတူ စကားပြေ အရေးပါမှုကို အခြားဆရာကြီးများကလည်း အလေးအနက် ညွှန်ပြဖူးပါသည်။ ဆရာကြီးဦးလူဖေဝင်းသည် ၁၉၃၀ ကျော်ကပင် မြန်မာစာစီစာကုံးကျမ်းကို ပြုစုပြီး စကားပြေ အရေးအသား နည်းနာများကို ညွှန်ပြခဲ့သည်။ ဆရာမင်းသုဝဏ်က 'စကားပြေစာပေအသက်' ဟူ၍ ကြွေးကြော်ကာ စကားပြေ အရေးပါမှုကို ညွှန်ပြခဲ့သည်။ ထို့အတူ ပီမိုးနင်း၊ သိပ္ပံမောင်ဝ၊ မောင်ထင်၊ ရွှေဥဒေါင်း၊ တက္ကသိုလ်မောင်မောင်ကြီး၊ သိန်းဖေမြင့် စသည့် ဆရာကြီးများကလည်း စကားပြေ အရေးကြီးပုံကို အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြပါသည်။

ယနေ့တွင်မူ စကားပြေကို အာရုံစိုက်မှု ရှိတန်သလောက် ရှိလာပြီဟု ဆိုရပါလိမ့်မည်။ ယခင်က ကျောင်းများ၊ တက္ကသိုလ်များတွင် စကားပြေ သင်ခြင်း ဆိုသည်မှာ စကားပြေထဲက အကြောင်းအရာကို အဓိကထား၍ သင်ခြင်း ဖြစ်သည်။ ပြဋ္ဌာန်းထားသော စကားပြေမှ အကြောင်းအရာ၊ အချက်အလက်ကို မှတ်မိလျှင် ကျောင်းသားအတွက် လုံလောက်နေပါပြီ။ အကြမ်းအားဖြင့် ဆိုရလျှင် အခြေခံပညာအတန်းများမှာ မဟော်သဓာ၊ ဇနက၊ ဝေဿန္တရာ စသည့် ဇာတ်တော်ကြီးများ ပြဋ္ဌာန်းသည်။ 'ရွှေပြည်စိုး'တို့၊ 'ရတနာပုံ'တို့၊ 'ပန်းသာမစာအုပ်'တို့၊ 'တပ်ထဲက မြတ်ကိုကို'တို့လို ဝတ္ထုများလည်း ပြဋ္ဌာန်းသည့်အခါ ပြဋ္ဌာန်းသည်။ စာမေးပွဲမှာ ထိုဝတ္ထုများထဲက ဇာတ်ဆောင်များအကြောင်း၊ ဇာတ်လမ်းအဖြစ်အပျက်အကြောင်းတို့ကို မေးသည်။ စကားပြေ အရေးအသားကို ဝေဖန်စိစစ်သော မေးခွန်းမျိုး မေးလေ့ မရှိပါ။

တက္ကသိုလ် ရောက်တော့လည်း ပထမနှစ်၊ ဒုတိယနှစ် ပင်ရင်းမြန်မာစာမှာ ဇိနတ္ထပကာသနီ၊ တထာဂတဥဒါနဒီပနီ စသည့် ဗုဒ္ဓဝင်ဝတ္ထုများ၊ 'ထောင်နှင့် လူသား'၊ 'သက်ဝေမကြေ' စသည့် ခေတ်ဝတ္ထုများ ပြဋ္ဌာန်းသည်။ 'စကားပြေ လက်ရွေးစင်'များလည်း ရွေးချယ် ပြဋ္ဌာန်းသည်။ သင်ကြား

mgyoe.com

mgyoe.com SAMPLE BOOK

ရာတွင် ဆရာ၊ ဆရာမများက အကြောင်းအရာကိုသာ အဓိကထား၍ သင်ကြားသည်။ စာမေးပွဲမှာလည်း အကြောင်းအရာကိုသာ အဓိကမေးသည်။ အရေးအသား နည်းနာ အတတ်ပညာဘက်သို့ မရောက်ပါ။ 'စကားပြေ သင်ကြားခြင်း ဆိုသည်မှာ စကားပြေထဲက အကြောင်းအရာကို သင်ကြားခြင်း ဖြစ်သည်' ဟု ဆိုရမလို ဖြစ်နေသည်။ ဆရာကြီးဦးဖေမောင်တင် အစရှိသော ဆရာကြီးများ လမ်းပြခဲ့သည့် လမ်းကြောင်းပေါ်သို့ တော်တော်နှင့် ရောက်မလာပါ။

၁၉၆၅ ခုမှာ စနစ်သစ် ပညာရေးအရ အဓိကဘာသာစနစ်သို့ ပြောင်းသောအခါ တက္ကသိုလ် ပထမနှစ် မြန်မာစာတွင် စကားပြေ သင်ကြားရေးကို ဖောင်းပေးလာသည်။ စကားပြေကို မှန်မှန်ကန်ကန် ရေးနိုင်စေရုံသာမက ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ်၊ တိတိကျကျ၊ ကျစ်ကျစ်လျစ်လျစ် ရေးတတ်စေရန် ဦးတည်လျက် တက္ကသိုလ် မြန်မာစကားပြေ ကောက်နုတ်ချက်ကို ပြုစု ပြဋ္ဌာန်းကာ စကားပြေအတတ်ပညာ နည်းနာများကို အားပြု သင်ကြားလာသည်။ အခြေခံပညာအလယ်တန်း၊ အထက်တန်းတို့တွင်လည်း စကားပြေ လက်ရွေးစင် စာအုပ်များ ပြုစုကာ စကားပြေ သင်ကြားရေးကို စနစ်တကျ လမ်းညွှန်သော အမှာစာများ၊ လေ့လာနည်းများ စာအုပ်အရှေ့ပိုင်းတွင် ထည့်သွင်းကာ အလေးပေးလာသည်။ စာမေးပွဲ မေးခွန်းများတွင်လည်း အကြောင်းအရာ သက်သက်ချည်း မဟုတ်ဘဲ အရေးအသားနည်းနာ အတတ်ပညာကို လေ့လာသည့် လမ်းကြောင်းဘက်သို့ ဦးတည်တန်သလောက် ဦးတည်လာသည်။ တက္ကသိုလ် မြန်မာစာသင်တန်းများတွင်လည်း စကားပြေ အရေးအသားကို အားပြု သင်ကြားခြင်း၊ စကားပြေ လေ့လာသော သုတေသနစာတမ်းများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ကျမ်းများ ရေးသား ပြုစုခြင်းတို့ကို တွေ့မြင်နေရပြီ ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် စကားပြေကို အာရုံစိုက်မှု ရှိတန်သလောက် ရှိလာပြီဟု ဆိုရခြင်း ဖြစ်သည်။ ကျောင်းများတွင် စကားပြေ လေ့လာသင်ကြားသည့် အခြေအနေကို နောက်ခံအဖြစ် တစေ့တစောင်း လေ့လာကြည့်ခြင်း ဖြစ်သည်။

ကဗျာနှင့် စကားပြေ ပုံသဏ္ဌာန်ချင်း ဘယ်လို ခြားနားသလဲ။ ခြားနားချက်များကို အကြမ်းအားဖြင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ကဗျာနှင့် စကားပြေကို ပုံသဏ္ဌာန်အရ စည်းခြားပေးသော ပဓာန လက္ခဏာမှာ ကာရန် ဖြစ်သည်။ ကာရန် ပါလျှင် ကဗျာ၊ ကာရန် မပါလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

စကားပြေဟု ခွဲခြားသည်။ သို့သော် မြန်မာစကားပြေ နယ်ပယ်တွင် စကားပြေထဲမှာ ကာရန် ထည့်၍ဖွဲ့သော ကာရန်ဖောက် စကားပြေ (မေတ္တာစာ စသည်) ပါ အကျုံးဝင်အောင် 'ကာရန်ကို စနစ်တကျ သုံးလျှင် ကဗျာ၊ ကာရန်ကို စနစ်တကျ မသုံးလျှင် သို့မဟုတ် လုံးဝမသုံးလျှင် စကားပြေ' ဟူ၍ ဆရာဇော်ဂျီက ခွဲခြား မိန့်ဆိုဖူးပါသည်။

ကဗျာ၏ ပုံသဏ္ဌာန်အလှကို ဖန်တီးရာတွင် ကာရန်နှင့်အတူ သံတူကပ်အဖွဲ့၊ ပဒများ ပုံစံတူအပြိုင်အဖွဲ့၊ အသံနိမ့် မြင့် ချိုချပြုကာ နရီစည်းဝါးကျအောင် ဖွဲ့သော အဖွဲ့ စသည်တို့ အကျုံးဝင်သည်။ စကားပြေ၏ နရီစည်းဝါးကိုမူ ပုံစံများ၊ ဝါကျများ၏ အသံကို နိမ့်မြင့် ချိုချပြု၍ ဖွဲ့သည်။ သဘောချင်းတူသော သို့မဟုတ် ခြားနားသော အချက်များကို ပုံစံတူ စကားလုံးများ၊ ပုဒ်များ၊ ဝါကျများဖြင့် ဖွဲ့ကာ ပြေပြစ်လေးနက်အောင် ဖန်တီးသည်။

ကဗျာတွင် စကားလုံးများကို အနက်ထွေပြားစွာ အသုံးပြုသည်။ စာဖတ်သူ၏ စေတနာကို စကားလုံးများဖြင့် နှိုးဆွသည်။ မြည်သံစွဲစကားများ သုံးသည်။ အနက်အဓိပ္ပာယ် ရှင်းလင်းမှုက ဒုတိယနေရာမှာ ရှိသည်။ ပဓာနမကျ။ စကားပြေတွင်မူ စကားလုံးများကို အနက်အဓိပ္ပာယ် တိတိကျကျ သတ်မှတ် သုံးသည်။ တစ်ကြိမ် သုံးလျှင် အနက်တစ်မျိုးသာ ထွက်အောင် သုံးသည်။ အသုံးချတန်ဖိုး ရှိသည်။ အနက်အဓိပ္ပာယ် ရှင်းလင်းမှုက ပဓာနကျသည်။

ကဗျာတွင် ဥပမာ တင်စားမှုများ၊ အလင်္ကာများကို အားပြုသည်။ ကဗျာက စကားပြေထက် ခံစားမှု ပိုမိုအားကောင်းသည်။

စကားပြေသည် ကဗျာထက် အဆင့်နိမ့်သည်ကား မဟုတ်။ အမျိုးအစား ကွဲပြားခြားနားခြင်းသာ ဖြစ်သည်။ တောအုပ်များသည် သမုဒ္ဒရာများထက် အဆင့်မနိမ့်သကဲ့သို့ ဖြစ်သည်။

ကဗျာကို ပဒ၊ အပိုဒ်၊ အချိုးတို့ဖြင့် ကဗျာတစ်ပုဒ်လုံးအထိ ဖွဲ့စည်းထားသည်။ စကားပြေကို စကားလုံး၊ ဝါကျ၊ စာပိုဒ်၊ အခန်းတို့ဖြင့် စကားပြေတစ်ပုဒ်လုံးအထိ ဖွဲ့စည်းထားသည်။

ကဗျာနှင့် စကားပြေ ပုံသဏ္ဌာန်ချင်း ခြားနားပုံကို ယေဘုယျဖော်ပြခြင်း ဖြစ်ပါသည်။

*စတိုင်သစ်မဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ရင်ထဲမှာ ကဗျာ

ဆရာဇော်ဂျီ မြန်မာမှု ပြုထားသော 'မဟာဆန်ချင်သူ' ပြဇာတ်တွင် မဟာဆန်ချင်လွန်းသော ဦးရွှေနှောင်းသည် 'ကြည့်စမ်း… အနှစ်လေးဆယ်တိုင်တိုင် ကျုန်တော် စကားပြေတွေကို ပြောနေတာပါကလား၊ အစက ဒီလိုမှန်း မသိရတာ နာလိုက်ပါဘိ ဆရာရယ်၊ အခုမှပဲ ဉာဏ်အလင်း ရတော့မယ်' ဟူ၍ သူ့ ဆရာ တင်ထားသော သင်္ဂြိုဟ်ဆရာကို တအံ့တသြ ပြောလိုက်သည့် ဇာတ်ကွက်တစ်ကွက် ပါဝင်ပါသည်။ ပြင်သစ် ပြဇာတ်ဆရာ မိုလျဲ၏ မူရင်း ပြဇာတ်မှာ ဇာတ်ဆောင် Jourdain ၏ စကားမှာလည်း ထိုအတိုင်းပင် ဖြစ်သည်။

ထိုဇာတ်ကွက်အကြောင်းနှင့် ဆက်စပ်ပြီး စာအရေးအသား သုတေသန ပညာရှင် ရူးဒေါ့ဖလက် (Rudolf Flesch) က စကားတစ်ခွန်း ဆိုဖူးပါသည်။

'တကယ်လို့ တစ်ယောက်ယောက်က ဦးရွှေနှောင်း (Jourdain) ဟာ သူ့ဘဝတစ်လျှောက်မှာ သူ့ဟာသူတောင် မသိလိုက်ဘဲ ကဗျာဆရာ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက် ဖြစ်နေတာပါလို့များ ပြောလိုက်ရင် ဦးရွှေနှောင်း ဒါထက်ပိုပြီး အံ့သြသွားမှာပဲ'

ဆိုသော စကား ဖြစ်သည်။ ဦးရွှေနှောင်းရော ကျွန်တော်တို့ အားလုံးပါ တစ်သက်လုံး စကားပြေတွေ ပြောနေတာပါကလား ဆိုသော အချက်ကို သတိမပြုမိသလို ဘဝတစ်လျှောက်လုံးမှာ ကိုယ်ကိုယ်တိုင် ကဗျာဆရာ ဖြစ်နေတာပါကလား ဆိုသော အချက်ကိုလည်း သတိမပြုမိသည်မှာ အမှန်ပင်။

ကျွန်တော်တို့ အားလုံး စိတ်လှုပ်ရှားလာလျှင် ကဗျာတွေ ပေါ်ထွက်လာတတ်သည်ဟု ရှူးဒေါ့ဖလက်က ဆိုထားသည်။ အပြင်းအထန် တိုက်ခိုက်သတ်ပုတ်နေရသည့် အခါမျိုး၊ အရူးအမူး ချစ်စိတ်ဝင်နေသည့်အခါမျိုး၊ အလွန်အမင်း စိုးရိမ်ကြောင့်ကြနေသည့် အခါမျိုးတို့တွင် ရင်ထဲက စကားလုံးများသည် ကဗျာကလေးတွေအဖြစ် လှလှပပ ပုံဖော်ပြီး စည်းကျဝါးကျ ပေါ် ထွက်လာမြဲဖြစ်သည်။ 'တော်တော့ တော်တော့ တော်တော့' ဟု မခံမရပ်နိုင်ဘဲ သုံးကြိမ်ဆင့်ပြီး အော်လိုက်သော စကားသံကလေးများသည် ကဗျာကလေး တစ်ပုဒ်ပင်မဟုတ်ပါလား။ 'မင်းမျက်နှာကလေးကို စက္ကန့်တိုင်း စက္ကန့်တိုင်း မြင်ယောင်မိပါတယ် အချစ်ကလေးရယ်' ဟု ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောမိသော စကားကလေးကလည်း အနည်းဆုံးတော့ ကာရန်မဲ့ ကဗျာကလေးတစ်ပိုဒ် ဖြစ်နေပါလိမ့်မည်။

ကဗျာနှင့် စကားပြေ ဘယ်လို ခြားနားပါသလဲ၊ စာပေပညာရပ်ဆိုင်ရာ စာအုပ်တွေ အားလုံး ဖတ်ကြည့်ပြီးသောအခါ ထိုခြားနားချက်ကို ဘယ်သူမှ သေသေချာချာ မသိကြောင်း ပေါ်လာပါလိမ့်မည်။ စာရေးဆရာတစ်ယောက်က ဆိုသည်။

'ကဗျာဆိုတာ အချစ်၊ စကားပြေဆိုတာ တရားမျှတမှု' တဲ့။

တစ်ယောက်ကတော့- 'ကဗျာဆိုတာ ဖန်တီးဖော်ပြတာ၊ စကားပြေဆိုတာ အပြသဘော ဖော်ပြတာ' ဟု ဆိုသည်။

'ကဗျာဆိုတာ စိတ်ကူးဉာဏ် ပါတဲ့ ခံစားမှု၊ စကားပြေ ဆိုတာ စိတ်ကူးဉာဏ် ပါတဲ့ ဆင်ခြင်တုံတရား' ဆိုသော အဆိုလည်း ရှိသည်။

ထိုအဆိုများအရ ကဗျာနှင့် စကားပြေကို နယ်အပြတ် မခွဲနိုင်ကြောင်း ထင်ရှားပါသည်။ ကဗျာနှင့် စကားပြေကြားမှာ ဟိုဘက် ဒီဘက် အရောင်အသွေးချင်း ဖွဲ့ယှက်ပြီး၊ နယ်ချင်း ကူးနေ ထပ်နေသော နေရာကလေးများရှိသည်။ ကျွန်တော်တို့ ပြောသည့် စကားတွေထဲမှာ ကဗျာဆန်သော အသွင်

mgyoe.com

mgyoe.com SAMPLE BOOK

လက္ခဏာတွေ ပိုပြီး ထင်ရှားနေတတ်သည့် အခါမျိုး ရှိတတ်သလို၊ စကားပြေဆန်သော အသွင်လက္ခဏာတွေ ပိုပြီး ထင်ရှားနေတတ်သည့်အခါမျိုးလည်း ရှိတတ်သည်။

ကျွန်တော်တို့ အများစုသည် အချိန်တော်တော်များများမှာ 'စကားပြေဆန်'ကြသည်။ ကျွန်တော်တို့ ပါးစပ်ထဲက စကားပြေတွေ ထွက်လာသည်။ လက်နှိပ်စက်တွေထဲက (ယခုဆိုလျှင် ကွန်ပျူတာတွေထဲက) စကားပြေတွေ ထွက်လာသည်။ သို့သော် ကျွန်တော်တို့ ရင်ထဲမှာတော့ ကဗျာတွေ ကိန်းအောင်းနေပါသည်။

ယခု ဖော်ပြခဲ့သော စကားများသည် Rudolf Flesch ၏ How to Make Sense ဆိုသော စာအုပ်ထဲမှာ ပြောထားသော စကားများ ဖြစ်ပါသည်။

ရှေးလူဟောင်းတို့သည် စာအရေးအသား မတီထွင်နိုင်မီကပင် သီချင်းများ၊ ကဗျာများကို နှုတ်ဖြင့် ဖွဲ့ဆိုခဲ့ကြကြောင်း ပညာရှင်များ မိန့်ဆိုကြသည်။ စပေါင်း၍ အမဲလိုက်သည့်အခါမျိုး၊ သစ်ပင်ကြီးများကို ခုတ်လှဲသည့် အခါမျိုး ကျောက်တုံးကြီးများကို တွန်းကြ မ,ကြသည့်အခါမျိုးတို့မှစ၍ နောက်ပိုင်းတွင် စုပေါင်း အားကစားပွဲ၊ စုပေါင်း စိုက်ပျိုးပွဲများ လုပ်သည့်အခါမျိုးတို့တွင် စိတ်တက်ကြွစွာ ကြသံပေးလျက် ကြွေးကြော်ကြသည်။ ယခုထိ မြန်မာတို့ နှုတ်ဖျားမှာ စွဲနေသေးသော 'ယိုရီးလေး... ရီးလေလေ့' ဆိုသော ကြသံများသည် စုပေါင်း ဆောင်ရွက်မှုကို အားမာန်ပါပါ ဖော်ပြသော ရင်ဖွင့်သံများ ဖြစ်သည်။ ထိုအသံများသည် နောက်ပေါ်လာမည့် နှုတ်ထွက် ကဗျာများ၏ အဦးအစ ဖြစ်သည်။ နတ်ကိုးကွယ်မှုကို အကြောင်းပြု၍ နတ်ပင့် နတ်ခေါ်သော နတ်ချင်းများသည်လည်း စာနှင့် ပေနှင့် မှတ်တမ်းမတင်မီကပင် ပေါ်ပေါက်လာသည်။ ဤသို့ဖြင့် ရှေးသူဟောင်းတို့သည် ရင်ထဲက ခံစားမှု အမျိုးမျိုးကို လှလှပပ ဖွင့်ထုတ်လာရာမှ ကဗျာအဖွဲ့များ ပေါ်ပေါက်လာရသည်။

စာအရေးအသားအဖြစ် စတင် ပေါ်ပေါက်လာသည်မှာ စကားပြေ ဖြစ်သည်။ သို့သော် ရေးသူ၏ စိတ်အာရုံ ညွတ်နူးမှုကြောင့် စကားပြေထဲမှာပင် ကဗျာဆန်ဆန် အဖွဲ့ကလေးများ ဟိုတစ်ကွက် သည်တစ်ကွက် ပုံပေါ်လာလေ့ ရှိပါသည်။ ပုဂံခေတ် ရာဇကုမာရ်(မြစေတီ)ကျောက်စာနှင့် မရှေးမနှောင်း ပေါ်ပေါက်သော လောကထိပ်ပန် မင်စာတွင် သုဝဏ္ဏသာမဇာတ်ကို ဖော်ညွှန်း

mgyoe.com

mgyoe.com SAMPLE BOOK


ရာ၌ 'ဘုရားလောင်းလည်း ရှင်လာ၏။ အမိ အဖ ကန်းသောလည်း မြင်လာ၏' ဟူ၍ ကာရန်ကလေး မသိမသာ ချိတ်ကာ ကဗျာဆန်ဆန် ရေးဖွဲ့ပုံမျိုး တွေ့လာရပါသည်။ ညောင်ရမ်းကြီးသမီး ဆိုသော အလှူရှင် မိန်းကလေးက မိမိအလှူကို မှတ်တမ်းတင်ရာ၌ လတ်တလော ကွယ်လွန်သွားရှာသော ခင်ပွန်းကို 'မိမိအသက်နှင့် တူသော၊ မျက်စိမျက်ဆန်နှင့် တူသော မိမိ ချစ်စွာသော လင်' ဟူ၍ ခင်ပွန်းသည်အပေါ် ထားရှိသော မေတ္တာတရားကို ကဗျာကလေး တစ်ပုဒ်သဖွယ် ပုံဖော်ပြခဲ့သည်။ ကျစွာမင်း၏ မိထွေးတော်က မိမိကို သားတော်က ချီးမြှောက်သည့် စည်းစိမ်ကို ခံစားရကြောင်း ဖော်ပြရာ၌ 'အိမ်လည်း ငါ နေ၏။ ကျွန်လည်း ငါ စေ၏။ လယ်လည်း ငါ စား၏' ဟူ၍ ပုံစံတူ ဝါကျကလေး ၃ ခုဖြင့် ကဗျာကလေးတစ်ပုဒ်သဖွယ် ပုံဖော်သည်။ မိမိကို သားဖြစ်သူက ချီးမြှောက်သည့်အတွက် ဝမ်းသာဂုဏ်ယူသော ခံစားမှုများ ထင်ဟပ်နေသည့်အဖွဲ့ ဖြစ်သည်။ ယုတ်စွအဆုံး ဆိုရလျှင် အလှူကို မဖျက်ဆီးဝံ့အောင် ကျိန်စာ ရေးထိုးရာ၌ပင် 'စားသော ထမင်း ဟင်း၊ သောက် သောရေ၊ နေသော အိမ် (အ)ဆိပ် ဖြစ်စေ' ဟူ၍ ပုံစံတူ ပုဒ်ကလေး ၃ ခုဖြင့် ကဗျာကလေး တစ်ပုဒ်သဖွယ် ပုံဖော်သည်။ စကားပြေထဲမှာ ကြိုးကြား ကြိုးကြား ပုံဖော်နေသော ကဗျာကွက်ကလေးများ ဖြစ်သည်။

ပထမဆုံး ပေါ်ပေါက်သည့် ဗုဒ္ဓစာပေ စကားပြေဝတ္ထု ဖြစ်သော ပါရာယနဝတ္ထုတွင် အင်္ဂုလိမာလကြီးသည် အင်္ဂုလိမာလဘီလူးကြီး၏ အစာအဖြစ် တစ်နေ့လျှင် လူတစ်ယောက်နှင့် ထမင်းအိုး တစ်အိုး ပို့မည်ဟု ကတိထားခဲ့သည့်အတိုင်း နိုင်ငံရှိ ကလေးငယ်များကို တစ်နေ့ တစ်ယောက် ဘီလူးထံ ပို့ရာ နောက်ဆုံးတွင် မိမိ၏ သားတော်သာ ကျန်တော့သည့် အကြောင်း၌ မင်းကြီး မိန့်ကြားသော စကားမှာ ရင်ထဲက ထွက်လာသော ကဗျာဆန်ဆန် အဖွဲ့ကလေး ဖြစ်နေပါသည်။ စကားမှာ 'ငါလည်း ငါ့သားကို ချစ်၏၊ သူလည်း သူ့သားကို ချစ်၏၊ သားထက်ကား ငါ့ကိုယ်ကို ငါ ချစ်စွာခဲ့၊ ငါ့သားနှင့် ငါ့ကိုတွင်သော် ငါ့သားကို ပေး၍ ငါ့ကို စောင့်ဘိဦး' ဟူ၍ ဖြစ်သည်။ ငါ့သားကို ငါ ချစ်သော်လည်း ငါ့သားနှင့် ငါ့ကိုယ်ကို ယှဉ်လျှင်တော့ ငါ့ကိုယ်ငါ ပိုချစ်ပါသည်ဟူသော အတ္တသရုပ်ကို လှလှပပကလေး ဖွဲ့ထားခြင်း ဖြစ်သည်။ စကားပြေထဲမှာ ကဗျာကလေးတစ်ပုဒ် ဖတ်လိုက်ရသလို ခံစားကြည့်နိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိန်က 'တောင်တော်ရွှေပုပ္ပား'သို့ ရောက်ခဲ့သော ဆရာကြီး မင်းသုဝဏ်သည် ပုပ္ပားမြို့ကို ပုံဖော်ရာ၌ 'ပုပ္ပားမြို့သည် အနိမ့်ထဲက အမြင့်ဖြစ်သည်။ အခြောက်ထဲက အစိုဖြစ်သည်။ အဝါထဲက အစိမ်း ဖြစ်သည်။ အပူထဲက အအေးဖြစ်သည်' ဟူ၍ ပုံဖော်ခဲ့ဖူးပါသည်။ ကဗျာ မဟုတ်သော်လည်း ကဗျာကလေးတစ်ပုဒ်လို လှနေသော အဖွဲ့ကလေး ဖြစ်သည်။

ဆရာဇော်ဂျီသည် ပုဂံသို့ ရောက်စဉ်က ပုဂံဘုရားများကို ဖူးပြီး ပုဂံသားများအကြောင်း တွေးရသည်ကို 'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်'တွင် ပုံဖော်ရာ၌ 'ကြည်ညိုစရာကို ဖူး၍ ကြည်နူးစရာကို တွေးရသည်မှာ ဖူး၍ တွေး၍ ကုန်နိုင်ပါတော့မည်လားဟု ကျွန်တော် အောက်မေ့မိသည်'ဟု ရေးဖွဲ့ထားပုံမှာလည်း ကဗျာကလေးတစ်ပုဒ်သဖွယ် လှပနေပါသည်။

ရှေးဒေါ့ဖလက်၏ စကားအရ ဆိုရလျှင် ကျွန်တော်တို့အားလုံး ကဗျာဆရာတွေ ဖြစ်မလာသော်လည်း ရင်ထဲမှာတော့ ကဗျာစာတ်တွေ ကိန်းအောင်းနေသည်ဟု ဆိုရပါလိမ့်မည်။

*စတိုင်သစ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာ့ရိုးရာ စာပေသဘောတရားနည်းနာ အစဉ်အလာ

ရှေးမြန်မာစာဆိုတို့သည် စာပေ ရေးဖွဲ့ရာတွင် မည်သို့သော စာပေ သဘောတရား နည်းနာများကို ခံယူ ကျင့်သုံးကြပါသနည်း။

စာပေစကားဝိုင်းတစ်ခုတွင် စာရေးဆရာတစ်ဦးက ဤမေးခွန်းနှင့် ပတ်သက်၍ စကားဝိုင်းမှာ ပါဝင်သူ အသီးသီး ဝိုင်းဝန်းဆွေးနွေးကြသည်ကို နားထောင်ရင်း ဤဆောင်းပါးကို ရေးရန် လမ်းစပေါ်လာခြင်း ဖြစ်ပါသည်။

၁၅ ရာစုကုန်ခါနီး၊ ခရစ်နှစ် ၁၄၈၄ ခုနှစ်က ဖြစ်သည်။

အသက် ၁၆ နှစ်အရွယ်မျှသာ ရှိသေးသော သာမဏေငယ်တစ်ပါးသည် မြန်မာစာပေသမိုင်းတွင် နောင်နှစ်ပေါင်း လေးရာ ကာလအထိ ခိုင်မာစွဲမြဲသွားမည့် စာပေအစဉ်အလာတစ်ရပ်ကို စတင် ထူလိုက်သည်။

သာမဏေငယ်မှာ ရှင်မဟာရဋ္ဌသာရ ဟူ၍ ထင်ပေါ်ကျော်ကြားလာမည့် စာဆို ဖြစ်ပြီး စာဆို ထူထောင်သော အစဉ်အလာမှာ 'ပျို့' ခေါ် လေးလုံးစပ်ကဗျာရှည်ကြီးများ ရေးဖွဲ့သည့် အစဉ်အလာ ဖြစ်သည်။ စာဆိုသည် ငါးရာ့ငါးဆယ် နိပါတ်၊ ဘူရိဒတ္တဇာတကကို 'ဘူရိဒတ်လင်္ကာကြီး' ဟူ၍ ပျို့လင်္ကာကြီး တစ်စောင် ရေးဖွဲ့သည်။ မြန်မာစာပေသမိုင်းတွင် အစောဆုံး ပေါ်ပေါက်

mgyoe.com

mgyoe.com SAMPLE BOOK

သော ပျို့လင်္ကာ ဖြစ်သည့်အတွက် ရှင်မဟာရဋ္ဌသာရကို ပျို့အစဉ်အလာ စတင် ထူထောင်သည့် ပထမဆုံး ပျို့စာဆိုအဖြစ် သတ်မှတ်ရခြင်း ဖြစ်သည်။ ထိုမျှ ကြီးမားသော စာပေအစဉ်အလာကို ထိုမျှ ငယ်ရွယ်သော သာမဏေငယ် တစ်ပါးက အောင်မြင်စွာ ထူထောင်လိုက်နိုင်ခြင်းမှာ အံ့သြလေးစားဖွယ် ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာကြီးတွင် ဘူရိဒတ်ဇာတ်ကို အစအဆုံး မရေးဖွဲ့သေးဘဲ နောက်ထပ် ၁၀ နှစ်အကြာ ၁၄၉၄ ခုနှစ်တွင်မှ ဘူရိဒတ် ဇာတ်ပေါင်းပျို့ကို ဆက်လက် ရေးဖွဲ့ကာ အဆုံးသတ်ခဲ့သည်။ ထို အချိန်တွင် စာဆိုမှာ ရဟန်းဘဝသို့ ရောက်နေပါပြီ။

စာဆိုသည် ဘူရိဒတ် ဇာတ်ပေါင်းပျို့တွင် အခြားပျို့စာဆိုများ လုပ်ဆောင်လေ့မရှိသော အစီအစဉ်တစ်ရပ်ကို ထူးထူးခြားခြား ထည့်သွင်းခဲ့ သည်။ ပျို့ဇာတ်လမ်းကို ဆက်မရေးမီ အချီးပိုဒ် ၆ ပိုဒ်ဖြင့် မိမိ၏ စာပေ အလေ့အလာ၊ မိမိ ခံယူကျင့်သုံးသော စာပေ သဘောတရား နည်းနာများနှင့် စာဖတ်ပရိသတ်အပေါ်တွင် ထားရှိသော မိမိစေတနာနှင့် သဘောထားကို ဖော်ထုတ် ရေးဖွဲ့ပြထားခြင်း ဖြစ်သည်။ စာဆိုက မိမိသည် အသက် ၁၆ နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို ရေးဖွဲ့ရာ၌–

''ကြည်လင်သန့်သက်၊ တိမ်ယောင်နက်သား၊ မှိုက်မြက်စင်ကြယ်၊ ရေသဖွယ်တည့်၊ မှတ်လွယ်စေငှာ၊ သိသာစေချင်၊ နားဝင်စေအောင်၊ ထုံးဆောင် ပုံတု၊ ရေးသားထုသို့၊ ရှင်မှူ လူမှူ၊ နှစ်ပါးရှုလျက်၊ အနုအကြမ်း အစမ်းအစုံ၊ အာဂုံအာဂါ၊ အရာသိသိ၊ လေးပေါ့ညှိလျက်၊ ပီတိရသာ၊ လင်္ကာချိုဆိမ့်၊ သည်းတွင်ငြိမ့်မျှ' ရေးဖွဲ့ခဲ့ကြောင်း အပိုဒ် ၁ မှာပင် အတိအလင်း ရေးဖွဲ့ ဖော်ပြသည်။ ထိုအရေးအဖွဲ့တွင် စာဆို ခံယူကျင့်သုံးသော စာပေ သဘောတရား နည်းနာများကို အထင်အရှား တွေ့ရပါသည်။

စာပေအရေးအဖွဲ့ တစ်ခုကို လေ့လာရာတွင် 'စာရေးသူ၊ စာ၊ စာဖတ် သူ' ဟူသော တြိဂံ ဆက်သွယ်မှုကို အခြေခံ၍ လေ့လာလေ့ရှိကြသည်။ စာရေးသူက မိမိ ရေးဖွဲ့လိုသော အကြောင်းအရာကို ရေးဖွဲ့လိုက်သည်။ ထို အခါ အဖြူပေါ် အမည်း ထင်သည့် စာပေ အရေးအဖွဲ့တစ်ခု ပုံပေါ်လာသည်။ ထိုစာပေ အရေးအဖွဲ့ကို စာဖတ်သူက ဖတ်သည်။ ထိုအခါ စာရေးသူ သိစေလို သော အကြောင်းအရာကို စာဖတ်သူ သိလာရသည်။ စာရေးသူ ခံစားစေလို

mgyoe.com

mgyoe.com

သော စိတ်စေတနာများ စာဖတ်သူတွင် နိုးကြားလာရသည်။ ရှင်မဟာရဋ္ဌသာရ၏ ဖော်ပြပါ အရေးအဖွဲ့တွင် စာရေးသူ၊ စာ၊ စာဖတ်သူ ဟူသော တြိဂံ ထောင့် သုံးထောင့်စလုံး အကျုံးဝင်နေသည်ကို တွေ့ရပါသည်။

ပထမဦးစွာ စာရေးသူဘက်က ကြည့်ပါမည်။ စာရေးသူတွင် ရေးစရာ အကြောင်းအရာ ရှိသည်။ ထိုအကြောင်းအရာကို ရည်ရွယ်ချက်တစ်ခုခုဖြင့် ပုံဖော် ရေးဖွဲ့သည်။ ထိုရည်ရွယ်ချက်တွင် မိမိ ထားရှိသော စေတနာနှင့် သဘောထား ခံယူချက်တို့ ထင်ဟပ်နေမြဲ ဖြစ်သည်။ သို့ဆိုလျှင် ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သည့် အကြောင်းအရာသည် အဘယ်နည်း။ စာဆိုက မိမိ ရေးဖွဲ့သော အကြောင်းအရာကို 'ရှင်မှု လူမှု နှစ်ပါး ရှုလျက်' ဟု တိုတိုကျဉ်းကျဉ်း ဖော်ပြသည်။ ရှင်မှု ဆိုသည်မှာ ရှင်ရဟန်းတို့၏ အရေးကိစ္စ ဖြစ်သော ဓမ္မကြောင်း၊ လောကုတ္တရာကြောင်း ဖြစ်သည်။ လူမှု ဆိုသည်မှာ လူဝတ်ကြောင်တို့၏ အရေးကိစ္စ ဖြစ်သော လောကအကြောင်း၊ လောကီအကြောင်း ဖြစ်သည်။ လောကဓမ္မ၊ တစ်နည်းအားဖြင့် လောကီ၊ လောကုတ္တရာဟူသော အကြောင်း နှစ်ပါး ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သော အကြောင်းအရာ အချုပ် ဖြစ်သည်။ ရှေးစာပေများကို လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း ဟူ၍လည်း သုံးမျိုး ခွဲလေ့ရှိသည်။ သို့သော် ရာဇကြောင်းကို လောကကြောင်း ထဲတွင် ထည့်သွင်းနိုင်သည့်အတွက် လောကကြောင်း၊ ဓမ္မကြောင်းဟုဆိုလျှင် ခြုံငုံမိပြီ ဖြစ်သည်။

'ရှင်မဟာရဋ္ဌသာရ၏ စာသည် ထန်းတက်သမား ရင်ဘတ်နှင့် တူသည်'ဟူ၍ ဆိုစဉ် စကားတစ်ရပ် ရှိသည်။ ထန်းတက်သမား ရင်ဘတ်သည် ထန်းပင်နှင့် ချဉ်းတုံ ခွာတုံ ရှိသကဲ့သို့ စာဆို၏ စာများသည် ဓမ္မကြောင်းဘက် ချဉ်းလိုက်၊ ဓမ္မကြောင်းမှ ခွာ၍ လောကအကြောင်းဘက် ချဉ်းလိုက် ရှိသည် ဟု ဆိုလိုသည်။ ရှင်မှုနှင့် လူမှု တစ်နည်းအားဖြင့် ဓမ္မကြောင်းနှင့် လောကကြောင်းကို မျှ၍ ရေးဖွဲ့သော အစဉ်အလာသည် ရှင်မဟာရဋ္ဌသာရ ချမှတ်ခဲ့သော အစဉ်အလာ ဖြစ်သည်။ ထိုအစဉ်အလာကို စာဆို အစဉ်အဆက် လိုက်နာကျင့်သုံးသည်ကို တွေ့ရပါသည်။

စာဆိုသည် မိမိ ရေးဖွဲ့သော အကြောင်းအရာကို ထိန်းကွပ် ပုံဖော်ပေးသော ရည်ရွယ်ချက်ကိုလည်း ဖော်ပြထားသည်။ 'မှတ်လွယ်စေဇာ၊ သိသာစေချင်၊ နားဝင်စေအောင်' ရေးဖွဲ့ကြောင်း ဖော်ပြခြင်း ဖြစ်သည်။ စာဖတ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

နားလည်း လည်စေ၊ နားဝင် ချောမွေ့ပြီး နှစ်သက်ဖွယ်လည်း ဖြစ်စေဟူသော ရည်ရွယ်ချက် ဖြစ်သည်။ တစ်နည်း ဆိုရလျှင် မှတ်သားဖွယ်များကို မှတ်သား သိရှိစေရန် အသိပေးလိုသည့် ရည်ရွယ်ချက်နှင့် နားဝင်ချောမွေ့ပြီး နှစ်သက် သည့် ခံစားမှု ပေါ်ပေါက်စေလိုသည့် ရည်ရွယ်ချက်တို့ ဖွဲ့ယှက်ထားခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ အသိပေးသည့် သုတသဘောနှင့် ခံစားမှုမျိုး နှိုးဆော် သည့် ရသ သဘောတို့ ပေါင်းဖွဲ့နေသည့် မြန်မာစာပေ အစဉ်အလာကို ဖော်ညွှန်းသည့် ရည်ရွယ်ချက် ဖြစ်သည်။

စာပေ ရေးဖွဲ့ရာတွင် စေတနာသည် ပဲ့ကိုင် ဖြစ်သည်ဟု ပညာရှင် တို့ မိန့်ဆိုကြသည်။ ရှင်မဟာရဋ္ဌသာရသည် မိမိ၏ စာပေများတွင် ပဲ့ကိုင်သဖွယ် ဖြစ်သော မိမိ၏ စေတနာနှင့် ခံယူချက်ကို ဤအချိုးပိုဒ်မှာပင် အထင်အရှား ရေးဖွဲ့ထားပါသည်။

*'လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါစာ ရောက်က၊ ငါ့အောက်ပညာ၊ နုသေး စွာသား၊ သမ္မာမပြန့်၊ လူအတန့်အား၊ စိတ်ပြားပညာ၊ များပါလိမ့်မည်၊ သူဖို့ ရည်၍၊ သာကြည်ရွှင်လန်း၊ လက်ာညွှန်းသော်'*

ဟူ၍ လူအများ၏ မသိခြင်းဟူသော အမိုက်အမှောင်ကို ဉာဏ်ဆီမီး ဖြင့် ထွန်းညှိကာ အသိအမြင် အလင်းရောင် ပေးလိုသော စေတနာကို ဖော်ပြ ခြင်း ဖြစ်သည်။ စာဖတ်သူ ပညာအလင်း ရစေလိုသော စေတနာနှင့်အတူ မိမိ၏ ခံယူချက်ကိုလည်း ခိုင်မာပြတ်သားစွာ ချမှတ်ထားသည်။

*'ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစမျှားလျှား၊ ထားပချောဘိ၊ ငါ့ဝန် ရှိခဲ့'*

ဟူ၍ ဖြစ်သည်။ ပြောသင့် ဆိုသင့်သည့် ကိစ္စကို မပြောမဆိုဘဲ လက်စထားခဲ့မိလျှင် မိမိတွင် တာဝန်ရှိကြောင်း ဖော်ပြကာ ဆိုစရာရှိလျှင် မငဲ့မကွက် ဖော်ထုတ်ပြောဆိုမည်ဟူသော မိမိသဘောထားကို အခိုင်အမာ ဖော်ပြခြင်း ဖြစ်သည်။ စာဖတ်သူ အကျိုးကို ရှေးရှုသော စေတနာနှင့် မတိမ်း မစောင်းသော ခံယူချက်ကို စာဆို၏ အဆိုအမိန့်က သက်သေပြနေပါသည်။

စာရေးသူဘက်က ကြည့်ပြီးနောက် ဒုတိယအနေဖြင့် စာဘက်က ကြည့်လိုပါသည်။ စာဆို ဖန်တီးလိုက်သော စာ၏ သွင်ပြင်လက္ခဏာကို စာဆိုက 'ကြည်လင်သန့်သက်၊ တိမ်ယောင်နက်သား၊ မှိုက်မြက်စင်ကြယ်၊

mgyoe.com SAMPLE BOOK

ရေသဖွယ်တည့်' ဟူ၍ ဖော်ညွှန်းသည်။ 'အနု အကြမ်း'၊ 'အလေး အပေါ့' ညို့၍ ရေးဖွဲ့ထားသော စာဟူ၍လည်း ဖော်ညွှန်းသည်။ အကြောင်းအရာ၏ နက်နဲမှု၊ အရေးအဖွဲ့ ကြည်လင်မှုတို့ကို စာကောင်းပေမွန်၏ လက္ခဏာများအဖြစ် ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။ နက်နဲသည့် အကြောင်းအရာကို ကြည်လင်ပီပြင်စွာ ရေးဖွဲ့နိုင်လျှင် စာကောင်းပေမွန် ဖြစ်ကြောင်း စာဆိုက မိန့်ဆိုထားခြင်း ဖြစ်သည်။

ဤသို့သော စာပေအရေးအဖွဲ့သည် စာဖတ်သူအတွက် မည်သို့သော အကျိုးသက်ရောက်မှုကို ဖြစ်စေပါသနည်း။ တတိယအနေဖြင့် တြိဂံ၏ နောက်ဆုံးထောင့် ဖြစ်သော စာဖတ်သူဘက်က ကြည့်လျှင် 'ပီတိရသာ၊ လက်ာချိုဆိမ့်၊ သည်းတွင် ငြိမ့်မျှ' ခံစားမှု ဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်ကို တွေ့နိုင်သည်။ အသည်းထဲတွင် ငြိမ့်သွားအောင် ချိုဆိမ့်သည့် ပီတိအရသာကို ဖော်ညွှန်းခြင်း ဖြစ်သည်။ ဤအရသာသည် စာပေက ပေးသည့် ရသပင် ဖြစ်သည်။ ယနေ့ရသဟု ကျယ်ကျယ်ပြန့်ပြန့် နားလည်နေသော ခံစားမှုသဘောကို ရှင်မဟာရဋ္ဌသာရက မြန်မာစာပေတွင် ပထမဆုံး ဖော်ညွှန်းလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ရသ၏ အရင်းခံရာကား အဘယ်နည်း။

ရသသည် အလင်္ကာကျမ်း၏ ကဏ္ဍတစ်ရပ် ဖြစ်သည်။ အလင်္ကာကျမ်း ဆိုရာ၌ မြန်မာစာပေနယ်ပယ်ရှိ အလင်္ကာကျမ်းအများစု၏ မြစ်ဖျားခံရာ ဖြစ်သော သုဗောဓာလင်္ကာရကျမ်းကို ဆိုလိုခြင်း ဖြစ်သည်။ သုဗောဓာလင်္ကာရကျမ်းသည် သီဟိုဠ်ကျွန်းဖြစ်ကျမ်း ဖြစ်သည်။ ပြုစုသူမှာ အရှင်သံဃရက္ခိတမဟာသာမိထေရ် ဖြစ်သည်။ ပါဠိဘာသာဖြင့် ပြုစုထားခြင်း ဖြစ်သည်။ ထိုကျမ်းသည် ရှင်မဟာရဋ္ဌသာရ ဘူရိဒတ်လင်္ကာကြီး မရေးဖွဲ့မီ နှစ်ပေါင်း လေးဆယ်ကျော်ကာလ၊ ခရစ်နှစ် ၁၄၄၁ ခုတွင် တောင်တွင်းမင်းဖေယျာသူရ မောင်နှံသည် ပုဂံ ဝက်ကြီးအင်းအရပ်ရှိ တက်န္တဲကာချင်းတွင် ကျမ်းပေါင်း သုံးရာခန့် လှူဒါန်းပြီး ကျမ်းအမည်များကို တက်န္တဲကျောင်း ကျောက်စာတွင် စာရင်းတင်ခဲ့သည်။ ထိုစာရင်းတွင် သုဗောဓာလင်္ကာရကျမ်းလည်း ပါဝင်နေသည်ကို ထောက်၍ ထိုကျမ်း မြန်မာနိုင်ငံသို့ ရောက်နေပြီ ဖြစ်ကြောင်း အခိုင်အမာ ဆိုနိုင်သည်။ ရှင်မဟာရဋ္ဌသာရ ကိုယ်တိုင်ပင် အလင်္ကာကျမ်းကို လေ့လာ ဆည်းပူးခဲ့ကြောင်းကို ဘူရိဒတ် ဇာတ်ပေါင်းပျို့တွင် လည်းကောင်း၊ အလင်္ကာကျမ်းကို သင်ကြားပို့ချပေးကြောင်းကို သံဝရပျို့နိဂုံးတွင် လည်းကောင်း မိန့်ဆိုထားသည်။ အလင်္ကာကျမ်းမှ ရသ သဘောကို မြန်မာစာပေနယ်ပယ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်မဟာရဋ္ဌသာရက ဤသို့ စတင် ဖော်ညွှန်းလိုက်ခြင်းသည် မြန်မာ့ရိုးရာ စာပေသဘောတရား အစဉ်အလာတစ်ရပ်ကို စတင် ချမှတ်လိုက်ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။

ရှင်မဟာရဋ္ဌသာရ စတင်ချမှတ်ခဲ့သော အစဉ်အလာကို နောင်းခေတ် စာဆိုများက အကျယ်အပွား ဖွင့်ဆိုခဲ့သည်။ ရှင်သဃ်ရက္ခိတမဟာသာမိ၏ သုဗောဓာလင်္ကာရကျမ်းတွင် ရသကို ပျားရည် ထောပတ် စားရသည့် အရသာနှင့် ဥပမာပေးခဲ့သည်။ ၂၀ ရာစုအကုန် ၂၁ ရာစုအစတွင် ပေါ်ထွက်သော Chicken Soup စာစဉ်များတွင်မူ ရသကို ကြက်စွပ်ပြုတ် အရသာနှင့် ဥပမာ ပေးပြန်သည်။ ခေတ် ကွာခြား၍ ဥပမာပေးပုံ မတူသော်လည်း ရသ သဘောကို ကိုယ့်အမြင်နှင့် ကိုယ် ဖော်ထုတ်ခြင်း ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ 'ပီတိရသာ'ကို 'နှစ်သက်မှု'၊ 'ခံစားမှုစည်းစိမ်' စသည်ဖြင့် နောင်းခေတ် ပညာရှင်များက အမည်ပေးကြသည်။ အလင်္ကာကျမ်းတွင် ရသ သဘောကို အခြေပြု၍ ဆရာဇော်ဂျီက ရသ သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ခဲ့သည်။ ရသ သဘောကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကြခြင်း ဖြစ်သည်။

မြန်မာပညာရှင်တို့သည် အလင်္ကာကျမ်းလာ အဆိုအမိန့်တစ်ခုကို လည်း အလေးအမြတ် ပြုကြသည်။ ပုဂ္ဂိုလ်တစ်ယောက်သည် သဒ္ဒါကျမ်း (ဗျာကရဏ်ကျမ်း)၊ အဘိဓာန်ကျမ်း(နိဃဏ္ဍုကျမ်း)၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း ဟူသော ကျမ်း လေးကျမ်းကို တတ်ကျွမ်းလျှင် ထိုပုဂ္ဂိုလ်သည် စာပေ မရေးသား စေကာမူ ပညာရှိအဖြစ် မှတ်ယူရမည်ဟူသော အဆိုအမိန့် ဖြစ်သည်။ ထိုကျမ်း လေးကျမ်းသည် စာပေသဘောတရား နည်းနာဆိုင်ရာ အခြေခံကျမ်းများ ဖြစ်သည်ဟု ဆိုနိုင်သည်။ သဒ္ဒါကျမ်းနှင့် အဘိဓာန်ကျမ်းတို့သည် ဘာသာ စကားဆိုင်ရာ ကျမ်းများ ဖြစ်သည်။ ဆန်းကျမ်း (ဂါထာဖွဲ့နည်းကျမ်း)နှင့် အလင်္ကာကျမ်း (အရေးအဖွဲ့ တန်ဆာဆင်နည်းကျမ်း)တို့သည် စာပေဆိုင်ရာ ကျမ်းများ ဖြစ်သည်။ ပညာရှင်တစ်ဦး ဖြစ်လာရန်အတွက် ဘာသာစကား အခြေခံနှင့် စာပေအခြေခံကို ထိုကျမ်း လေးကျမ်းက မျှတစွာ ပေးထားသည်ဟု ဆိုနိုင်သည်။ ဘာသာစကားနှင့် စာပေသည် သီးခြား မဟုတ်။ ဆက်စပ်နေ သည်။ စာပေဖြစ်အောင် ဘာသာစကားဖြင့် ရေးဖွဲ့ရသည်။ 'စာပေဟူသည် ကောင်းစွာ အသုံးပြုထားသော ဘာသာစကား ဖြစ်သည်' ဟူသော ဖွင့်ဆိုချက် တစ်ခု ရှိသည်။ ယနေ့ဆိုလျှင် စာပေ အရေးအဖွဲ့တစ်ခုတွင် အသုံးပြုထားသော

mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာစကားကို စနစ်တကျ လေ့လာပြီး ထိုဘာသာစကား အသုံးပြုမှုက စာပေအာနိသင်ကို မည်သို့ ဖြစ်ပေါ်စေကြောင်း စူးစမ်း ဖော်ထုတ်သည့် လေ့လာမှုမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေကြသည်။ ထိုသဘောတရား နည်းနာများ၏ အခြေခံသဘောကို အလင်္ကာကျမ်းတွင် ချမှတ်ပေးထားကြောင်း တွေ့နိုင်ပါသည်။

မြန်မာစာပေသမိုင်း တစ်လျှောက် စာဆိုအသီးသီးတို့ ခံယူ ကျင့်သုံးခဲ့သော စာပေသဘောတရား နည်းနာအစဉ်အလာကို ဤသို့လျှင် ခြေရာကောက်၍ သဘောပေါက် နားလည်မိပါသည်။

*နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၄ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# သဘာဝပတ်ဝန်းကျင်ကို ဖွဲ့သော အစဉ်အလာ

မြန်မာစာပေသည် ဗုဒ္ဓစာပေကို အခြေပြုကာ ရှင်သန်ဖွံ့ဖြိုးလာရခြင်း ဖြစ်သည့်အတွက် ရှေးမြန်မာစာဆိုတို့သည် ဗုဒ္ဓစာပေလာ အကြောင်းအရာများကိုသာ အာရုံပြု ရေးဖွဲ့ခဲ့ကြပြီး ဒိဋ္ဌလောက ဖြစ်သော မြန်မာ့ဘာဝ မြန်မာ့ပတ်ဝန်းကျင်ကို စာဖွဲ့စရာအဖြစ် အာရုံမပြုခဲ့ကြလေဟန် ရေးသားမှုများ ရှိပါသည်။ စင်စစ်ကား ဤသို့ မဟုတ်ပါ။ မြန်မာစာဆိုတို့သည် မြန်မာစာပေစတင်သည့် ပုဂံခေတ် ကာလကပင် မြန်မာ့ဘာဝ မြန်မာ့ပတ်ဝန်းကျင်ကို စိတ်ဝင်တစား စာဖွဲ့ခဲ့ကြပါသည်။ သဘာဝလောက ပတ်ဝန်းကျင်ကို လည်းကောင်း၊ လူ့စရိုက် လူ့အမူအရာများကို လည်းကောင်း အလေးအနက် အာရုံပြု၍ ရေးဖွဲ့သော စာများက ထိုအချက်ကို သက်သေထူလျက် ရှိပါသည်။ သဘာဝလောက ပတ်ဝန်းကျင်အဖွဲ့များ အကြောင်းကို ဦးစွာ တင်ပြလိုပါသည်။

ပုဂံသားတို့သည် အလှူမှတ်တမ်း တင်ရာ၌ပင် 'အရိမဒ္ဒနပုရေ ရမ္မေ'၊ 'နှလုံး မွေ့လျော်ဖွယ်ရှိသော အရိမဒ္ဒနပုရပြည်'ဟူ၍ ကိုယ့်နိုင်ငံ၏ ဂုဏ်ကို ဖော်ကျူးသည်။ စကားဝါပန်းများ ထိန်ထိန်ဝင်းနေသော ပုပ္ပားတောင်ကြီး ကို

mgyoe.com

mgyoe.com SAMPLE BOOK

'ပုပ္ပားတောင်သည် ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး၊ စကားပင်နှင့် ဖုံး၊ တောင်လုံး ရနံ့ကြိုင်စွလေ' ဟု နှစ်သက်စွာ စာဖွဲ့ခဲ့ကြသည်။ ကျန်စစ်သား မင်းကြီး ဆည်ဖို့ခဲ့သော မြကန်ကို 'မြကန်သာ'ဟု ရည်ညွှန်းပြီး 'ဘုံဝတိံသာ နန္ဒာပေလော၊ တူစွဟုတ္တာ' ဟူ၍ တာဝတိံသာမှ မဟာနန္ဒာကန်ကြီးပေလော ဟု ထင်မှတ်ရလောက်အောင် သာယာပုံကို ဖွဲ့ပြသည်။ ငါးစီးရှင်ကျော်စွာ၏ ကာချင်းတွင် မြင်စိုင်းရွှေပြည်၌ နွေ မိုး ဆောင်း သုံးရာသီစလုံးတွင် သင်းခွေ ပန်း၊ ကင်ပုန်းပန်း၊ ခွာညိုပန်းများဖြင့် လှပတင့်တယ်နေပုံကို သရုပ်ဖော်သည်။

မြန်မာစာဆိုတို့သည် သဘာဝလောကကို စိတ်ဖျော်ဖြေစရာ ရွှင်း မြှော်ခင်းအဖြစ် သဘောထားသည်လည်း ရှိကြောင်း၊ ဘဝအသိအမြင် ရရာ ရကြောင်းအဖြစ် သဘောထားသည်လည်း ရှိကြောင်း၊ သဒ္ဓါ စေတနာ ဖြစ်ရာ ဖြစ်ကြောင်းအဖြစ် သဘောထားသည်လည်း ရှိကြောင်း၊ အိမ်နီးနားချင်း ဆွေမျိုး ဉာတကာအဖြစ် သဘောထားသည်လည်း ရှိကြောင်း ဆရာဇော်ဂျီက မိန့်ဆို ဖူးသည်။

ရှင်မဟာရဋ္ဌသာရသည် တစ်ဖက်တွင် ဗုဒ္ဓစာပေလာ ဇာတ်နိပါတ်များ ကို ဖွဲ့ရင်း တစ်ဖက်တွင် ဒိဋ္ဌလောက သဘာဝပတ်ဝန်းကျင်ကို ရတု တောလား တို့ဖြင့် ပုံဖော်သည်။ ရခိုင်ဘက် အရောက်တွင် ကြောက်မက်ဖွယ်ကောင်းသော ပင်လယ်ပြင်ကြီးကို အာရုံပြုရင်း 'မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ ကုန် အောင်ပတ်ကုံး၊ မျှော်မဆုံးသည်၊ နှလုံးများဖွယ် ရှိလှ၏' ဟူ၍ သဘာဝ ပတ်ဝန်းကျင် မြင်ကွင်းကို လွမ်းသံနှောကာ စာဖွဲ့ခဲ့သည်။ ရွှေစက်တော်သွား တောလားတွင်ကား သဘာဝပတ်ဝန်းကျင် သစ်ပင်ပန်းမန် ကျေးငှက်တိရစ္ဆာန် တို့၏ မြင်ကွင်းကို အသေးစိတ် သရုပ်ဖော်သည်။ ချိုးလင်းပြာ ဖို မ တူစုံတွဲ နေသည့် မြင်ကွင်းကို နိမိတ်ယူလျက် မိမိသည်လည်း ရှင်ဘဝမှ လူဝတ်ကြောင် သို့ ကူးပြောင်းပြီး ချစ်သူနှင့် တူစုံတွဲရမည်ဟု မှတ်ယူမိပုံကို ရေးဖွဲ့သည်။ သဘာဝပတ်ဝန်းကျင်မှ ဘဝအသိအမြင် ရယူသည်။

ခေတ်အဆက်ဆက် ပေါ်ပေါက်သော ရတုများတွင် သဘာဝ ပတ်ဝန်းကျင် မြင်ကွင်းများသည် ကြည်နူးစရာ လွမ်းဆွတ်စရာ နောက်ခံများ အဖြစ် အကျယ်အပြန့် နေရာယူသည်ကို တွေ့ရသည်။ နဝဒေး၊ နတ်ရှင်နောင်၊ ဦးတိုး၊ စိန္တကျော်သူဦးဩ၊ လက်ဝဲသုန္ဒရ စသည့် စာဆိုတို့၏ ရတုများတွင် သဘာဝပတ်ဝန်းကျင်အဖွဲ့ အမျိုးမျိုးကို တွေ့နိုင်သည်။ ထို့အတူ အစဉ်အဆက်

mgyoe.com